www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

ရပ်ကွက်ထဲက အတွေ့အထိ....
ရုပ်ရှင်ဗီဒီယိုတွေထဲက အတွေ့အကြုံ....
ရင်ထဲက ခံစားမှုအာရုံ....
အားလုံး အားလုံးကို စုစည်းဖော်ထုတ်ရေးမိတာက..

ဟာသသရုပ်ဆောင်

[illegible]

ရေးသည်

# တစ်ခါသုံး အိပ်မက်

တော်ဝင်မြို့မစာအုပ်တိုက်
အမှတ်(ဂဂ)၊ ဒုထပ်(ယာ)၊ ၃ဂ-လမ်း၊
ဖုန်း -၂၄၅၂၀၄၊ ၃၇၉၄၇၇

www.burmeseclassic.com

www.burmeseclassic.com

# ပုံနှိပ်မှတ်တမ်း


စာမူခွင့်ပြုချက်အမှတ် - ၅၀၁၄၂၂၀၉၀၈

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၁၃၅၃၁၀၀၈

| | | |
|---|---|---|
| မျက်နှာဖုံးသရုပ်ဆောင် | - | ခရစ္စတီးနား |
| ထုတ်ပုံပညာရှင် | - | မိုးမိုင်မိုး |
| မျက်နှာဖုံး ဒီဇိုင်း | - | သက်နေထွန်း |
| ထုတ်ဝေသူ | - | ဦးလှိုင်ဝင်းမိုး (မြဲ - ၀၃၉၀၀) |
| | | ဂဂ၊ ၃ထပ်(ယာ)၊ ၃၈လမ်း၊ ကျောက်တံတား။ |
| မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်သူ | - | ဦးလှိုင်ဝင်းမိုး (တော်ဝင်မြူးပုံနှိပ်တိုက်) |
| | | ၃၀/၁၊ သာယာကုန်းလမ်း၊ ပုဇွန်တောင်။ |
| အတွင်းဖလင် | - | ကိုဦးနှင့် ညီများ |
| စာအုပ်ချုပ် | - | ဝင်းမ |
| ပုံနှိပ်ခြင်း | - | ပထမအကြိမ် |
| | | ၂၀၀၈ခုနှစ်၊ ဒီဇင်ဘာလ။ |
| အုပ်ရေ | - | ၅၀၀ |
| တန်ဖိုး | - | ၁၂၀၀ ကျပ် |


BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

အနုညီငယ်ပေါ့လေး ......

အရာရာ သိတတ်နားလည်ပြီး စေတနာ
မေတ္တာတရားကို ရှေ့တန်းတင်ပေးပြီး သူမ၏ ဇာတ်ပို့လေး
တို့ အသုံးပြုခွင့်ပေးခဲ့သော အရှုပ်တော်နှင့်အတူ ......

အနုပညာရသတစ်ခု တစ်မိတ်တစ်ပိုင်ကို
ပုံဖော်ကျူးပေးသော ဇာတ်ပို့သရော ညီလေး "မိုးမိုင်ဦး" တို့
အား များစွာ ....များစွာ ကျေးဇူးတင်ရှိပါသည်။

ကျေးဇူးတင်စွာဖြင့်
ကျော်ရှူး
အတွေ့တွေ့ သချင်းဘောင်

www.burmeseclassic.com

www.burmeseclassic.com



## အခန်းစဉ် (၁)

# လိုတရ မင်းသားလေး

ကျွန်တော် ထူးဇော်ဆိုတဲ့ကောင်က မွေးလာကတည်းက အခုအသက်တစ်ဆယ့်ရှစ်နှစ်ပြည့်သွားသည်အထိ ဘာဆိုဘာမှ ဘဝမှာ မပြည့်စုံတာမရှိခဲ့ဘူး။ တကယ်ပြောတာ . . အဟဲ . . ကြွားတယ်လို့များ ထင်နေလားမသိ။

ရှင်းရှင်းပြောရရင် ရိုင်းတယ်ထင် ခွင့်လွှတ်ပါဗျာ . . ထမင်းဆိုတာ ဘယ်ကစဖြစ်တယ်ဆိုတာတောင် မသိပါဘူး . . ရှင်းကရောပဲ . . မွေးလာကတည်းက ဟမ်ဘာဂါနဲ့ ပီဇာ ဘယ်ညာတိုင်ပြီး တစ်ထောင်တန် ခြင်္သေ့ရုပ်တွေနဲ့ အနှီးထွေးပြီးများ မွေးလာသလား မသိပါဘူး . . တစ်ရာတန်ဆိုတာ အခုချိန်အထိ မတွေ့ဖူး . . မမြင်ဖူးသေးပါဘူး . . . တကယ် . . . ။

'မြနဲ့မောင်နဲ့ ခုမှတွေ့တာ . . လူပါးမဝခင်တုန်းက' ဆိုတဲ့ လက်ကိုင်ဖုန်းလေးထဲက အသံလေးထွက်လာတယ်။ အဲဒီ တီးလုံးစာသားကို ကျွန်တော် မသိပါဘူး။ ကျွန်တော်သိတာက ကိုရီးယားမင်းသားအဆိုတော် Rainရဲ့ First Live Concert



www.burmeseclassic.com

www.burmeseclassic.com



အဲ . . တစ်ခုတော့ရှိတယ် . . 'ဟော့ကောင် ထူးဇော် . . မင်းခုနက သီချင်းရဲ့စာသားအတိမ်အနက်ကို ဘာမှမသိဘဲ ဘာဖြစ်လို့ မင်းဖုန်းထဲမှာ ထည့်ထားတာလဲ' လို့ မေးနိုင်ပါတယ်။ ဟုတ်ကဲ့ပါ . . ကျွန်တော် ဘာဆိုဘာမှ မသိပါဘူး . . ကျွန်တော် သိထားတာက ကျွန်တော်ရဲ့အမေကိုယ်စား၊ အဖေကိုယ်စား ကျွန်တော့်ကို ဒီအရွယ်၊ ဒီဘဝ၊ နိုင်ငံခြားဆိုတဲ့ တိုင်းပြည်တစ်ခုကို ပို့ဆောင်ပေးပြီး စောင့်ရှောက်လာတဲ့ ကျွန်တော့်ရဲ့တစ်ဦးတည်းသောအစ်မ သက်ပိုင်ဇော်က ကျွန်တော့်ရဲ့လက်ကိုင်ဖုန်းထဲကို သူ့သဘောကျ၊ သူ့စိတ်တိုင်းကျ ထည့်သွင်းပေးထားတာပါ . . ။

မောဗျာ . . လက်ကိုင်ဖုန်းထဲကအသံကိုစွ ရှင်းပြနေရတာနဲ့ ဖုန်းတောင် မကိုင်မိဘူး။ တစ်ဖက်က ပြန်ကျသွားတယ်နဲ့ တူပါတယ်။ ရုံးကိုစွသွားဖို့ အပေါ်အင်္ကျီထပ်ဝတ်ဖို့ လှမ်းအယူ . .

'မြနဲ့မောင်နဲ့ ခုမှတွေ့တာ . . လူပါးမဝခင်တုန်းက . .' ဖုန်းသံထပ်မြည်လာပြန်ပြီ။

"ဟဲလို . . ပြောပါ . . ကျွန်တော် ထူးဇော်ပါ . . ."

"ထူးဇော် ဘာဖြစ်နေတာလဲ . . ဖုန်းနံပါတ်တောင် မကြည့်နိုင်တော့ဘူးလား . . ငါမောင်ရယ် . . ."

ဟိုက် . . ဟုတ်သားပဲ . . ကိုယ့်ရဲ့တစ်ဦးတည်းသော မြန်မာပြည်က အစ်မ သက်ပိုင်ဇော်ရဲ့အသံ . . . ။

"ဟုတ်ကဲ့ Yes, Boss မမသက် . . ဆောရီးနော် . . ရုံးသွားခါနီး အလုပ်တွေရှုပ်နေလို့ . . "

"ဟုတ်ပါပြီ . . ဟုတ်ပါပြီ . . ခွင့်လွှတ်ပေးရမှာပေါ့ . . မမသက်မှ မမြင်ရတာ . . နိုက်ကလပ်တွေ ဘာတွေ တက်နေသလား . . ထူးဇော် . . မမသက် မကြိုက်ဘူးနော် . . ခုခေတ်က



www.burmeseclassic.com

www.burmeseclassic.com



ဘာခေတ်လဲ . . "

လုပ်ပြန်ပြီ . . လာနေကျ စကားလုံးတွေနဲ့ ထောင့်ကန် ဘောကန်ဦးမယ် . . . ။

"ဟိုလေ IT ခေတ်၊ ကွန်ပျူတာခေတ်၊ အင်တာနက် ခေတ် . . ပြီးတော့ . . . "

"ထူးဇော် မမသက်ကို အရွဲ့မတိုက်နဲ့ . . ထူးဇော်ပြောတာ တွေ မမသက် စိတ်မဝင်စားဘူး . . မမသက်ပြောတာက ရောဂါ၊ ရောဂါအကူးလွယ်တဲ့ခေတ်လို့ပြောတာ . . ကြားလား . . မင်း သူငယ်ချင်း သျှိသူအောင်တို့ မျိုးကိုမျိုးတို့တောင် ဘာလိုလို ကြား နေရတယ် . . အရာရာ ဆင်ခြင်ဖို့ပြောနေတာ ထူးဇော်ရေ . . သိပြီလား . . "

အပြင်ကိုတစ်စွန်းတစ်စထွက်နေတဲ့ ရှပ်အင်္ကျီကို ဘောင်း ဘီထဲ လက်တစ်ဖက်က ပြန်သွင်းရင်း . . .

"စိတ်ချပါ မမသက်ရယ် . . မမသက်က ကျွန်တော်ရဲ့ မေမေ . . ပြီးတော့ ဖေဖေဆိုလည်း မမှားပါဘူး . . မမသက်ရဲ့ စကားကို မြေဝယ်မကျနားထောင်နေလို့ . . အခု ဒီအသက်အ ရွယ်ရောက်တာတောင် အော်ရီဂျင်နယ်အတိုင်း ဖြစ်နေတာပေါ့ . . မှတ်ဘူးလား . . ကဲပြော . . ခု မမသက် ဘာလိုအပ်ပြန်ပြီလဲ ယောကျ်ားတော့ မရှာပေးနိုင်ဘူးနော် . . ဒီမှာက မြန်မာရှား တယ်"

"ခွေးကောင်လေး . . အစ်မကို ဒီလိုပဲပြောရလား . . ဘာမှမလိုအပ်ပါဘူး . . မင်းလှမ်းလှမ်းပို့ပေးနေတာနဲ့တင် အရာ ရာပြည့်စုံနေပါပြီတော် . . . ခုဟာက သတိရလို့ပေါ့ . . သတိရ လို့ . . သိပြီလား . . . "



www.burmeseclassic.com

www.burmeseclassic.com



"မမသက် . . ထူးဇော် . . ငိုလိုက်မှာနော် . . နောက်ကို သတိရတယ် . . . ဆိုတဲ့စကားကြီးမသုံးပါနဲ့ . . နဂိုကမှ ပြန်လာချင်နေရတဲ့ကြားထဲ . . ."

ဟီဟိ . . ငိုသံပါလေးနဲ့ လှမ်းချွဲလိုက်တော့ မမသက်ရဲ့ အသံကကျိုးချိန်းသွားရော . . တကယ် . . မယုံ နားထောင်ကြည့်။

"နောက် . . နောက် . . ကို သတိရလို့ပါ . . ဆိုတဲ့ စကား . . မသုံးတော့ပါဘူး . . ထူးဇော်ရယ် . . နော် . . " တဲ့။

"အဲဒါဆို ပြန်ပြောကြည့် . . မမသက် . ."

"မေ့ . . မေ့ . . နေမှာစိုးလို့ပါ . . ထူးဇော်ရယ် . . မမ သက် ဖုန်းချလိုက်တော့မယ်နော် . . ."

"OK မမသက် . . ."

အဲဒါပဲ . . ကျွန်တော့်ရဲ့ မမသက်က ထူးဇော်ဆိုတဲ့ ကျွန် တော့်ကို သိပ်ချစ်တော့ . . ထူးဇော်ဆိုတဲ့ ကျွန်တော်ကလည်း စီးပွားရေးတစ်ခုကလွဲရင် ဘာဆိုဘာမှ စိတ်မဝင်စားဘူး . . . တကယ်ပြောတာ . . 'ဟောဗျာ . . ရုံးနောက်ကျတော့မယ် . . ဘိုင့်ဘိုင် မမသက် . . ' ဖုန်းကလေးကိုနမ်းပြီး ကားဂိုထောင်ဆီ ကို ကျွန်တော့်ရဲ့ခြေလှမ်းတွေက သယ်ဆောင်သွားပါတော့တယ်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်းစဉ် (၂)

### တောင်ပံပြုတ်နေသော လိပ်ပြာတစ်ကောင်

ရန်ကုန်မြို့ ရဲ့ နာမည်ကြီး ဟိုတယ်တစ်ခု။ ခရေဝင်းက အခန်းတွေရဲ့နံပါတ်တွေကို တစ်ခုချင်းလိုက်ကြည့်လိုက်သည်။ ၃၀၂ ဟုတ်ပြီ။ နံနက်ပိုင်းကထွက်သွားပြီဖြစ်သော ဧည့်သည်လင်မယားအခန်း၊ ကောင်တာကပေးလိုက်သော သော့ဖြင့်အခန်းတံခါးကိုဖွင့်ကာ ခေါင်းအုံးစွပ်၊ အိပ်ရာခင်း၊ စောင် စသည်တို့ကို တစ်နေရာ၌ စုပုံထားပြီး ရေချိုးခန်းဘက်သို့ ခြေဦးလှည့်လိုက်သည်။

အမလေးတော်ပါသေးရဲ့ . . တည်းခိုသွားတဲ့ ဧည့်သည်တွေက နိုင်ငံခြားသား ပီသပါပေတယ်။ ညစ်တီးညစ်ပတ်တွေ တစ်ခုမှမလုပ်သွားဘူး . . နို့မို့ဆို . . ဆေးလိုက် . . တိုက်လိုက်ရမယ့်ဖြစ်ခြင်း။

ရေချိုးခန်း၊ သန့်စင်ခန်းတွေ၊ ရှင်းစရာရှိတာရှင်း။ ဆေးစရာရှိတာဆေးကြောပြီး လက်က အရောင်လွင့်စပြုနေပြီဖြစ်သော နာရီလေးကို ကြည့်လိုက်တော့ (၃)နာရီကျော်စပြုနေပြီ။



www.burmeseclassic.com

www.burmeseclassic.com



လိုင်းကားစီးရမှာနဲ့၊ မှတ်တိုင်မှာစောင့်ရမှာနဲ့၊ ကားဂိတ်ကနေ အိမ်ကို လမ်းလျှောက်ရမယ့်အချိန်နဲ့ . . ကိုယ့်ဘာသာကိုယ် တွက်ချက်ပြီး ကမန်းကတန်းခေါင်းအုံးစွပ်၊ အိပ်ရာခင်းတွေ တစ်ပွေ့တစ်ပိုက်နဲ့ ထွက်မယ်အလုပ် မျက်နှာချင်းဆိုင်အခန်းက တံခါးတစ်ချပ်ပွင့်လာပြီး . . .

"ဩော် . . ဒီက ညီမ ခဏကွာ . . ."

"ရှင် . . ."

"ဟုတ်တယ်လေ . . မင်းကိုခေါ်တာ . . မိန်းကလေး ဆိုလို့ . . မင်းတစ်ယောက်တည်းပဲရှိတာ . . မင်းကို မခေါ်လို့ တို့ကဘယ်သူ့ကိုခေါ်ရမှာလဲ . ."

"ဟုတ် . . ဟုတ် . . ကဲ့ရှင့် . . ပြောပါ . ."

"ဩော် . . ဒီလိုပါ . . တို့အခန်းလေး နည်းနည်းသန့်ရှင်းရေးလုပ်ချင်လို့ . . ."

ပါးစပ်ကလည်း ပြော . . လက်ကိုလည်း လှမ်းဆွဲတော့ . . ခရေဝင်း တစ်ကိုယ်လုံး ထူပူပြီးသွားတယ် . . ဘာလုပ်လို့ ဘာကိုင်ရမှန်း မသိဘူး . . .။

"ကျ . . ကျ . . မ . . ကောင်တာ . . မှာ ပြောပေးပါ့မယ် . . ကျမ . . ဂျူ . . ဂျူတီ . . ပြီးသွားပြီရှင့် . . ."

ပြောလည်းပြော . . လက်ကိုလည်း အတင်းရုန်းလိုက်တော့ . . အဲဒီလူကြီးက ဘယ်လိုမျက်နှာကြီးမှန်း မသိပါဘူး . . ရှင် . . တစ်မျိုးကြီးပဲ . . ကျွန်မကို သေသေချာချာကြီး စိုက်ကြည့်နေပြီး . . .

"မင်း ဂျူတီးပြီးလည်း . . တစ်လက်စတည်းကွာ . . လုပ်ပါ . . မုန့်ဖိုးပေးပါ့မယ် . . ဘယ်လောက်ပေးရ . . ပေးရနော်



www.burmeseclassic.com

www.burmeseclassic.com



. . ကဲပါ . . ဘယ်လောက်ပေးရမလဲသာ ပြော . . .”

သူ့ရဲ့ခါးနောက်ကျောဘက်က ပိုက်ဆံတွေ အထပ်လိုက်ပါတဲ့ ပိုက်ဆံအိတ်ကို ဆွဲထုတ်ပြီး မေးဆတ်ပြတယ်။ သဘောက ဘယ်လိုလဲ . . လုပ်ပေးမှာလားဆိုတဲ့ ပုံစံပေါ့လေ။

“ဟင့်အင်း . . ဟင့်အင်း . . ဘယ်လောက်ပေးပေး . . ကျွန်မ မလုပ်ပေးနိုင်ဘူး . . .”

အရေးထဲ ခြေသလုံးရော . . ပေါင်တွေပါ တုန်နေပြီး လမ်းတောင်မလျှောက်နိုင်ဘူး ဖြစ်နေတယ် . . စိတ်ကိုတင်းပြီး ရင်းတင်းရင်းနဲ့ နောက်ကို ခြေတစ်လှမ်းဆုတ် ချာခနဲလှည့်ထွက်ပြီး မပြေးရုံတစ်မယ် . . လျှောက်ထွက်လိုက်တယ် . . ဒါတောင် နောက်ဘက်ဆီက စကားသံအချို့ ပျံ့လွင့်လာသေးတယ်။

“ချစ်စရာလေးကွ . . ဆံပင်ကြီးကလည်း အရှည်ကြီး . . ဘော်ဒီလေးကလည်း အနေတော်လေး . . ”

“မင်းကမှ မစည်းရုံးတတ်တာကိုးကွ . . ဒါနဲ့များ . . . ငါတို့အုပ်စုထဲမှာ ပြောနေသေးတယ် . . အိမ်မပိုင်ရင် ဂေါ်လီမလုပ်ဘူးတဲ့ . . ဟင်း ဟင်း . . မင်းဟာက ဂေါ်လီမဟုတ်ဘူးကွ . . ဂေါ်ပြား . . ဂေါ်ပြား . . ဟား ဟား . . .”

သူတို့ရဲ့ရယ်သံတွေဟာ . . . ကျွန်မရဲ့ကျောထဲစိမ့်ဝင်သွားတယ်။

“ဘုရား . . ဘုရား . . .”



www.burmeseclassic.com

www.burmeseclassic.com



# အခန်းစဉ် (၃)

## မနည်းခံနိုင်

"အမလေး . . သူဌေးမကြီး . . အပျိုကြီးမမရယ် . . ကျွန်မတို့ ညည်းဖို့လည်း ထားပါဦး . . . မောင်ဖြစ်သူက နိုင်ငံခြားသွားပြီး ဒေါ်လာတွေပို့၊ ပစ္စည်းတွေပို့နဲ့ . . ပေးစရာ ကျွေးစရာ ညီအစ်ကိုမောင်နှမဆွေမျိုးသားချင်းကလည်း မရှိ၊ သားသမီးတွေကလည်း မရှိ၊ ဒါနဲ့တောင် ညည်းညည်းနိုင်လွန်းတယ် . . ချိုမမရေ . . . . "

သက်ပိုင်ဇော်က ပြုံးပြုံးလေး လုပ်နေလိုက်သည်။ ရှေ့တည့်တည့်မှာရှိသော ကော်ဖီပန်းကန်လေးတွေကို ယပ်ခတ်လိုက်ပြီး သူဇာနွယ်ဘက် တွန်းပို့လိုက်ရင်း . . .

"မိန်းမတွေနော် . . စွတ်,စွတ်မပြောနဲ့ . . ငါ့မောင် ရှာဖွေသမျှတွေကို ပရမ်းပတာသုံးလို့မရဘူးဟဲ့ . . သူ့နေရာနဲ့သူ သုံးရတာ . . ကပ်စေးနှဲချင်းတာလည်း မဟုတ်ပါဘူးဟယ် . . လျှော်ငှာတာလျှ . . သုံးသင့်တာသုံးတာပါနော် . . . "



www.burmeseclassic.com

www.burmeseclassic.com



သူဇာနွယ် ကော်ဖီတစ်ငုံသောက်ပြီး ကမန်းကတန်း ပန်းတန် ပြန်ချကာ . . .

"ကော်ဖီသောက်ရတာတောင့် မဖြောင့်တော့ဘူး . . ကဲ ပြော . . . သူငယ်ချင်း OG နဲ့သွားပြမှာလား . . နင်ပြမယ်ဆိုရင် ဖုန်းကြိုဆက်ရမှာ . . ."

သက်ပိုင်ဇော်က ကပျာကယာ လက်ကာပြရင်း . .

"မဆက်နဲ့ . . မဆက်နဲ့ . . ငါက ဘာမှသိပ်ဖြစ်သေးတာ မဟုတ်ဘူး . . နောက်တစ်ပတ်လောက်မှ ပြမယ် . . ."

"သက်ပိုင်ဇော်ရယ် . . ကျန်းမာရေးကို ဂရုစိုက်စမ်းပါ . . ငွေဆိုတာ . . . အချိန်မရွေးရှာလို့ရပါတယ် . . အသက်ကို ညှာစောင့်တယ်နော် . . ."

ခေါင်းငုံ့နေသော သက်ပိုင်ဇော်က ဆတ်ခနဲ မော့ကြည့်လိုက်ရင်း . . .

"ငါ . . ပိုက်ဆံနှမြောလို့ပြောတာ မဟုတ်ပါဘူးဟယ် . . ခုတာက သိပ်ဆိုးဆိုးဝါးဝါးကြီးမှမဟုတ်သေးတာ . . မလိုအပ်ဘဲ ငွေရော၊ အချိန်ရော အကုန်မခံနိုင်လို့ပါ . . ."

အေးအေးခိုင်ကို တစ်ချက်လှမ်းကြည့်လိုက်ပြီး . . .

"တော်ကြာ ငါ . . ဆေးခန်းသွားပြနေတုန်း . . ငါ့မောင်လေးဆီက ဖုန်းဝင်လာရင် ဘယ့်နှယ်လုပ်မလဲ . . ."

ကလေးနှစ်ယောက်အမေ အေးအေးခိုင်က မဲ့ကာရွဲ့ကာ ဖြင့် . . .

"အဲဒါကြောင့်ပြောတာပေါ့ . . ငါတို့လို လက်ကိုင်ဖုန်းလေး တစ်လုံးလောက် ဝယ်ထားပါဆိုတော့ . . မဝယ်ချင်ဘူးနော် . . အိမ်ဖုန်းပဲအားကိုးနေတယ် . . . ဖုန်းဘေးက တစ်ဖဝါးမှမခွာ



www.burmeseclassic.com

www.burmeseclassic.com



ဘူး . . တော်ကြာသေသွားရင် ဖုန်းသရဲလည်း ဖြစ်နေပါဦးမယ် သက်ပိုင်ဇော်ရယ် . . . "

သက်ပိုင်ဇော်က ဟက်ဟက်ပက်ပက်ရယ်လိုက်ပြီး . . .

"အေးအေးခိုင် . . ငါက ညည်းတို့လင်မယားလို ဝင်ငွေကောင်းတာမဟုတ်ဘူး . . ညည်းယောကျ်ားက ရုပ်ရှင်ဗီဒီယို ရိုက်ကွင်းမှာ ရှူတင်ကားမောင်းတယ်။ ညည်းက မင်းသမီးတွေဆီမှာ ပစ္စည်းတွေ၊ အထည်တွေ၊ စိန်တွေ၊ ရွှေတွေ ရောင်းတယ် . . "

"ဒီတော့ ဒေါ်အေးအေးခိုင် . . ကျွန်မမှာတော့ . . ကျွန်မ မောင်လေးတစ်လုပ်စာပဲရှိတာ . . သူ့ဘဝနောင်ရေးရှိသေးတယ်လေ . . သူကျန်းမာနေမှ စီးပွားရေးအဆင်ပြေမှာပေါ့ . . "

အေးအေးခိုင် မျက်လုံးကြီးပြူးပြီး ကိုက်လက်စ ပေါင်မုန့်ထောပတ်သုတ်ကို မမျိုနိုင်ဘဲ နင်နေပြီး ကမန်းကတန်း ကော်ဖီခွက်ကို လှမ်းယူပြီး မျှောချပစ်လိုက်တယ်။ ပြီးမှ ရင်ဘတ်ကို လက်သီးနဲ့ထုပြီး . . . .

"အင့် . . အင့် . . ဝင်ဟဲ့ . . ပေါင်မုန့်ထောပတ်သုတ်ရဲ့ . . . ဘာဖြစ်တယ် . . ပြန်ပြောစမ်း . . ကိုရွှေပေါင်မုန့်ထောပတ် . . . "

ပေါင်မုန့်ထောပတ်သုတ်ထည့်ထားသော ပန်းကန်နားကို နားရွက်တစ်ဖက်က ကပ်ပြီး . . .

"ဩော် . . ဒေါ်သက်ပိုင်ဇော်က ဆင်းရဲတယ် . . ဟုတ်လား . . ဘဏ်မှာ ငွေလေး သိန်းထောင်ဂဏန်းကျော်ကျော်လေး အပ်နိုင်တာ . . ဩော် . . ဟုတ်ပါရဲ့ သနားပါတယ် . . ကွန်ပျူတာသင်တန်းကျောင်း . . ဘာ . . ဘာ . . ဗိုလ်ချုပ်ဈေး၊ မင်္ဂလာဈေး၊ ယုဇနပလာဇာက အထည်ဆိုင်လေးတွေက ဝင်ငွေလေးနဲ့



www.burmeseclassic.com

www.burmeseclassic.com



စားသောက်နေရတာ . . . ဘာပြောတယ် . . ပြန်ပြောစမ်းပါဦး . . Taxi ခြောက်စီးထောင်ထားတယ် . . ကိုယ်ပိုင်ကား . . က . . အမလေး . . ”

သက်ပိုင်ဇော်က ဆက်တီပေါ် မှီထိုင်နေသော ခေါင်းအုံးအသေးလေးနဲ့ လှမ်းပစ်ရင်း . . .

“ဒေါ် အေးအေးခိုင် . . စားစရာရှိတာစား၊ သူများ အတင်းမပြောရဘူးလေ . . ကျောင်းတုန်းက အကျင့်တွေ ဖျောက်စမ်းပါ . . . အသက်တွေလည်း ရလာပြီ . . . ”

အေးအေးခိုင်က ရုပ်ရှင်ဗီဒီယိုတွေထဲက ပုံစံမျိုးနဲ့ မတ်တတ်ရပ်လိုက်ပြီး . . .

“ဟုတ်တယ် . . အသက်တွေလည်း ရလာပြီ . . ကလေးတွေလည်း ရနေပြီ . . ယောကျ်ားလည်း ရနေပြီ . . အေးအေးခိုင်တို့ မိသားစုဘဝလေးက ဘုရားသွားလည်း အတူတူ၊ ကျောင်းသွားလည်း အတူတူ၊ ခုများတော့ တစ်မူခြားလို့ . . ဟော့ချစ်ချစ် . . ချစ်ချစ်က ပစ်ခွာသွားတော့ . . မောင်ဘယ်သူနဲ့နေရမှာလဲလို့”

‘မောင်’ ဆိုတဲ့ စကားလုံးကြောင့် အပျိုကြီးသက်ပိုင်ဇော် မာတ်လိုက်သလို တွန့်ခနဲ ဖြစ်သွားပြီး . . .

“ဟာကွာ . . အေးအေးခိုင် . . မင်းတို့ပြန်မှာဖြင့်လည်း ပြန်ကြတော့ကွာ . . ဒီမှာ သွေးတွေတိုးတော့မယ် . . . ”

လက်အုပ်ချီ၍ပြောနေသော သက်ပိုင်ဇော်ကို သူဇာနွယ်နဲ့ အေးအေးခိုင်က . . . .

“ပြန်မှာပါ . . နင် . . မနှင်လည်း ပြန်ရမှာ . . ဘာဖြစ်လို့လဲဆိုတော့ . . ကလေးတွေ ကျောင်းကြိုရဦးမယ် . . . ပြီးတော့ ကိုကိုက သူနဲ့ရေအတူတူချိုးမှ ကျေနပ်တာ . . တို့ကလည်းရေချိုးခန်း

www.burmeseclassic.com

www.burmeseclassic.com



ထဲမှာ ကိုကိုနဲ့ အတူ . . ချေးတွန်းပေးရဦးမှာ . . .”

“ကောင်မစုတ်တွေ . . ညစ်တီးညစ်ပတ်နဲ့ . . သွား . . သွားကွာ . .”

သူဇာနွယ်နဲ့အေးအေးခိုင် ထပြေးပြီး ကားပေါ်ရောက်တော့ . . .

“အပျိုကြီးမမရေ . . သွားမယ်နော် . . ရုပ်ရှင်တွေထဲကလို . . ညည့်ခန်းထဲမှာ စိတ်ကူးတွေယဉ်မနေနဲ့ဦး . . တော်ကြာ . . လမ်းမပေါ်ကနွားနို့ပို့တဲ့ ကုလားကြီးက သူ့ပါဝင်ရောပြီး စိတ်ကူးယဉ်နေဦးမယ် . . အဟိ . . ခစ် ခစ် . . .”

ပြောပြောဆိုဆို . . ကားစက်နှိုးလိုက်ရာ . . .

“ဂလပ် . . ဂလပ် . . ဗွီး . . ရှဲ . . .”

“ကဲ . . တွေ့လား . . ညည်းတို့ ညစ်တီးညစ်ပတ်တွေပြောလို့ . . ကားစောင့်နတ်က မကြိုက်ဘူးဆိုတာ လက်တွေ့ပြတာပဲ . . .”

သက်ပိုင်ဖော်က ခါးထောက်ရင်း ဟန်ပါပါပြောလိုက်သည်။ သူဇာနွယ်က . . . အားကျမခံ . .

“ကားစောင့်နတ်ကြီးရှင့် . . ကျွန်မဟာ မကြာခင်ရက်ပိုင်းမှာ ကားပိုင်၊ လင်ပိုင်၊ တိုက်ပိုင်နဲ့နေရမှာဖြစ်သလို၊ ဟောဒီ့က ဒေါ်အေးအေးခိုင်သည်လည်း ကလေးနှစ်ယောက်အပိုင်၊ လင်တစ်ယောက်အပိုင်နဲ့နေကြပါတယ် . . သူများလို အပျိုကြီးဘဝနဲ့ အိမ်တွင်းပုန်းမလုပ်ဘဲ ရသမျှငွေကို မစုပါ။ ဤသစ္စာစကားမှန်ကန်ပါက စီးလာသောကား ချက်ချင်းနှိုး၍ရပါစေသား . . ကဲ . . . အေးအေးခိုင် . . နှိုးကြည့် . . .”

“ဝူး . . ဝူး . .”



www.burmeseclassic.com

www.burmeseclassic.com



"ကဲ . . သစ္စာစကားတည်တယ်ဟော့ . . သွားပြီ အပျိုကြီး မမရေ . . . "

သက်ပိုင်ဇော် ပါးစပ်အဟောင်းသားဖြင့် . . ငေးကြည့်ရုံမှလွဲ၍။

အမှန်မှာ ကားစက်နှိုး၍ရသော်လည်း အပျိုကြီးသက်ပိုင်ဇော်ကို စချင်၍တမင်ထွင်လိုက်သည်ကို အပျိုကြီးသက်ပိုင်ဇော်တစ်ယောက် မသိလိုက်ပါ။

www.burmeseclassic.com

www.burmeseclassic.com



## အခန်းစဉ် (၄)

## တောင်ပံမဲ့ လိပ်ပြာကလေး

“ဒီက အစ်ကို . . ဘာများ သုံးဆောင်မလဲရှင် . .”

ထိုင်နေသော အမျိုးသားက မတုန်မလှုပ် . . ဓာတ်ဘူးထဲတို ရေနွေးထပ်ဖြည့်ရင်း မသိမသာလှည့်ကြည့်လိုက်တော့ . . စားပွဲအောက်ထဲက ဘာတွေကုန်းနှိုက်နေမှန်း မသိ။

“ဒီမယ်ရှင် . . အစ်ကိုကြီး . . ဘာစားမှာလဲလို့ . . .”

“ဩော် . . အင်း . . ပဲကြမ်းသုတ်တစ်ပွဲ . .”

ဒါများ စောစောထဲကပြောလည်းရရဲ့သားနဲ့ . . ကြက်သွန်နီတစ်လုံးကို အခွံခွာ . . ရေဆေး၊ လှီးနေတုန်း စိတ်ထဲမှာတစ်မျိုးကြီးဖြစ်သွားတယ် . . ကျောချမ်းတယ်ဆိုတာ ဒါမျိုးလားမသိပါဘူး . . ကမန်းကတန်း လှည့်ကြည့်လိုက်တော့ . . .

“ဘုရား . . ဘုရား . . .”

အဆီတွေပြန်နေတဲ့ မျက်နှာကြီးနဲ့ . . ခရေဝင်းရဲ့နောက်ကျောကိုစိုက်ကြည့်နေတဲ့ အဲဒီလူရဲ့ မျက်လုံးကြီးတန်းတိုးဟော့တာပဲ . . ဘယ်လိုမျက်လုံးကြီးမှန်းလဲ မသိဘူး . . ကြောက်



www.burmeseclassic.com

www.burmeseclassic.com



လိုက်တာ . . ကမန်းကတန်း မျက်လွှာချပြီး ကြက်သွန်လှီးတဲ့ဓား ကို ဆွဲယူလိုက်ပြီး . . .

"ကြက် . . ကြက်သွန်နီ ထည့်မှာလား . . ."

"ဗျာ . . ဩော် . . အင်း . . ဟုတ်တယ်လေ . . ကြက်သွန်နီနဲ့သုတ်ရတာ မဟုတ်ဘူးလား , . . ."

ဟုတ်သားပဲ . . ကြက်သွန်နီနဲ့သုတ်ရမှာ . . ဘာတွေ မေးမိမှန်း မသိဘူး . . အယောင်ယောင် အမှားမှားတွေ ဖြစ်ကုန်ပြီ . . . ။

"ဆံပင်ကြီးက ရှယ်ပဲနော် . . ."

"ဒါကြောင့်မို့ မင်းကို ဒီဆိုင်ခေါ်တာပေါ့ကွ . . ."

စကားသံအချို့ကြားလိုက်ရလို့ . . ထိုင်နေရာကထပြီး ကြည့်လိုက်တော့ . . ဆိုင်ဖွင့်ကာစအချိန်ကနေ နေ့စဉ်နီးပါး လာလာနေတဲ့ ပိတုန်းသုံးကောင် . . . ။

"အစ်မရေ . . လက်ဖက်သုတ် . . . လူကြီးသုတ်နော်"

မှာစရာရှိတာမှာပြီး ပလတ်စတစ်ခုံပုလေး လှမ်းယူထိုင်ချလိုက်တယ်ဆိုရင်ပဲ . . .

"ချလွှင် . . ဝုန်း . . . အမလေးဗျာ . . ."

"ဟောတော့ . . ."

ပုံပျက်ပန်းပျက် ဖင်ထိုင်လျက်လဲနေသော ချာတိတ်တစ်ယောက်ကို ကျန်တဲ့နှစ်ယောက်က . . .

"ဟား ဟား မှာတာက လက်ဖက်သုတ်၊ မျက်လုံးကတခြား၊ လူကတခြားဆိုတော့ ခံပေါ့ . . ."

ခရေဝင်း မလုံမလဲဖြစ်သွားပြီး ကမန်းကတန်း အယောင်ယောင်အမှားမှား . . .



www.burmeseclassic.com

www.burmeseclassic.com



“ဟာ . . အစ်မ . . ကျွန်တော်တို့မှာတာ လက်ဖက်သုတ်လေ . . . ဘယ့်နှယ် ပဲကြမ်းသုတ်ကြီး လာချပေးတာလဲ . . ”

“ပေး ပေး . . ပဲကြမ်းသုတ်က ကျွန်တော်မှာတာ . . ”

ပဲကြမ်းသုတ်ပန်းကန်ကို ပြန်ယူပြီး သူ့နားကို လှမ်းချပေးလိုက်တော့ . . ထိုပုဂ္ဂိုလ်ဆီက အနံ့အသက်တစ်ခုရလိုက်တယ်။ ဟင်း . . ဘာအနံ့လဲ သိတာပေါ့ . . အဖေ့တုန်းကလည်း အဲဒီ အနံ့အသက်နဲ့ ကွယ်လွန်ခဲ့ရတာ . . စောစောစီးစီး . . ညနေတောင် မစောင်းသေးဘူး . . .။

“ညီမရေး . . ကြက် . . ကြက်သွန်ဖြူနဲ့ ငရုတ်သီးစိမ်းလေး . . ”

စကားတောင် မပီတော့ဘူး . . ညီမရေးတဲ့ . . ကြက်သွန်ဖြူနဲ့ ငရုတ်သီးစိမ်းလေး ထည့်ထားသော ပန်းကန်လေးချပေးမယ်အလုပ် . . . .

“ဒီက သမီး . . ခဏကွယ် . . . ’

လှည့်ကြည့်လိုက်တော့ အဖေအရွယ် လူကြီးသုံးယောက် . . အနားလည်းရောက်သွားရော . . .

“ဦးတို့က ဒီရပ်ကွက်ရဲ့ရာအိမ်မှူး၊ ဆယ်အိမ်မှူးတွေပါ . . သမီးတို့ပြောင်းလာတာ မကြာသေးတော့ . . ဘယ်လာသိပါ့မလဲ . . မဟုတ်ဘူးလား . . . ”

“ဟုတ်ကဲ့ရှင့် . . . ထိုင်ကြပါရှင် . . ဘာသုံးဆောင်ကြမလဲ ဦးလေးတို့ . . . ”

ဆိုင်ဖွင့်စ တစ်ယောက်တည်းလာထိုင်နေတဲ့လူကို ခုနက ဦးလေးသုံးယောက်ကတစ်ချက် ဝေ့ကြည့်လိုက်ပြီး . . .

“မထိုင်တော့ဘူးကွယ် . . တစ်ခုသတိပေးချင်လို့ . . ”



www.burmeseclassic.com

www.burmeseclassic.com



ပြောသင့် မပြောသင့် ချိန်ဆနေဟန်ပြုပြီး ခရေဝင်းရဲ့ မျက်နှာကို လှမ်းကြည့်ကာ . . .

"အားတော့နာတယ်ကွယ် . . ဟို ကလေးမအရွယ်နဲ့ အဲဒါမျိုးတွေ မရောင်းသင့်ဘူး . . ရောင်းလည်း ဦးတို့က ရောင်းခွင့်မပြုနိုင်ဘူး . . ."

"ရှင် . . ကျွန်မ . . . ကျွန်မ . . ."

တပ်ထားသော မျက်မှန်အထူကြီးကို လက်ဖြင့်ပင့်တင်လိုက်ပြီး . . .

"လက်ဖက်သုပ်၊ ချဉ်းသုပ် ရောင်းတာတော့ ရောင်းပေါ့ . . အရက်နဲ့တော့ တွဲမရောင်းပါနဲ့ကွယ် . . ."

"ဟင် . . . ."

အရမ်းကို အံ့ဩတုန်လှုပ်သွားတယ်။ အရက်ဆိုတဲ့ ဝေါဟာရဟာ ကျွန်မတို့မိသားစုကို တော်တော်လေး ဒုက္ခပေးခဲ့တာပါ။ အဲဒီအရက်ကြောင့် ဖေဖေ ငယ်ငယ်ရွယ်ရွယ်နဲ့ ကွယ်လွန်ခဲ့ရတယ် . . မေမေစောစောစီးစီး မုဆိုးမဖြစ်ခဲ့ရတယ်။ ဘာဖြစ်လို့ အဲဒီအရက်ကို ကျွန်မက ရောင်းရမှာလဲ။ ကျွန်မ အမုန်းဆုံး၊ အရွံရှာဆုံးကို ကျွန်မဆိုင်မှာ ဘာလို့တင်ရောင်းရမှာလဲ . . .။

"ကျွန်မ . . ကျွန်မ . . မ . . ရောင်းပါဘူး ဦးလေးတို့ရယ် . . ."

ဘယ်ကဘယ်လိုကျလာမှန်း မသိတဲ့မျက်ရည်တွေ၊ အသံတွေကလည်း တုန်လာပြီ။ အရေးဟယ်အကြောင်းဟယ်ဆိုရင် ဘယ်လိုမှ ရပ်တည်လို့မရတဲ့ ဒူးခေါင်းတွေ ပျော့ခွေကျမတတ်ဖြစ်လာတယ်။ မနည်းကြီး အားယူရပ်နေရတယ် . . နောက်ထပ် ရောက်လာတဲ့ ပိတုန်းလေးသုံးကောင်ကို လှမ်းကြည့်လိုက်တော့



www.burmeseclassic.com

www.burmeseclassic.com



. . သူတို့လေးတွေရဲ့မျက်ဝန်းထဲမှာ အဓိပ္ပါယ်တစ်မျိုးစီ သက်ရောက်မှုတွေကို တွေ့လိုက်ရတော့ ပိုပြီး ငိုချင်လာတယ် . . .။

"မလိမ်နဲ့လေ . . ကလေးမရဲ့ . . မင်းရဲ့ရုပ်ရည်လေးနဲ့ မုသားစကားတွေ မပြောရဘူးလေ . . ."

ခပ်ပိန်ပိန်ပါးပါး ဦးလေးကြီးတစ်ယောက်က ဝင်ပြောပြီး ကျွန်မရဲ့မျက်နှာကို သေသေချာချာစိုက်ကြည့်တယ် . . ကျွန်မ . . ကျွန်မကို အထင်သေးတဲ့မျက်လုံးတွေ . . .

"ကျွန်မ . . မိကောင်းဖခင်သားသမီးပါ . . မလိမ်တတ်ပါဘူး . . ကျွန်မ . . ဘာ အရက်မှလည်း မရောင်းပါဘူး . ."

ရှက်လိုက်တာ . . ရှက်ပါတယ်ဆိုမှ ရပ်ကွက်ထဲက စပ်စုချင်တဲ့ လူအချို့က မတ်တတ်လာရပ်ကြည့်နေကြသေးတယ်။ ကျွန်မ ဒူးတွေ ပျော့ခွေပြီး လဲမတတ်ဖြစ်နေပါပြီ။

"ဒါဆို . . ဟိုလူ့ခုံအောက်က အရက်ပုလင်းက . . ."

"ရှင် . . ."

ကမန်းကတန်း လှမ်းကြည့်လိုက်တော့ ခုနကလူ ပုလင်းပြားလေးကို ဝှက်လိုက်တယ်။

"ဟာ . . အဲဒီ့အရက်က ဒီက အစ်မကြီးရောင်းတာ မဟုတ်ဘူး . . အဲဒီ့လူ သူ့ဟာသူ ယူလာပြီးခိုးသောက်နေတာ . . သူလည်း မသိဘူး . . ကျွန်တော်တို့က အစောကြီးထဲက တွေ့နေတာ ဦးလေးရဲ့ . . .

"ဟုတ်တယ် ဦးလေး . . ဟော့လူ ပြောလိုက်လေ . . ခင်ဗျားလုပ်တာနဲ့ တစ်ဖက်သား ဂုဏ်သိက္ခာထိခိုက်နေပြီ . ."

ကိုရွှေအရက်သမားက ထိုင်နေရာမှ ဝုန်းခနဲထရပ်ပြီး.

"မင်းတို့နဲ့မဆိုင်ဘူးလေ . . ဟီးရိုးမလုပ်ချင်နဲ့ . . ငါ



www.burmeseclassic.com

www.burmeseclassic.com



အရက်နဲ့ငါ . . ဘယ်ဆိုင်မှာဖြစ်ဖြစ် သောက်ခွင့်ရှိတယ် . . ဒီမှာ မသောက်ရရင် ဟောဟိုက ဓာတ်တိုင်အောက်မှာ သွားသောက်မယ် . . ဒါတော့ ခဏယူသွားမယ် . . . ”

ပဲကြမ်းသုတ်ပန်းကန်ကို လှမ်းယူချိန်မှာ . . .

“ဖုန်း . . ခွပ် . . ချလွင် . . လူပါးဝလို့ကွာ . . ကဲကွာ”

“ဟေ့ကောင်လေးတွေ . . တော် . . တော်လိုက်တော့ . . ပြောမရရင် ရဲခေါ်ကွာ . . ”

သုံးယောက်တစ်ယောက်ပွဲလေး ငြိမ်ကျသွားတယ်။

“လာ . . မင်းလိုက်ခဲ့ . . ကလေးမ ဦးတို့မှားသွားတာကို ခွင့်လွှတ်ပါနော် . . . ”

ကိုရွှေအရက်သမားကို ဆွဲခေါ်သွားတယ်။ ပြန့်ကျဲနေတဲ့ ပန်းကန်အကွဲစလေးတွေ ပိန်ချိုင့်သွားတဲ့ ရေနွေးကရား၊ ရေနွေး ပန်းကန်လုံးအကွဲလေးတွေကို စိုက်ကြည့်ပြီး . . မပြည့်စုံတဲ့ဘဝ၊ အဖမဲ့တဲ့ဘဝ၊ ဆင်းရဲတဲ့ဘဝ၊ ဘဝ . . ဘဝတွေကို တွေးမိပြီး အားပါးတရ . . ကျွန်မ ငိုချလိုက်မိတော့တယ်။

လွတ်ရာလွတ်ကြောင်း ပျံသန်းချင်ပေမယ့် စိတ်သွားတိုင်း ကိုယ်မပါဘဲ . . တောင်ပံပြုတ်နေရတဲ့ ဘဝတစ်ခုရယ်ပါလား . . အဖေ . . ဘယ်ဘဝ ဘယ်နေရာကနေ သမီးကိုကြည့်နေလဲ . .

ဆူသံညံသံတွေကြောင့် ကြမ်းပြင်ပေါ်က ဖျာစုတ်လေး ပေါ်မှာ ပက်လက်လှန်နေတဲ့ မိခင်ဖြစ်သူက ကမန်းကတန်း ကုန်းရုန်းထပြီး သမီးဖြစ်သူကို မျက်ရည်အဝဲသားနဲ့ လှမ်းကြည့်နေ တဲ့ အမေရဲ့ မျက်နှာဟာ ကျွန်မဘဝရဲ့ တစ်သက်လုံး မျက်လုံးထဲ က မထွက်တဲ့ ဒစ်ဂျစ်တယ်ဓာတ်ပုံတစ်ပုံပါပဲ . . ရှင် . . . ။



www.burmeseclassic.com



## အခန်းစဉ် (၅)

## အတိတ်ရဲ့ ပုံရိပ်




တီ . . တီ . . .

ခြံရှေ့က ဘဲလ် အသံကြောင့် သက်ပိုင်ဇော် မပြေးရုံ တစ်ခုယ် ပြေးထွက်လိုက်သည်။

"အစ်မ . . စာပါတယ် . . လက်မှတ်လေးထိုးယူပေးပါ"

"အေး အေး . . ခဏနော် . . ဘောလ်ပင်သွားယူလိုက်ဦးမယ် . . ."

"မယူနဲ့တော့ အစ်မ . . ကျွန်တော့်မှာ ပါတယ် . . "

လက်ခံရရှိကြောင်းနေရာလေးမှာ လက်မှတ်ထိုးပေးပြီး စာအိတ်ကြည်ပြာရောင်ကိုင်ကာ အပျိုပေါက်စအရွယ်ပမာ ခုန်ပေါက်ပြေးလွှားပြီး ပြန်ဝင်သွားရာ စာပို့ချာတိတ်က ခပ်ပြုံးပြုံးလေး ကြည့်၍ ကျန်ခဲ့သည်။

ဧည့်ခန်းမှာ ဖတ်ရကောင်းမလား။ ဘုရားစင်ရှေ့မှာ ဖတ်ရကောင်းမလား၊ ခြံထဲက ဒန်းလေးပေါ် ဖတ်ရကောင်းမလား။ ဆုံခွဲမရ စဉ်းစားမရဖြစ်နေတုန်း . . . .



www.burmeseclassic.com

www.burmeseclassic.com



"ဟောတော့ . . ဟင်းအိုး . . ဟင်းအိုး တူးကုန်တော့မယ် . . ."

ကမန်းကတန်း စာအိတ်လေးကိုင်ပြီး မီးဖိုခန်းထဲပြေးဝင်လိုက်သည်။ ဟင်းအိုးက တစ်ဖက်၊ စာကလည်း ဖတ်ချင်၊ အိမ်ဖော်တွေခေါ်ထားရင် စိတ်မချဘူး . . မခေါ်ပါနဲ့ဟူသော မောင်လေးဖြစ်သူ ထူးဇော်ရဲ့ရာဇသံအမိန့်ကြောင့် မခေါ်ရ။

ဆွေမျိုးကလည်း စာနဲ့ချရေးပြစရာတောင်မရှိ။ မထူးပါဘူး . . ဟင်းချက်ရင်းနဲ့ ဖတ်တာပဲကောင်းတယ်။ ကတ်ကြေးနဲ့ စာအိတ်ထိပ်ကလေးကို ဖြတ်လိုက်ပြီး အတွင်းက ကြည်ပြာရောင်နုနုစာရွက်ကလေး ဆွဲထုတ်ယူလိုက်ပြီး . . . .

အို/

မမသက်

နေထိုင်ကောင်းရဲ့လား၊ ကျွန်တော်ကတော့ ကောင်းပါတယ်။ မာလွှန်းလို့ ကျွန်တော့်ကို ရှုံးကလူတွေကတောင် အွယ်ရာမှာ နာမည်ပြောင်ခေါ် နေကြတယ်။ သံချောင်းတဲ့။

မမာလို့လည်း မရဘူး မမသက်ရေ ..ကျွန်တော်တို့ဆီမှာ အ နေထိုင်မကောင်းရင် ဆေးပို့းဝါးစ တော်တော်ကုန်တာ။ လေးငါးခြောက်လ စုထားတာလေးတွေ တစ်ရက်၊ နှစ်ရက်တည်းနဲ့ ပြောင်ရောပဲ ...။

ဒီတော့ ကျန်းမာရေးကို အထူးဂရုစိုက်ရတယ် .. နေမကောင်းရင် ကိုယ့်ကိုပြုစုဆေးတိုက်ဖို့ မိဘလည်းမရှိ၊ ညီအစ်ကိုမောင်နှမလည်း မရှိဆိုတော့ ဂရုစိုက်ရတာပေါ့ မမသက်ရယ်။

"ဟူး . ."

သက်ပြင်းလေးပူတွေ မှုတ်ထုတ်လိုက်ပြီး မဆီမဆိုင် ဟင်း

www.burmeseclassic.com



အိုးဆီ မျက်လုံးက ရောက်သွားတယ်။

သနားပါတယ် . . ငါ့မောင်လေး . . မိဘမဲ့ ဆွေဝေး မျိုးဝေး သူများနိုင်ငံမှာ စီးပွားသွားရှာနေရတာ . . အဲဒါကြောင့် လည်း မမသက်က ဒီမှာ မသုံးမဖြုန်းတာပေါ့ . . ဟင်း ဒါကိုများ ဟိုမိန်းမတွေက ဒေါ်ကပ်တစ်ရာစေးတဲ့လေ . . အဲ . . စာဆက် ဖတ်ရဦးမှာပဲ . . .။

မမသက်လည်း အရွယ်ရလာပြီဆိုတော့ စိတ်တိုင်းကျများ တွေ့စဲ့ရင် အိမ်ထောင်ပြုချင်ပြုပါ ..ကျွန်တော့်ကို မငဲ့ပါနှင့် .. ဒါမှ ကျွန်တော် တူတွေ တူမလေးတွေ ချီရမှာ ...

အံမယ် ခြွေးကောင်လေး . . အစ်မကိုများ လင်ပေးစား နေသေးတယ် . . ဝေးသေးတယ် . . ငါ့မောင်ရေ . . ဒီတစ်သက် ဘယ်တူတွေ တူမတွေမှ မချီရဘူးမှတ် . . ဟင်း . . ဟင်း . . .

တကယ်ပြောတာပါ မမသက် ..ပြောရဦးမယ် ..မမသက် ရဲ့ အဆက်ပေါင်းကြီး ကိုမောင်မောင်ဦးနဲ့တောင် တွေ့သေး တယ်၊ စိတ်တော့ ခိုင်ခိုင်ထားပါ ..မီးတွင်းထဲမှာ ကလေးမွေးပြီး ဆုံးသွားပြီတဲ့ ...

ဟင် . . မီးတွင်းထဲမှာ ကလေးမွေးပြီးဆုံးပြီဆိုတော့ ဘာ ကြီးလဲ . . မောင်က . . အဲလေ ကိုမောင်မောင်ဦးက ယောကျ်ား ကြီးဥစ္စာ . . ဆက်ဖတ်လိုက်တော့ . . .

ဆောရီး မမသက်ရေ ..ကိုမောင်မောင်ဦးရဲ့ အမျိုးသမီး ကိုပြောတာ ..အခု ..သူက ဘာစေါ်မလဲ ..မုဆိုးဖိုစေါ်မလား .. တစ်ခုလပ်ယောကျ်ားစေါ်မလား ..သူက ကျွန်တော့်ကိုပြောတယ် ... မင်းအစ်မ သက်သက် အိမ်ထောင်ကျပြီလားတဲ့ ...ကျွန်တော် ဘာပြန်ပြောလိုက်လဲ ..မမသက် သိချင်မှာပေါ့ ....



www.burmeseclassic.com

www.burmeseclassic.com



ခွေးကောင်လေး . . . သိချင်တာပေါ့ဟဲ့ . . .

တစ်ဦးတည်း အသံထွက်ရေရွတ်လိုက်မိတယ်။ ပြီးမှ သတိရပြီး ဘေးပတ်ဝန်းကျင်ကို ကြည့်လိုက်တော့ ဘယ်သူမှမရှိ . . တော်ပါသေးရဲ့ . . . ။

ဟုတ်တယ် ကိုမောင်မောင်ဦးရေ ..ကျွန်တော့်အစ်မ မမသက်အိမ်ထောင်ကျနေပြီ ...ကလေးတွေမှ အရွယ်စုံ၊ ဆိုဒ်စုံ၊ အလုံးတစ်သင်းစာလို့လည်း ပြောလိုက်ရော ..ဈာနနဲ့လှည့်ထွက်သွားပါလေရောဗျာ ....

အမလေး . . လေး . . ကြွားစရာမရှိ . . ကြံဖန်ပြီးများ ကြွားရတယ်လို့ . . ဟိုက တကယ်ထင်သွားရင်တော့ . . သွားပါပြီ . . ဒီတစ်သက် . . ဘယ်တော့မှ လင်ရတော့မှာ မဟုတ်ဘူး။

မမသက်ချစ်သူဟောင်းကြီး ကိုမောင်မောင်ဦးရဲ့ကလေးလေးက ချစ်စရာလေး ..ကြံ့ရင် ဓာတ်ပုံတောင်းပြီး ပို့လိုက်ရမလား ..ဟင် ...ကြည့်မနေပါနဲ့တော့ မမသက်ရယ် ...အဟောင်းတွေက အသစ်ပြန်ဖြစ်လာပါဦးမယ် ....

ဟောတော့ . . . သူကပဲ ဖွင့် . . သူကပဲ ပိတ်လုပ်နေပြန်ပြီ . . မကြည့်ဘူးဟေ့ . . မကြည့်ဘူး . . ငါ့မှာ ငါချစ်တဲ့မောင်လေး ထူးဇော်ရှိပြီးသား . . . ဘယ်သူ့ကိုမှ မချစ်နိုင်ဘူး . . .

မမသက်လို့အပ်တာရှိရင် ဖုန်းဆက်ပေါ့ ..ဖုန်းလိုင်းမရရင် စာရေးမှာပေါ့ ...နောက်တစ်ပတ် ကျောက်မြောင်းက သော်ဇင်နဲ့ ထူးကြံ့ ငွေရော၊ ပစ္စည်းတွေပါ ပို့ပေးလိုက်ပါ့မယ် ....

အမြဲသတိရပြီး

အိပ်ရာဝင်တိုင်း ကန်တော့နေတဲ့ ---

မောင်လေး ထူးဇော်

ခေတ္တ နယူးယောက်မြို့၊

တော်ဝင်မြို့မ စုံထိုက်

www.burmeseclassic.com

www.burmeseclassic.com



စာဆုံးသွားတော့ ဘာရယ်မဟုတ်ပါဘူး . . အတိတ်က အရိပ်လေး ဖျတ်ခနဲပေါ်လာတယ် . . . ။

"ဩော် . . မောင်ရယ် . . သူက ကလေးတောင် ရနေပြီပဲ . . စိတ်မကောင်းပါဘူးရှင်ရယ် . . ရှင့်အိမ်ထောင်ရေး . . ကံမကောင်းတာ . . ပွဲဦးထွက် . . ကျွန်မနဲ့လွဲကတည်းက ရှင်သိဖို့ကောင်း . . ကောင်း . . ဟင် . . ဘာအနံ့လဲ . . . ဟယ် . . သွားပြီ . . သွားပြီ . . . "

တူးခါးနေသော ငါးမြစ်ချင်းများက အပျိုကြီးသက်ပိုင်ဇော်ကို မှတ်ပြီလား . . အပျိုကြီး စိတ်ကူးယဉ်ဦးလေ . . လို့ ပြောနေသယောင်ယောင် . . . . ။



www.burmeseclassic.com

www.burmeseclassic.com

## အခန်းစဉ် (၆)

## အရင်းပြုတ်သွားသော ကိုယ်ကျင့်တရားများ

“ပိုက်ဆံ အရင်းပြုတ်သွားတာ ပြန်ရှာလို့ရပါတယ် မေမေရယ် . . . ခုဟာက သမီးရဲ့ ကိုယ်ကျင့်တရား ပြုတ်သွားတာ . .”

ဘုရားစင်ရှေ့မျက်နှာမူထားတဲ့မေမေက ဖြည်းညင်းစွာနဲ့ ကျွန်မဘက်ကို လှည့်လာပြီး . . .

“ဒီလိုလည်း ဘယ်ဟုတ်ပါ့မလဲ ... သမီးရယ် . . ကိုယ်က မဟုတ်တာလုပ်စားတာမှ မဟုတ်ပဲ . . ကောင်းရောင်းကောင်း ဝယ်လုပ်စားတဲ့ ဥစ္စာ . . သမီး ပထမလုပ်တဲ့ ဟိုတယ်သန့်ရှင်းရေး အလုပ်ထက်စာရင် ဒီဆိုင်လေးဖွင့်တာက ပိုသန့်ရှင်းပါတယ် . .”

ကျွန်မရဲ့ ရှည်လျားတဲ့ဆံပင်လေးတွေကို ဖြည်းဖြည်းချင်း သပ်ချပေးနေတဲ့ မေမေ့ရဲ့ မျက်နှာကို ခေါင်းငုံ့နေရာမှ မော့ကြည့်လိုက်တော့ တစ်ခါဖူးမှ မမြင်ရတဲ့ အင်အားတွေကို အမေ့ရဲ့ ချတ်ဝန်းထဲမှာ တွေ့လိုက်ရတယ်။

“အမေ့ . . မုဆိုးမဘဝရောက်ခဲ့တဲ့ အချိန်ဟာ အရွယ်



www.burmeseclassic.com

www.burmeseclassic.com



တောင်းလေးပါ . . . ဒါပေမယ့် အမေ့ရဲ့မေတ္တာတရားတွေဟာ သမီးလေးကလွဲရင် ဘယ်သူ့ဘယ်သူကိုမှ ခွဲဝေမပေးနိုင်ဘူး . . အထင်သေး၊ အမြင်သေး ပေါ်ချောင်ကောင်းတွေနဲ့ တွေ့ကြုံ ရင်ဆိုင်ခဲ့ရပေမယ့် သမီးလေးအပေါ်မှာထားတဲ့ သစ္စာတရားက ခိုင်မြဲပါတယ် . . အနေအထိုင်၊ အပြောအဆိုတတ်ခဲ့လို့ မှဲ့တစ်ပေါက်မှ မစွန်းထင်းခဲ့ရသလို နာမည်လည်း မပျက်ခဲ့ပါဘူး . . အမေရဲ့ အမည်းစက်က သမီးလေးအပေါ်မှာ မကျရောက်ခဲ့ပါဘူး . . အဲဒါဟာ ကိုယ်ကျင့်တရားပဲ သမီး . . . ”

မေမေ့ရဲ့ အရိုးငေါငေါထွက်နေတဲ့ ခါးလေးကို ဖြည်းညင်းစွာ ဖက်တွယ်ရင်း . . .

“စိတ်ချပါ မေမေ . . မေမေ့သမီးပါ . . မေမေ့လိုစိတ်ဓာတ်မျိုးပါပဲ . . ဒါပေမယ့် တစ်ခုပဲ တောင်းဆိုခွင့်ပြုပါ . . . ”

မေမေက ကျွန်မရဲ့မျက်နှာလေးကို တစိမ့်စိမ့်ကြည့်ပြီး ဘာပြောမလဲ ဆိုတဲ့ ပုံစံမျိုးလေးနဲ့ ခပ်ငေးငေးလေး ကြည့်နေတယ် . . ။

“သမီး . . ဒီလက်ဖက်သုတ်ဆိုင်လေးကို သံယောဇဉ်ရှိပါတယ် . . ဒါပေမယ့် ပြန်မဖွင့်ချင်တော့ဘူး . . လူတွေကိုရှင်းပြနေရတဲ့ အလုပ်လည်း သမီး မလုပ်ချင်တော့ဘူး . . သမီးတခြားမှာ အလုပ်ထပ်ရှာပါ့မယ် . . သမီး ကျန်းမာရေးကောင်းနေသရွေ့ မေမေ . . . ”

တိမ်ဝင်သွားတဲ့ ကျွန်မရဲ့အသံလေးကြောင့် မေမေက အားပေးနေသော အပြုံးမျက်နှာလေးနဲ့ ကျွန်မရဲ့မေးဖျားလေးကို ဆွဲယူမော့လိုက်ပြီး . . .

“သမီးကို မေမေ ယုံကြည်တယ် . . သမီးရဲ့စိတ်ဓာတ်ကို



www.burmeseclassic.com

www.burmeseclassic.com



မေမေ ချီးကျူးတယ် . . ဂုဏ်ယူတယ် . . မေမေ့သမီး ကြံတိုင်း အောင်ပြီး ဆောင်တိုင်းမြောက်ပါစေကွယ် . . .”

ကျလုလုမျက်ရည်ကို မျက်တောင်နဲ့ပုတ်ခတ် ပုတ်ခတ် လုပ်လိုက်ရသည်က ခရေဝင်းရဲ့တစ်ဦးတည်းသော မေမေရယ်ပါ။ ဩော် . . . ဒါတောင် သမီးလေးရဲ့ ပခုံးပေါ် တစ်စက်လောက် ကျလိုက်ရသေးတယ် . . .။

www.burmeseclassic.com

www.burmeseclassic.com



## အခန်းစဉ် (၇)

### ဒုတိယမြောက် ကိုယ်ကျင့်တရား




. . . ”

“ရှင် . . ဩော် . . ခရေဝင်း ပြောလေ . . ဘာပြောမလို့လဲ . . . ”

ပတ်ဝန်းကျင်ကို တစ်ချက်ဝေ့ကြည့်လိုက်တော့ လူသူသိပ်မရှိ . .

“ဟိုလေ . . မငယ်လေးမှာ တခြားအလုပ်တွေများ အဆက်အသွယ်ရှိလားလို့ . . ဟို . . ဟို ကောင်းကောင်းမွန်မွန်”

မငယ်လေးက ကမန်းကတန်း လက်ဝါးကာပြရင်း . . .

“ခရေဝင်း . . ညီမလေးရဲ့စိတ်ခတ်ကို မငယ်လေး သိသလို . . မငယ်လေး စိတ်ကိုလည်း ခရေဝင်း သိရဲ့သားနဲ့ . . ကဲ ပြော . . ဘာဖြစ်ချင်လဲ . . ဒီမှာ ဘာအဆင်မပြေလဲ . . လခနည်းလို့လား . . ပြန်ရတာ မိုးချုပ်လို့လား . . ”

“မဟုတ် . . မဟုတ်ပါဘူး မငယ်လေးရယ် . . မငယ်လေး ကျေးဇူးကြောင့် ကျွန်မ ဒီဆိုင်မှာ အလုပ်ရတာပါ . . တစ်

www.burmeseclassic.com

www.burmeseclassic.com



သက်ကျေးဖူးမမေ့ပါဘူး . . အားလုံး အဆင်ပြေပါတယ် . . ဒါပေမယ့် . . . ”

“ကဲပါ ခရေဝင်းရယ် . . ညီအစ်မ အရင်းတွေလို သဘောထား . . ဘာအခက်အခဲရှိလဲ ပြော . . . ”

ပြောမည့်ဟန် အပြင် . . .

“ကဲ . . . ဒီက လူသစ်ဆံရှည်ညီမလေးရေ . . . ဒီနေ့ ဆိုင်မှာ ပရိုမိုးရှင်းရှိတယ် . . အိမ်ပြန် ခါတိုင်းထက် နည်းနည်းလေး နောက်ကျမယ်နော် . . . ”

မန်နေဂျာ ကိုဝေနိုင်က ပြောလည်းပြော ခရေဝင်းရဲ့ တစ်ကိုယ်လုံးကိုလည်း သိမ်းကျုံးပြီး အကဲခတ်ကြည့်ရင်း ထွက်သွားတော့သည်။ မငယ်လေးက မန်နေဂျာကို အကဲခတ်လိုက်ပြီး . .

“ကဲ . . ငါ့ညီမ ခရေဝင်းရေ . . မငယ် အားလုံးသဘောပေါက်တယ် . . မနေ့တည်းက ခရေဝင်း ပန်းကန်ဆေးတဲ့နေရာမှာ ဒီမန်နေဂျာအစုတ်ပလုတ်ကောင် ရစ်ဝဲနေထဲက သတိထားလိုက်မိတယ် . . ဒီဆိုင်မှာ မငယ်လုပ်သက်အရ အားလုံးသိတယ် . . ဒီတော့ ညနေစောစောပြန် . . ကျန်တဲ့ကိစ္စ မငယ်တာဝန်ထား . . ဟုတ်ပြီလား . . သန်ဘက်ခါကို အိမ်လာပြီး အလုပ်အသစ်တစ်ခုအတွက် လာပြောမယ် . . ဟုတ်ပြီနော် . . . ”

“ဝမ်းသာလိုက်တာ မငယ်ရယ် . . ကျွန်မ . . ကျွန်မ . . သူ့ကို အရမ်းကြောက်လို့ပါနော် . . အလုပ်မလုပ်ချင်လို့ . . ခြေများတာ မဟုတ်ပါဘူး . . ”

ပန်းကန်ဆေးရလွန်းသဖြင့် ဖယောင်းလေးလို သွယ်သွယ်လျှလျှ ဖြူဖြူဖွေးဖွေးဖြစ်နေတဲ့ ခရေဝင်းရဲ့လက်ကလေးများဟာ ဖဲကြေးခွံတွန့်နေပြီး အသားဖတ်ကလေးတွေ ဟိုကကွာ . . ဒီက



www.burmeseclassic.com

www.burmeseclassic.com



တွာ . . ပြီးတော့ ဝဲစားစပြုနေသည်ကို မငယ်လေး သတိပြုမိသွားသည်။ သက်ပြင်းကို ညင်သာစွာချရင်း . . . .

"စိတ်ချ ခရေဝင်း . . ငါ့ညီမကို . . ညီမလေး အရင်းတစ်ယောက်လိုချစ်တယ် . . သူများရဲ့ မယားငယ်၊ အငယ်အနှောင်း ဘဝကို မရောက်စေရဘူး . . ကိုယ်ကျင့်တရားကောင်းတဲ့ ငါ့ညီမကို အတတ်နိုင်ဆုံး ကာကွယ်စောင့်ရှောက်ပေးမယ် . . . မငိုနဲ့တော့ . . ငိုတယ်ဆိုတဲ့အလုပ်ဟာ . . ဘဝကို အရှုံးပေးလက်မြှောက်ခြင်းပဲ . . ဟုတ်ပြီလား . . ကဲ . . လာ . ."

မငယ်လေး ကမ်းပေးသောလက်ဝါးကြမ်းကြီးကို နုနယ်သော၊ ကြမ်းစပြုလာသော လက်လေးများဖြင့် အားကိုးတကြီးဆွဲယူရင်းဖြင့် . . . .



www.burmeseclassic.com

www.burmeseclassic.com



## အခန်းစဉ် (၈)

## ဘဝတစ်ဆစ်ချိုး

မုန့်မျိုးစုံကို ကားတစ်စီးဖြင့် နေရာအနှံ့ လိုက်ပို့ရသော အလုပ်ကို မငယ်လေး ကျေးဇူးကြောင့် ခရေဝင်း ရရှိသွားတော့သည်။

ဘယ်လောက်ပဲ ပင်ပန်း ပင်ပန်း မိမိဒီအလုပ်ကိုရသည့်အတွက် အပျော်ကြီးပျော်နေမိသည်။ တီရှပ်လက်တို အဝါရောင်၊ အောက်က ဂျင်းကြည်ပြာရောင်လေးနဲ့ မုန့်ဗန်းတွေကို ကားနောက်ခန်းက သယ်ယူပြီး စတိုးဆိုင်တွေ၊ မုန့်ဆိုင်တွေ၊ လက်ဖက်ရည်ဆိုင်တွေကို လှည့်ပတ်သယ်ပို့နေသည်မှာ တစ်မျိုးပင် ကြည့်ကောင်းနေသည်။

တစ်ခါတစ်ရံ ကုမ္ပဏီမှပေးသော ယူနီဖောင်းလေးနဲ့ ခုန်ပေါက်ပြေးလွှားပြီး မုန့်တွေသယ်ယူနေပုံလေးဟာလည်း လေထဲမှာ လွင့်မျောနေတဲ့ သူမရဲ့ရှည်လျားပြီး ထူအမ်းနေတဲ့ ဆံပင်များကြောင့် တစ်မျိုးလေးမှ တစ်မျိုးလေးလှလို့နေပြန်ရော . . .

ဖြတ်သွား ဖြတ်လာ ပုရိသတွေက နှစ်ခါပြန်ကြည့်ရသော



www.burmeseclassic.com

www.burmeseclassic.com



သူ့ဆံပင်၊ သူ့ခန္ဓာကိုယ်အချိုးအစားလေးဟာ ကိုရီးယားမင်းသမီးလေးအွန်စောသဏ္ဍာန် ဖြူဖွေးလွန်းတဲ့ သူ့အသားအရေဟာ နေပူစပ်ခါးထဲ သွားလာရလွန်းသဖြင့် နီစပ်စပ်လေးတောင် ဖြစ်လို့နေသည်။ ကျောက်မဲ သီပေါနယ်ဘက်က ရှမ်းမလေးများ ပါးအို့လေးတွေ ရဲသလိုမျိုး ရဲတွတ်နေသေးသည်။

ဘာပဲပြောပြော ဘဝမျိုးစုံ အလုပ်မျိုးစုံနဲ့ ကျင်လည်ခဲ့ရသော ခရေဝင်းဆိုတဲ့ မိန်းကလေးဟာဖြင့် သူ့ဘဝ၊ သူ့အလုပ်လေးကို တန်ဖိုးထားပြီး မုဆိုးမမိခင်အိုကြီးနဲ့ကျော်ဖြတ်ဖို့ ကြိုးစားနေလေရဲ့ . . . .။



www.burmeseclassic.com

www.burmeseclassic.com



အခန်းစဉ် (၉)

## ပြောင်းလဲမှု ကံကြမ္မာ




". . . . ဟုတ်ကဲ့ . . ကြာပြီလား ဟင် . ."

". . . . . . . . . . . . . . . . . . . . ."

"ဝိုင်းပြီး ကူညီပေးကြပါဦးဗျာ . . ."

". . . . . . . . . . . . . . . . . . . . ."

"ဗြုန်းစားကြီးဆိုတော့ ကျွန်တော်မရှိရင်လည်း ဒီမှာက မဖြစ်ဘူး . . ဖြစ်နေလို့ပါ . . ."

". . . . . . ."

"ဟုတ်ကဲ့ . . . ရအောင် ကြိုးစားရမှာပေါ့ . . ."

". . . . . . . ."

"အခုလို ပြောပေးတာ . . ကျေးဇူးပါပဲဗျာ . ."

". . . . . . . . ."

"ဟို . . ဟို . . အချိန်တော့မီပါသေးတယ်နော်. ."

". . . . . . . . ."



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ် . . . ကဲ့ . . . လကုန် . . ပိုင်းလောက် . . ပေါ့"

ဖုန်းချလိုက်ပြီး ထူးဇော် သက်ပြင်းရှည်ကြီးကို လေပူနဲ့ မှုတ်ထုတ်လိုက်သည်။

ပြေးကြည့်မှ ဒီမောင်နှမနှစ်ယောက်တည်း ဘဝကိုတည် ဆောက်နေရသည့်ကြားထဲ မမသက်က . . . မမသက်က မိန်းမ ရောဂါတဲ့လားဗျာ . . .။

မကုသဘဲ ပေတေနေသည်။ ထူးဇော်ကိုလည်း လုံးဝ အသိမပေး။ စိတ်မချမ်းသာမှာစိုးလို့ . . တဲ့။

မမသက်ရယ် . . ထူးဇော်သိတော့ရော ဘာဖြစ်လဲ . . လူ့အသက်ထက် ဘာမှတန်ဖိုးမရှိပါဘူးဗျာ . . တော်ပါသေးရဲ့ . . မမသက်ရဲ့သူငယ်ချင်း သူဇာနွယ်နဲ့အေးအေးခိုင်တို့လင်မယား အသိပေးလို့သာပေါ့ . . .။

မိတ်ဆွေကောင်း ပီသကြပါတယ် . . . မောင်နှမနှစ် ယောက်ထဲက တစ်ယောက်ဖဲ့ထွက်သွားမှာကိုတော့ ထူးဇော် လုံး ဝလက်မခံနိုင်ဘူး . .

အဲယားကွန်းကြောင့် အခန်းတစ်ခုလုံး အေးစက်နေပေ မယ့် ထူးဇော်ရဲ့နဖူးမှာရော၊ ရင်ဘတ်တွေမှာပါ ချွေးတွေ ရွှဲနစ် လို့နေသည်။

"ဘာပဲဖြစ်ဖြစ် မမသက်ရဲ့ အသက်ကိုတော့ ရအောင် ကယ်ရမှာပဲ . . အဆုံးရှုံးမခံနိုင်ဘူး . . "

အခုချိန်မှာ ထူးဇော်ရဲ့ရင်ဘတ်ပေါ်မှာ ရေနွေးအိုးတင် ထားမယ်ဆိုရင်တောင် စက္ကန့်ပိုင်းအတွင်း ပွက်ပွက်ဆူသွားနိုင် တယ်။ လောကရဲ့သောကအပူတွေ၊ အပူတွေ၊ ရပ်ဝေးမြေခြားနေ သော်လည်းပဲ အပူက အပူပါပဲလား . .



www.burmeseclassic.com

www.burmeseclassic.com



တောင်စဉ်ရေမရ တွေးရင်း အမှတ်မထင် အလုပ်စားပွဲပေါ်က မမသက်နဲ့ထူးဇော်တို့မောင်နှမ တွဲရိုက်ထားတဲ့ဓာတ်ပုံလေးဆီ မျက်လုံးကရောက်သွားတယ်။

"ဟဲ့ . . ဟဲ့ . . ဟိုကလေးတော့ သေတော့မှာပဲ . . . ရထားရပ်ချိန်တောင် မစောင့်နိုင်ဘူးလား . ."

ဘူတာရုံပလက်ဖောင်းနဲ့ ရထားခြေနင်းခုံနှစ်ခုကြား ပွတ်တိုက်မိလို့ ခြေထောက်တစ်ခုလုံး သွေးရဲရဲနီသွားတယ်။ သားရေဖိနပ်လေးတစ်ဖက်ကတော့ စုတ်ပြတ်သပ်သွားလေရဲ့။ မော့ကြည့်လိုက်တော့ ထူးဇော်ရဲ့ချိုင်းအောက်က လက်တစ်ဖက်။

မမသက်ရဲ့လက်ကလေး တုန်လို့နေတယ် . . မောင်လေးဖြစ်သူကို အသာတွဲခေါ်လာပြီး လွတ်နေတဲ့ခုံတစ်ခုမှာ ဝင်ထိုင်လိုက်ပြီး နီးစပ်ရာ ရေခဲရေသည်ဆီပြေးကာ ရေခဲတုံးနဲ့ရေခဲရေတစ်ခွက်ကိုင်ပြီး မပြေးရုံတစ်မယ်။ ထူးဇော်ထံပြန်လာရင်း စုတ်ပြဲသွားသောဒဏ်ရာပေါ် ရေခဲတုံးကို မမသက်ရဲ့လက်ကိုင်ပဝါလေးအုပ်တင်ပေးပြီး ကျန်တဲ့လက်တစ်ဖက်ထဲက ရေခဲရေကို . .

"မောင်လေး သောက်လိုက် . . . ဘာမှမကြောက်နဲ့နော် . . မမသက် မေမေနဲ့မတိုင်ပါဘူး . ."

ပြောရင်း ပြောရင်းနဲ့ မမသက် ပါးပြင်ပေါ် မျက်ရည်တွေလိမ့်ဆင်းလာတယ်။

"မောင်လေးရယ် . . ဖေဖေ့တုန်းကလည်း ဒီလိုပဲ . . ရထားပေါ်က . . . ."

အသံတိမ်ဝင်သွားတယ် . . တအစ်အစ်နဲ့ မမသက် ငိုနေတယ် . . ဟုတ်သား . . ထူးဇော် ရထားအကြိတ်ခံရတဲ့ ဖေဖေ့ကြီး ပေါ်လာတယ် . . အပျော်သဘောမျိုးနဲ့ခုန်ချမယ်လုပ်တာတ



www.burmeseclassic.com

www.burmeseclassic.com



ထူးဇော် . . အိမ်ကိုအချိန်မမီမှာစိုးလို့ ခုန်ချရင်းနဲ့ ရထားသံလမ်းပေါ် စတေးလိုက်ရတာက ဖေဖေ . . . ဓာတ်ပုံလေးကိုကိုင်ရင်း ထူးဇော်ငယ်ငယ်က ကျောင်းအပြန်ရထားပေါ်မှာ အပျော်သဘောမျိုးနဲ့ခုန်ချရန်အလုပ် မမသက်ကောင်းမှုကြောင့် အသက်ဘေးမှ လွတ်ခဲ့ပုံကို ပြန်မြင်ယောင်လာသည်။

"မမသက် . . မမသက်ရယ် . . ထူးဇော် ဘာလုပ်ရမလဲ . . အချိန်တော့ မီနိုင်ကောင်းပါတယ် . . . ဘုရား ဘုရား . မမသက် ဘာမှမဖြစ်ပါစေနဲ့ . . ဦး . . ."

တွေးရင်းလျှောက်လိုက်တော့ လှေကားတစ်ထစ်ကျော်ဆင်းလိုက်မိသဖြင့် . . .

"ဟာ . . ဒုံး . . ဒုံး . . ဒုံး . . ဒုံး . . ဒုံး . ."

တော်ပါသေးရဲ့ . . ဘေးကလက်တန်းတစ်ခုကို ဆွဲလိုက်မိတယ် . . .။

"ဟင် . . . ဘာလဲဟ . ."

ကိုယ့်မျက်စိတောင် ကိုယ်မယုံတော့ဘူး . . သူ့ဇာနွယ်၊ အေးအေးခိုင်တို့ လင်မယား နောက်ပြောင်တာတော့ မဖြစ်နိုင်ဘူး။

"ဘာလဲ ထူးဇော် . . သိပ်အံ့သြသွားလား . ."

"ဟင်း . . ဟင်း . . တမင်သက်သက် ငါ့မောင် . . မမသက်အပေါ် ဘယ်လောက်ချစ်သလဲဆိုတာ သိရအောင် စိတ်ကလေးကို စမ်းကြည့်လိုက်တာပါ . . ."

"မ . . မ . . သက် လိုက်လာတယ် . . ဟို . . ကျွန်တော့်ဆီ ဖုန်းဆက် . ."

"ပြောပြီးပြီလေ . . ထူးဇော်ရဲ့ . . တို့မောင်နှမတွေဘယ်လောက်ချစ်သလဲဆိုတာ . . သူတို့ သိသွားအောင် တမင်ဖန်တီး



www.burmeseclassic.com

www.burmeseclassic.com



လိုက်တာပါ . . မမသက် ဘာမှမဖြစ်ပါဘူး . . . ”

“ဝမ်းသာလိုက်တာ . . မမ . . သက်ရယ် . . ”

“မထနဲ့လေ . . ထလို့မရဘူး . . ဆရာဇော် . . ခဏလေး ပြန်မှေးနေလိုက်ပါ . . . ”

အသံတွေ အစုံကြားလိုက်ရသည်။ မျက်လုံးကို အစွမ်းကုန် ဖွင့်ပြီးကြည့်လိုက်သည်။

“ငါ့ ရုံးခန်းလည်း မဟုတ်ပါဘူး . . ဟင် . . ဒါနဲ့ မမသက် ဘယ်ရောက်သွားလဲ . . . ”

"Are you better, Mr Htoo Zaw?"

“သက်သာရဲ့လား ဦးထူးဇော် . . . ”

"Yes, I am much better, thank you doctor."

“ဟုတ်ကဲ့ . . တော်တော်သက်သာပါတယ် . . ကျေးဇူး တင်ပါတယ် . . . ”

"You don't look very well."

“မင်းကြည့်ရတာ သိပ်နေကောင်းပုံ မရဘူး . . ”

"Is something wrong with you?"

“မင်း တစ်ခုခုဖြစ်လို့လား . . . ”

"No, I am fine."

“မဖြစ်ပါဘူး . . ကောင်းပါတယ် . . ”

"It is a good thing that you went to bed."

“မင်းအိပ်လိုက်တာ ကောင်းပါတယ် . . . ”

"I hope you will soon be better."

“မကြာခင် မင်းနေကောင်းလာလိမ့်မယ်လို့ မျှော်လင့်ပါ တယ် . . . . ”

www.burmeseclassic.com

စတော်ဝင်မြို့စ

www.burmeseclassic.com



"Thank you, I hope so too."

"ကျေးဇူးတင်ပါတယ် . . . ကျွန်တော်လည်းဒီလိုပဲ မျှော်လင့်ပါတယ် . ."

"I shall never forget your kindness."

"မင်းရဲ့ကြင်နာမှုကို ငါဘယ်တော့မှ မမေ့ပါဘူး . ."

အားလုံး ထူးဇော်၏ အနားကထွက်သွားတော့မှ ခေါင်းက ဆစ်ဆစ်၊ ဆစ်ဆစ်နဲ့ကိုက်လာတယ်။

"ဩော် . . ငါ ဆေးရုံရောက်နေတာကိုး . . . ဒါဆို . . ခုနက မ . . မ . . သက်က . ."

ဝုန်းဆို ထမယ်အလုပ် . . .

"ဆရာဇော် . . ခဏလောက်မှေးနေလိုက်ပါ . . ဘာမှ မတွေးပါနဲ့တဲ့ ဒေါက်တာက ပြောသွားတယ် . ."

"ငါ့ခေါင်းက . ."

"လှေကားနဲ့ဆောင့်မိလို့ ရှစ်ချက်ချုပ်ထားတာပါ . . . ကျွန်တော် အိမ်မပြန်တော့ဘူး ဆရာဇော် . . ဒီမှာပဲ စောင့်အိပ်ပါရစေ . . ."

"နေပါစေကွာ . . ရပါတယ် . . ပြန် . . ပြန် . ."

"မလုပ်ပါနဲ့ ဆရာဇော်ရယ် . . မြန်မာပြည်က ဗမာဆိုလို့ ဆရာဇော်နဲ့ ကျွန်တော်ပဲရှိတာ . . ပြီးတော့ ဆရာဇော်က ကျွန်တော့်ကို အလုပ်သွင်းပေးထားတာပါ . . ဆရာဇော့်ကျေးဇူးတွေ ကျွန်တော့်မှာ ရှိပါတယ် . . ."

ဩော် . . လောကကြီးမှာ လူပီသပြီး လူစိတ်ရှိတဲ့လူတွေ . . . မိတ်ဆွေပီသတဲ့လူတွေလည်း ရှိနေပါသေးလားရယ်လို့ ထူးဇော်တွေးလိုက်မိတယ် . . .။



www.burmeseclassic.com

www.burmeseclassic.com



ဒုက္ခပါပဲ . . ဒီဒဏ်ရာကျက်ဖို့ . . ချုပ်ရိုးဖြေဖို့ . . ဘယ်နှရက်လောက် ဒုက္ခခံရဦးမလဲ . . . . ။

"လှသူ . ."

"ဗျာ . . ဆရာဇော် . ."

"ငါ့အိမ်က ဖုန်းဝင်လာရင်ကြည့်ပြောထားနော် . . ဒီကိစ္စတွေ ထည့်မပြောမိစေနဲ့ . . ."

"ဟုတ်ကဲ့ . . ."



www.burmeseclassic.com

www.burmeseclassic.com



## အခန်းစဉ် (၁၀)

### ခေတ်သစ် သုဝဏ္ဏသျှံမလေး

ဖေဖေ့ရဲ့ ကျန်းမာရေး အရေးပေါ်အခြေအနေကြောင့် ခရေဝင်း ရက်တိုကနေ ရက်ရှည်အလုပ်ကခွင့်ယူလိုက်ရတယ်။

ဌာနဆိုင်ရာရုံးဆိုရင်တော့ သက်ဆိုင်ရာလူကြီးတွေကို ပြောပြ အကူအညီတောင်းလို့ရကောင်းရနိုင်ပေမယ့် ပုဂ္ဂလိကကျတော့ မလွယ်ရေးချမလွယ် . . ဒီတော့ လူစားဝင်သွားပြီလေ။

ဘာလုပ်လို့ ဘာကိုင်ရမှန်း မသိတော့ဘူး . . နက်ဖြန် အမေ့ဓာတ်စာဖိုးနဲ့ဆေးဖိုးအတွက် ခရေဝင်းရဲ့တစ်ခုတည်းသာ ကျန်တော့တဲ့ ဆွဲကြိုးလေးကလွဲရင် ဘာမှအားကိုးစရာမရှိတော့ဘူး . . . ။

တော်ပါသေးရဲ့ . . အိမ်လေးက ကိုယ်ပိုင်မို့လို့ . . ဒါက လည်း ကွယ်လွန်သွားတဲ့ ဖေဖေ့ရဲ့ကျေးဇူးတွေကြောင့်ပါ . . ။

ဆန်အိုးထဲက ဆန်ချင်နေရင်းနဲ့ နက်ဖြန် . . နက်ဖြန် တွေထပ်နေပြီ . . စဉ်းစားရလွန်းလို့ . . ခေါင်းမဖြီးနိုင် . . သနပ်ခါး မလိမ်းနိုင် . . မသိတဲ့လူတွေကတော့ . . အပျိုစစ်စစ်က လဲ ပူမိတယ်ထင်မလားပဲ . . . ။



www.burmeseclassic.com

www.burmeseclassic.com



"ခရေဝင်းရေ . . ."

ရင်းနှီးသောအသံတစ်ခု။

"ခရေဝင်း . . ."

"သမီးရေ . . ဧည့်သည် . . . အဟွတ် . . ဟွတ်"

ကမန်းကတန်း ဆံပင်ကို တစ်ပတ်လျှိုထုံးလိုက်ပြီး အိမ်ရှေ့ကို မပြေးရုံတစ်မယ် ထွက်လိုက်တော့ . . .

"ဟယ် . . ."

နိုင်ငံခြားရုပ်ရှင်၊ ဗီဒီယိုတွေထဲကလို အရမ်းဒုက္ခရောက်ချိန် လူဆိုးတွေလက်ထဲက လွတ်အောင်ကြိုးစားရုန်းကန်နေချိန်မှာ မြွန်းစားကြီး ရောက်လာတဲ့ ဗန်ဒိန်းတို့ အာနိုးတို့ ဂျက်ကီချန်းတို့လိုပေါ့ . . . ကယ်တင်ရှင်ကြီး . . .

"မငယ်လေး . . ဝမ်းသာလိုက်တာ . . ဘယ်ကဘယ်လိုစပြောရမှန်းတောင် မသိတော့ဘူး . . တကယ် . ."

"ထိုင် မငယ်လေး . . ဟိုလေ . . ခရေဝင်း . ."

မငယ်လေးက ပြုံးပြုံးလေး . . လက်ဝါးကာပြလိုက်တယ်။

"ဆက်မပြောနဲ့တော့ . . ခရေဝင်း . . အစ်မ အားလုံးသိပြီးသား . . ဘယ်တတ်နိုင်မလဲ . . အမေ့ ကျန်းမာရေးက အရေးကြီးတာ . . ."

ကျွန်မ ဘာမှမပြောနိုင်ဘူး . . မျက်ရည်ကလွဲရင် ဘာမှအားကိုးစရာမရှိတာ အမှန်ပါ . . ညီမအရင်းနဲ့မခြား အစစအရာရာ ကူညီစောင့်ရှောက်ပေးလာတဲ့ မငယ်လေးမျက်နှာကို ငေးမောကြည့်လိုက်မိတယ်။

"ကံကြမ္မာဆိုတာ ဒီလိုပါပဲ ခရေဝင်းရယ် . . ဟိုသီချင်းလိုပေါ့ . . . ချိုတစ်လှည့် . . ခါးတစ်လှည့်ပေါ့နော် . . ဘာမှ



www.burmeseclassic.com

www.burmeseclassic.com



အားမငယ်နဲ့ . . ဒါနဲ့ အဒေါ်ရော . . ဘယ့်နှယ်နေသေးလဲ”

“သက် . . သက်သာ . . သွားပါပြီ . . .”

မငယ်လေးက ကျွန်မရဲ့ပခုံးလေးကို ညင်သာစွာဖက်ရင်းနဲ့ . . .

“ဒါဆို အတော်ပဲ . . ခရေဝင်းအတွက် အလုပ်တစ်ခု ပြောထားတယ် . . .”

“ရှင် . . တ . . တ . . တကယ် . . အဟုတ် . .”

“ဘယ်တုန်းက မငယ်လေး မဟုတ်တာပြော၊ မဟုတ်တာ လုပ်ပေးဖူးလို့လဲ . . ခရေဝင်း ငါ့ညီမရယ် . . .”

“ဟုတ် . . ဟုတ်ပါတယ် . . ဝမ်း . . ဝမ်းသာလို့ . .”

လက်က မသိမသာ ရင်ဘတ်က ဆွဲကြိုးလေးဆီရောက် သွားတယ်။ ဝမ်းသာလိုက်တာမှ ရင်တွေ တလှပ်လှပ်နဲ့တုန်လာ တယ်။

“ရော့ . . . ဒီမှာ . . .”

“ဟင် . . .”

တစ်ထောင်တန်တွေနဲ့ ငါးရာတန်တွေ . . .

“ဒီငွေတွေက မငယ်လေး . . ခရေဝင်းအတွက် အလုပ် တွက်ပေါ့လေ . . တစ်လစာကြိုထုတ်လာတာ . . အဒေါ့်အတွက် လိုအပ်မယ်ထင်လို့ . . ပထမတော့ အဒေါ်နေမကောင်းဘူးဆိုရင် ခဏသုံးထားလို့ရအောင် အလုပ်ရှင်ဆီက အကျိုးအကြောင်း ပြော ပြီးထုတ်လာတာ . . . ခုတော့ အဒေါ်လည်း သက်သာသွားနေပြီ ဆိုတော့ ဒီလကုန် စဆင်းပေတော့ . . .”

ကျွန်မ . . ကျွန်မရဲ့ရှေ့က ငွေတွေတောင် မမြင်တော့ပါ ဘူး . . မျက်ရည်တွေ မှုန်ဝါးဝါးနဲ့ . . .



www.burmeseclassic.com

www.burmeseclassic.com



"အလုပ်ရှင်မိန်းကလေးက အရမ်းသဘောကောင်းတာ . . ဘာတဲ့ . . အင်း . . အင်္ဂလိပ်လိုတော့ မပြောတတ်ပါဘူး ဟယ် . . အလှပြုပြင်ရေးဆိုင် . . ခရေဝင်းက သူ့ရဲ့အလုပ်သမား မိန်းကလေးတွေကို ထမင်းချက်ကျွေးရမယ် . . ပြီးတော့ . . ဆိုင် ရဲ့ ဝေယျာဝစ္စတွေ တတ်နိုင်သလောက် ဝိုင်းလုပ်ပေးပေါ့ . ."

မငယ်လေးရဲ့လက်ကို ကျွန်မ ဖမ်းဆုပ်ပြီး သူ့ရှေ့တည့် တည့်မှာ ပုဆစ်တုပ်ထိုင်လိုက်တော့ . . .

"ဘာလဲ . . မငယ်လေးကို ကန်တော့ဦးမယ် . . လက် ဖက်ရည်ဖိုးလေး ယူသွားပါဦး . . ကျေးဇူးတင်လွန်းလို့ပါလို့ ပြော ဦး၊ ငိုဦးမလို့လား . . . မလုပ်ပါနဲ့ ငါညီမရယ် . . ဒုက္ခရောက်သူ အချင်းချင်းကို ထမင်းရည်တစ်ဇွန်း ကူမသောက်ပါရစေနဲ့ . . ဒီဘဝ ငါတို့ဆင်းရဲနေတာ . . အတိတ်က ကံတရားကြောင့်ပါ . . ဒါ့ကြောင့် သန့်သန့်ရှင်းရှင်းလေးနဲ့ ကုသိုလ်ယူပြီး ကူညီတာ ပါအေ . . ."

"ဟုတ်တော့ဟုတ်ပါတယ် မငယ်လေးရယ် . . ဒါပေမယ့် မငယ်လေးကူညီတာတွေများနေပြီလေ . . ဒီတစ်ခါတော့ ကျေးဇူး ဆပ်ပါရစေနော် . ."

မငယ်လေးက ခေါင်းခါခါ . . လည်ခါခါနဲ့ . . .

"မလိုပါဘူးအေ . . အမြီးကျက် အမြီးစား၊ ခေါင်းကျက် ခေါင်းစားတွေဟာ တာရှည်မခံပါဘူး . . ဒီဘဝမှာ ကောင်းတာ လုပ်မှ နောင်ဘဝအတွက် စိတ်ချရမှာအေ့ . . ညည်းက အပျို မိဘကိုလုပ်ကျွေးနေတာ . . မငယ်လေးက . . . ."

မျက်ရည်တွေ တပေါက်ပေါက်နဲ့ကျလာပြီး တိမ်ဝင်သွား တဲ့ မငယ်လေးအသံတွေဟာ တုန်ခါလို့နေပါတယ် . . ။

www.burmeseclassic.com

www.burmeseclassic.com



"လင်အရက်သမားနဲ့ . . ကလေးသုံးယောက်ကို လုပ်ကျွေးနေရတာ . . ဝဋ်ကြွေးချင်း မတူပါဘူးအေ . . ."

မျက်ရည်တွေကို လက်ဖမိုးနဲ့သုတ်ရင်း . . .

"ကဲ . . မငယ်လေး သွားတော့မယ် . . ဪ . . ဒီမှာ အဲဒီဆိုင်ရဲ့ လိပ်စာကဒ်ပြား . . ဘာတဲ့ . . ပုလဲကွန်ဒိုဆိုလား . . ဆိုင်နာမည်က . . အဲ . . နေပါဦး . ."

". . . . . . ပါ မငယ်လေးရဲ့ . . ."

လိပ်စာကဒ်လေး ကျွန်မကြည့်ရင်း ပြောလိုက်တယ်။

"သိပါဘူးအေ . . သူတို့က အင်္ဂလိပ်လိုရေးထားတော့ မဖတ်တတ်ဘူး . . ပိုင်ရှင်နာမည်က မဥမ္မာတဲ့ . . အရမ်းသဘောကောင်းတာ . . အဲ . . ခရေဝင်းရဲ့အောက်ဆိုက်က ဘီယာပုလင်းအခွံ၊ ပြီးတော့ ရေသန့်ဗူးအခွံ၊ ညနေပိုင်း သူတို့ပို့တဲ့ ထမင်းဟင်းတွေပေါ့ . . ."

ထွက်မယ်လုပ်ပြီးမှ . . .

"ဟိုမှာအိပ်လည်းရတယ်တဲ့ . . ပြန်ချင်လည်း ရတယ်တဲ့ . . ကဲ . . ကလေးတွေ ကျောင်းအမီ ပြေးလိုက်ဦးမယ် ညီမရေ . ."

ကျောပေးပြီး ထွက်သွားတဲ့ မငယ်လေးရဲ့ကျောပြင်ကို ကြည့်ပြီး ကျွန်မရင်ထဲက စကားလေးတစ်ခွန်းကတော့ . . .

"မိဘအပေါ်ထားတဲ့ မေတ္တာတရားဟာ ချက်ချင်းလက်ငင်းအကျိုးပေးပါလားရယ် . . . လို့ . . ."



www.burmeseclassic.com

www.burmeseclassic.com



## အခန်းစဉ် (၁၁)

### ပရိုမိုးရှင်း ထပ်တက်ခြင်း

"ဘီယာ ပုလင်းအခွံက အလုံး ခြောက်ဆယ် . . ရေသန့်ဗူးအခွံက နှစ်ရာ . . ."

"ဟုတ်တယ်နော် . . အစ်မလေး . . ."

ဆိုင်က ကောင်မလေးတွေ ဝိုင်းအုံလာပြီး . . .

"မခရေ . . သမီးတို့ကို မုန့်ဝယ်ကျွေးရမယ်နော် . . "

"ကျွေးမှာပေါ့ . . ကဲ . . ပြော . . ဘာစားချင်ကြလဲ"

"ဘူဖေး . . "

"ဟယ် . . ငါမကြိုက်ဘူး . . ဟမ်ဘာဂါ . . "

"တို့ကတော့ ရေခဲမုန့် . . . "

"ဒိန်ချဉ် . . . "

"ဟာ . . ဒီလောက် အဲယားကွန်းထဲမှာ တစ်နေကုန် အလုပ်လုပ်နေရတဲ့ကြားထဲ ရေခဲမုန့်ဝယ်ကျွေးခိုင်းနေသေးတယ်"

"ဒါဆို . . . ရှမ်းခေါက်ဆွဲ . . လမ်းထိပ်မှာ ဝယ်ကျွေး"

တစ်ယောက်တစ်ပေါက်နဲ့ လိုင်းဘတ်စ် ကားပေါ် ရောက်သွားတယ်။

တော်ဝင်မြို့မ စာအုပ်တိုက်
www.burmeseclassic.com

www.burmeseclassic.com



"ကဲ . . ကဲ . . ခရေဝင်းပြောမယ် . . ဒီဆိုင်ကို ခရေဝင်း ရောက်တာ သုံးလကျော်သွားပြီ . . ဒီတော့ သုံးလပြည့်အထိမ်း အမှတ်နဲ့ . . ညနေ ခရေဝင်းကိုယ်တိုင် ဘူဖေးကျွေးမယ် ဟုတ် ပြီလား . . ."

"ဟေး . . . ဒါမှ ဆံရှည်မမကွ . . ."

"မခရေ . . ရည်းစားချောချောလေး ရပါစေ . . "

"ဆိုင်ကိုလာ,လာ့နေတဲ့ ဖက်တီးပုပ်အောင်ဇော်မင်းနဲ့ ညားပါစေ . . ."

"အောင်ဇော်မင်းနဲ့တော့ မယူပါရစေနဲ့ဟယ် . . သူက အရမ်းသောက်တာ . . ."

ခရေဝင်းရဲ့ခါးသေးသေးလေးကို ဝိုင်းဖက်ပြီး . . .

"ဒါဆို . . ခပ်ချောချောလေး . . ရဲမွှန် . . . အမလေး . . ဟယ် . . ငါတို့အစ်မကိုများ စားဖို့မှူးကိုရဲမွှန်နဲ့ . . . ဘုရား . . ဘုရား . . ."

"ဟဲ့ . . ဟဲ့ . . အဲဒီရဲမွှန်ကိုပြောတာမဟုတ်ဘူး . . ကား ပွဲစားရဲမွှန်ကိုပြောတာ . . "

"ဘယ်က ကားပွဲစားရမှာလဲ . . ပွဲစားတန်းမှာ ကားရေ ဆေးတာ မသိရင်ငါ့မေး . . ."

လဲ့လဲ့က ခါးထောက်ပြီး . . .

"ဒါဆို . . ညည်းကရေဆေး . . အဲလေ . . ကိုယ်တိုင် တွေ့ခဲ့တယ်ပေါ့ . . "

အေးဖောင်က ကမန်းကတန်း . . .

"ဖြတ်သွားဖြတ်လာရင်းနဲ့ တွေ့မိတာပါဟယ် . . "

နိုနိုက ခရေဝင်းရဲ့မေးစေ့လေးကို လက်ဖြင့်အသာအယာ

www.burmeseclassic.com

www.burmeseclassic.com



တိုင်မော့ပြီး . . .

"ဒါဆို တစ်ပတ်တစ်ခါ မျက်နှာပေါင်းလာလာတင်တဲ့ တိုလွှမ်းဝေနိုင် . . အဖေတစ်ခု သားတစ်ခု ဆိုရင်ကော . ."

"ဟဲ့ . . နိုနို . . သူက မယားသုံးယောက်နဲ့ဟဲ့ . . တစ်ယောက်ဆီသွားခါနီးတိုင်း . . . တစ်ယောက်ဆီက အနံ့အသက်တွေပါသွားမှာစိုးလို့ သူပေါင်ချိန်မျက်နှာကြီး လာလာဆေးကြောသုတ်သင်၊ ကာလာချိန်းနေတာဟေ့ . . သိပြီလား . . ."

ခရေဝင်းနဲ့ ဆိုင်ရှင်မဥမ္မာကတော့ ဘာမှဝင်မပြောဘဲ ပြုံးပြီး ကြည့်နေလိုက်သည်။ ဖက်တီးမအေးဖောင်က တစ်ချက်တွေးစားပြီး . .

"ပေါ်ပြူလာဂျာနယ်က သျှီသူအောင်နဲ့ဆိုရင် . ."

မခိုင်ခိုင်က ခေါင်းခါခါ လည်ခါခါဖြင့် . . .

"တော်စမ်းပါအေ . . . တစ်နှစ်နေမှ တစ်ခေါက်လောက် ဆိုင်လာတာ . . သူက ကပ်စေးနဲ . . အနှိပ်ခန်းကျမှ ပိုက်ဆံထွက်တာ . . အကြည်တော်ဆို တော်သေး . . ."

"ပိုဆိုးသေး . . ပြောတော့ စာရေးဆရာတဲ့ . . ရုပ်ကအေးပြုရုပ် . . ရေးတော့ ဟာသ . . ငါက စာရေးဆရာဆိုတော့ နွဲ့စိနွဲ့ သွယ်သွယ်လေးမှတ်တာ . . ."

လဲ့လဲ့က ကမန်းကတန်း . . .

"ဟဲ့ . . ဟဲ့ . . ဘယ်လိုပုံပေါက်နေလို့လဲ . . ."

"ဘယ်လိုပုံပေါက်ရမှာလဲ . . . ကမ်းနားက ဆိပ်ကမ်းထုန်တင်ကုန်ချအလုပ်သမားတောင် သူ့လောက် ဗလမတောင့်ဘူး"

ဖက်တီးပုပ်အေးဖောင်က တုန်တုန်ရင်ရင်နဲ့ အိုက်ခင်



www.burmeseclassic.com

www.burmeseclassic.com



သုံးရှိုး . . .

"အမင်္ဂလာ . . ရင်တွေတုန်လိုက်တာ . . ကျောင်းဆရာကြီး . . . ဟား ဟား . . ဟား ဟား . . ခစ် ခစ် . . ."

ခရေဝင်းလည်း မနေသာတော့ဘူး . . .။

"ကဲပါ . . ငါ့ညီမ၊ ငါ့အစ်မတို့ရယ် . . ကြိုက်သလိုသာ ရွေးပေး . . အိမ်က အမေနဲ့အဆင်ပြေရင် တော်ပြီ . . ."

အေးသီတာက ရှုံ့မဲ့ပြီး . . .

"ဟာ . . မဟုတ်သေးဘူးလေ . . ခုဟာက မခရေဝင်း အတွက် အဖော်ရှာပေးနေတာ . . အစ်မရဲ့အမေအတွက် မဟုတ် ဘူးလေ . . ."

တဟားဟားနဲ့ ရယ်ကြပြန်ရော . . ခရေဝင်းကတော့ သူ့ ထုံးစံအတိုင်း ပြုံးရုံလေးပြုံးပြီး နောက်ဘက်အခန်းဝင်မယ်အလုပ်။

"ညီမ ခရေဝင်း ခဏ . . ."

ဆိုင်ရှင်ရဲ့အသံကြောင့် ပြန်လှည့်ပြီး ကောင်တာဘေး တွင် မတ်တတ်ရပ်လိုက်သည်။

"ထိုင်ပါ ညီမရဲ့ . . ပြောစရာလေးရှိလို့ . . ."

"ဟုတ်ကဲ့ . . ဟို ညနေစာအတွက်လားဟင် . . ."

"မဟုတ်ပါဘူး . . တခြားကိစ္စတစ်ခုပါ . . ."

ခုနက အော်ဟစ်ဆူညံစွာရယ်မောနေသောအုပ်စု ငြိမ် ကျသွားပြီး စူးစမ်းသောမျက်လုံး၊ နားများဖြင့်ကြည့်နေလိုက်သည်။ ဆိုင်ရှင်မဥမ္မာက ခရေဝင်းကို ခြေဆုံးခေါင်းဖျားကြည့်ပြီး . . .

"နောက်လကစပြီး ညီမ မီးဖိုချောင်ထဲ မဝင်နဲ့တော့ . . ."

"ရှင် . . ."

တုန်လိုက်တာ . . ရင်တွေတုန်လိုက်တာမှ လှုပ်လှုပ်



www.burmeseclassic.com

www.burmeseclassic.com



နဲ့ . . ဘာများမှားနေလို့လဲ . . . .

"ဟို . . ဟို . . ကျွန်မ . . ကျွန်မ . . ချက်ကျွေးတာ"

"ထမင်းဟင်းနဲ့ မဆိုင်ပါဘူး ညီမရဲ့ . . ဒီလိုညီမရေ . . ခရေဝင်းရဲ့ကိုယ်လုံးကိုယ်ပေါက်၊ ခရေဝင်းရဲ့ဆံပင် အသားအရေနဲ့ ထမင်းချက်တဲ့အလုပ် မလိုက်ပါဘူး . . ဒီတော့ ဒီလကစပြီး ရတဲ့အချိန်လေးတွေမှာ လျှော်၊ ကောက်၊ ဖြောင့်၊ ညှပ်၊ ပညာသင်ပေတော့ . . တတ်သွားရင် လခတိုးပေးမယ် . . ဟုတ်ပြီလား"

တုန်ပြန်ပြီ . . ရင်တွေတုန်ပြန်ပြီ . . . ။

ဘုရား . . . ဘုရား . . နားကြားများလွဲနေပြီလား . . မနေ့က ဘုရားမှာ သစ်သီးဆွမ်းတွေကပ်၊ အမေ့ကိုလိမ္မော်သီးဝယ်ကျွေးလို့များလား . . . ။

ဖျတ်ခနဲ အမေ့ရဲ့ပါးရေတွန့်နေတဲ့ကြားက မရမကပြုံးနေတဲ့ မျက်နှာလေးကို ပြေးမြင်ယောင်လိုက်မိသေးတယ်။

ဖက်တီးမ အေးဖောင်က ဝုန်းခနဲထရပ်လိုက်ပြီး ရဲဘော်တွေ အလေးပြုသလိုမျိုးလုပ်ပြီး . . .

"ရဲမေတို့ သင်တန်းသူအသစ် ခရေဝင်းကို ဂုဏ်ပြု . . ဝေး . . . ဟေး . . ."

ဆူညံစွာအော်ဟစ်ပြီး ခရေဝင်းရဲ့ပါးနှစ်ဖက်ကို ဘယ်ပြန်ညာပြန် ဝိုင်းနမ်းပိုက်သည်။

အလှပြုပြင်ရေးဆိုင်လေးရဲ့ နံနက်ခင်းလေးက သာယာလှပလို့သွားပါတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



အခန်းစဉ် (၁၂)

## ပြဿဒါးနဲ့ မလွတ်တလွတ်

အလှပြုပြင်ရေး ဆိုင်ရဲ့ ကံဇာတာပဲ တက်လာလို့လား ခရေဝင်းဆိုတဲ့ ဆံပင်အရှည်ကြီးနဲ့ သနပ်ခါး ပါးကွက်ကြား မြလိမ်းတဲ့ ကောင်မလေးကြောင့်ပဲလားတော့ မသိဘူး . . ချိန်တိုတိုလေးအတွင်းမှာ ချာတိတ်မ၊ ချာတိတ်ကလေးတွေရဲ့ းစပ်ဖျားမှာ ဒီဆိုင်မှ ဒီဆိုင်ကိုဖြစ်နေတယ်။

ဆိုင်ထဲကိုရောက်လာတဲ့ အရွယ်စုံ၊ ဆိုဒ်စုံ၊ အသက်စုံတွေ ခရေဝင်းနဲ့ပဲ ခေါင်းလျှော်မယ်၊ ခရေဝင်းနဲ့ပဲ ခေါင်းညှပ်မယ်။ ရေဝင်းနဲ့ပဲ မျက်နှာချေးချွတ်မယ်တဲ့။

ဆိုင်ရဲ့ဝင်ငွေ သိသိသာသာကြီးတိုးလာသလို၊ ခရေဝင်း တွက် ဘောက်ဆူး၊ ပါဆင်းနစ်တွေကလည်း ပါဝါတိုးတိုးလာ ယ်။ ပထမပိုင်း ခရေဝင်းကိုချစ်ကြတဲ့ လုပ်ဖော်ကိုင်ဖက် တိတ်မလေးတွေ . . .

သူတို့မိတ်နဲ့သူတို့ဖောက်သည်တွေအားလုံးဟာ ခရေဝင်း ကို အလိုအလျောက်ရောက်ကုန်တော့ . . သူတို့ငွေတွေရဲ့

www.burmeseclassic.com

www.burmeseclassic.com



စိတ်တွေဟာ တဖြည်းဖြည်းနဲ့ အရောင်ဆိုးစပြုလာကုန်ပြီ။

"မခရေ . . ညှော်သည် . . . ."

"ဩော် . . ဟုတ်ကဲ့ . . ခဏစောင့်နော် . . "

"ရတယ် ခရေ . . ဘယ်လောက်စောင့်ရ . . စောင့်ရ"

"ဟုတ်ကဲ့ရှင့် . . ဒီမှာ လက်စမသတ်သေးလို့ပါနော်"

ကျန်တဲ့လူတွေရဲ့မျက်နှာတွေက စူပုပ်နေတော့ . . ခရေဝင်းခမျာ မနေတတ် မထိုင်တတ်ဖြစ်ပြီး . . .

"အစ်ကို . . အေးဖောင်နဲ့ လျှော်လိုက်ပါလား . . "

"ဟာ . . မလုပ်ပါနဲ့ . . စောင့်ဆိုစောင့်နေပါ့မယ် . . "

အေးဖောင်က မဲ့ကာရွဲ့ကာဖြင့် . . .

"ကျွန်မရဲ့လက်တွေ မနူးနေပါဘူးနော် . . . "

ညှော်သည်က မကြားဟန်ဆောင်ပြီး ခုံပေါ်တင်ထားတဲ့ မဂ္ဂဇင်းစာအုပ်ကို ယူဖတ်ရင်း အချိန်ဖြုန်းနေလိုက်သည်။

"အာရေး . . အီးမား . . ဘာရောင်းဖို့ရှိသေးလဲ . . "

ခါတိုင်း ပုလင်းခွံ၊ ရေသန့်ဗူးခွံတွေ ဝယ်နေကျကုလားလေးရောက်လာတော့ လဲ့လဲ့က မဲ့ကာရွဲ့ကာဖြင့် ရှုပ်ရှင်သရုပ်ဆောင်မျိုးမျိုးခိုင် ပုံစံမျိုးနဲ့ . . .

"ဘာမှရောင်းစရာမရှိဘူးဟေ့ . . လူပဲရှိတယ် . . ခါတိုင်းရောင်းနေတဲ့လူက နင့်ရောင်းတဲ့ပုလင်းခွံတွေထက်သာတဲ့အလုပ်၊ ဝင်ငွေကောင်းတဲ့အလုပ် လုပ်နေပြီ . . . ပြန်တော့ . . "

ဟယ် . . အံ့ဩစရာကြီးပါလား . . ဘုရား . . ဘုရား . . လူတွေရဲ့စိတ်တွေ . . ကြောက်စရာကောင်းလှချည်လား . . လို့ ခရေဝင်းတွေးလိုက်မိတယ် . . ဗေဆင်မှာလက်ကိုရေဆေးပြီး ညှော်သည်ဆီသွားမယ်အလုပ် . . .



www.burmeseclassic.com

www.burmeseclassic.com



"ခရေဝင်း . . ညီမ ထမင်းစားလိုက်ဦးလေ . . ညည့်သည်ကို အစ်မ ကြည့်ပြောထားလိုက်မယ် . . . "

ဆိုင်ရှင်မဥမ္မာရဲ့အသံ . . ကျွန်တဲ့လုပ်ဖော်ကိုင်ဖက်အချို့ စိတ်ထားပြောင်းကုန်ပေမယ့် ပိုင်ရှင်ဖြစ်တဲ့ မဥမ္မာကတော့ အရင်အတိုင်း . . .

"ရပါတယ် မဥမ္မာ . . ဒီတစ်ယောက်ပြီးမှပဲ စားတော့မယ် . . ညည့်သည်တွေကို အားနာပါတယ် . . . သူပြီးရင် လူလည်း ရှင်းနေတဲ့ဥစ္စာ . . . "

မဥမ္မာက ခရေဝင်းရဲ့မျက်နှာလေးကို ငေးမောကြည့်ပြီး ခေါင်းခါလိုက်တယ် . . ။

"ခုနေတော့ လူရှင်းနေတာပဲလေ . . တော်ကြာ . . ခရေဝင်း သူ့ကိုလျှော်ပေးနေတုန်း . . ညည့်သည်ထပ်ရောက်လာရင် ဘယ်လိုလုပ်မလဲ . . . "

ခရေဝင်းနဲ့မဥမ္မာတို့ရဲ့ ပြောစကားတွေကိုကြားနေရတဲ့ ညည့်သည်က နောက်ထပ်မဂ္ဂဇင်းတစ်အုပ်လှမ်းယူလိုက်ပြီး . .

"ရတယ် မခရေ . . ရေ . . စားစရာရှိတာသာ စား . . တော်ကြာ . . အစာအိမ်တွေ . . ဘာတွေထိခိုက်ကုန်ပါ့မယ် . . "

နောက်ဘက် မီးဖိုချောင်ဘက်ဆီက စကားသံတချို့ တိုးညှင်းစွာထွက်ပေါ်လာတယ်။

"ကျွန်တဲ့လူတွေက အစာအိမ်မရှိဘူး . . အစာတိုက်ပဲရှိတယ် . . စိုးရိမ်နေလိုက်ကြတာ . . အံ့ဩပ . . ခစ်ခစ် . . ဟီဟီ . . "

"အဲဒါကြောင့် နင့်ကိုပြောတာပေါ့ . . ဆံပင်ကိုအညည်ကြီးထားပါလို့ . . ခဏ ခဏ ဖြတ်ရောင်းနေတော့ . . နိုင်ထူးရဲ့



www.burmeseclassic.com

www.burmeseclassic.com



အဝေးဆုံးဖြစ်ပြီ . . .”

“ဟဲ့ . . ငါက ဒီအလုပ်ကို ဆံပင်အားကိုးနဲ့လုပ်တာ မဟုတ်ဘူး . . ရုပ်ကလေးဗန်းပြပြီး သနားစရာမျက်နှာမျိုးနဲ့ လုပ်စားတာ မဟုတ်ဘူး . . . တကယ်တတ်လို့ . . တကယ်လုပ်စားတာ . .”

မီးဖိုချောင်ဘက် . . . ထမင်းစားဖို့ ဝင်မယ်လုပ်နေတဲ့ ခရေဝင်းရဲ့ ခြေလှမ်းတွေဟာ . . စကားသံအချို့ကြောင့် ဘက်ဂီယာချိန်းပြီး နောက်ကို ပြန်ဆုတ်လို့နေပါတော့တယ် . . . ။

ဩော် . . ဒီနေ့ . . ပြဿဒါးမလွတ် တလွတ်ပါလား ရယ်လို့ . . .



www.burmeseclassic.com

www.burmeseclassic.com



## အခန်းစဉ် (၁၃)

## အိပ်မက်ထဲက ရုန်းထွက်ခြင်း

မြန်မာနိုင်ငံ

အပြည်ပြည်ဆိုင်ရာလေဆိပ်မှာ သူဇာနွယ်တို့ဇနီးမောင်နှံအသစ်ကျပ်ချွတ်နဲ့ လက်ဟောင်းအေးအေးခိုင်တို့ဇနီးမောင်နှံတွေ နာရီတကြည့်ကြည့်နဲ့ . . သိပ်တော့ မကြာလိုက်။

"ကိုကို လေယာဉ်ဝင်လာပြီ . ."

သူဇာနွယ်ရဲ့အမျိုးသားက . . .

"နွယ် . . ကိုထူးဇော်ကို . . ကိုယ်မသိဘူးနော် . . "

အေးအေးခိုင်က . . .

"ဟဲ့ . . မိနွယ် . . သက်ပိုင်ဇော်အကြောင်း လုံးဝ လုံးဝနော် . . ."

"အေးပါ . . နင့်ပါးစပ်ပဲ အရေးကြီးတယ် . . တော်ကြာ . . ကရားထဲက ရေလွှတ်သလို လွှတ်ခနဲ မပြောမိစေနဲ့ . . ."

အေးအေးခိုင် အမျိုးသားကိုဒွေးကတော့ ပြုံးရုံလေးပြုံးနေတယ် . . သူငယ်ချင်းတွေအခေါ်ကတော့ ကိုရေခဲတုံးတဲ့။

"ဟဲ့ . . ဟဲ့ . . ဟိုမှာ . . ဟိုမှာ . . ထူးဇော် . . ထူးဇော်"



www.burmeseclassic.com

www.burmeseclassic.com



ချာခနဲလှည့်ကြည့်လိုက်ပုံများ ကိုရီးယားမင်းသား အစွဲး ပေးလောက်ပါရဲ့ . . မနည်းကြီးမှတ်မိအောင်ကြိုးစားရတယ်။ ဖွေး ဖွေးဆွတ်တဲ့ အသားရောင်လေးနဲ့ နီညိုရောင် မကျတကျ ဥရောပ ဝတ်စုံလေး လိုက်ဖက်ညီလိုက်တာလို့ မနွယ်စိတ်ထဲက ကောက် ချက်ချမိတယ် . . .။

"ဟဲ့ . . . ထူးဇော် . . ငါ . . မနွယ်လေ . . ဒါက ငါ့ အမျိုးသား . . ထွန်းထွန်းပဲ . ."

"ဩော် . . တလောတုန်းက လက်ထပ်မယ်ဆိုတာ . . ဟုတ်ကဲ့ . . တွေ့ရတာဝမ်းသာပါတယ် . ."

"ထူးဇော် . . သူက မအေးအေးခိုင်ရဲ့အမျိုးသားလေ . ."

ထူးဇော်က လက်ဆွဲနှုတ်ဆက်ပြီး . . .

"ကိုဗြေးမဟုတ်လား . . ကျွန်တော် မသွားခင်လေးမှာ . . လက်ထပ်ပွဲလုပ်လို့ ကျွန်တော်တောင် သတို့သားအရံလုပ်ပေး ခဲ့ရသေးတယ်လေ . . ခု သားသမီးတွေ ဘာတွေရနေပြီလား . ."

"ဟုတ်ကဲ့ . . . နှစ်ယောက်တည်းပါ . ."

ထူးဇော်က အေးအေးခိုင်ကို တစ်ချက်အကဲခတ်လိုက် ပြီး . . .

"ဒါနဲ့ မမသက်ရော . . မပါလာဘူးလား . ."

မနွယ်က ကမန်းကတန်း . . .

"နင့် မမသက်က သူ့မောင်ကို သွားကြိုပေးပါတဲ့ . . သူက သူ့မောင်ပြန်လာရင် စားဖို့သောက်ဖို့ အစွမ်းကုန်လက်စွမ်းပြမယ် ဆိုပြီး ချက်ပြုတ်နေပါသတဲ့တော် . . ."

သည်တော့မှ ထူးဇော်မျက်နှာ . . ကာလာပြောင်းသွား တော့တယ် . . .။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ . . . ပစ္စည်းတွေစုံရင် သွားကြရအောင် . ."

အေးအေးခိုင်က . .

"နင့်အစ်မ . . မမသက်ကတော့ ကျိန်းသေငိုမှာပဲ . ."

"ဗျာ . . ဘာ . . ဘာဖြစ်လို့ . . ."

ပါးစပ်ဘရိတ်ပေါက်သွားသော အေးအေးခိုင်ကို မနွယ်က မျက်စောင်းတစ်ချက်ထိုးလိုက်ပြီး . . .

"ဘာဖြစ်ရမှာလဲ . . နင်နဲ့နှစ်ပေါင်းများစွာ . . . ခွဲခွာနေရတော့ ပျော်လို့ . . ဝမ်းသာလို့ပေါ့ဟ . ."

ထူးဇော်က အားပါးတရကြီးပြုံးပြီး . . .

"ဟုတ်တယ်နော် . . မမသက် အရမ်းဝမ်းသာနေမှာ . . ကဲ . . သွားကြမယ်လေ . . ."

ကားပါကင်ထားသောနေရာသို့ ထူးဇော်က ဦးဆောင်ထွက်သွားတယ် . . မနွယ်က အေးအေးခိုင်ကို တံတောင်နဲ့တွတ်လိုက်ပြီး နှစ်ကိုယ်ကြားလေသံနဲ့ . . .

"နင့်ပါးစပ်ဘရိတ်ရှူးကို သေသေချာချာပြန်ပြင်ဦး . ."

"ငါလည်း ထိန်းထားတာပဲ . . လွတ်ခနဲဖြစ်သွားလို့ပါဟယ် . . ."

ပြောနေရင်းနဲ့ အေးအေးခိုင်အသံက နည်းနည်းကျယ်သွားတယ်။ ရှေ့က သွားနေတဲ့ ထူးဇော်က ဖျတ်ခနဲလှည့်ပြီး . .

"ဘာ . . ဘာဖြစ်လို့လဲ . . ဟင် . . မနွယ် . ."

မြန်းစားကြီးဆိုတော့ ဘာပြန်ပြောရမှန်းမသိ၊ ကြောင်အမ်းအမ်းကြီးဖြစ်ပြီး မျက်လုံးတွေက ရှိရင်းစွဲထက် ပိုပြူးထွက်သွားတယ် . .။

"ဟို . . ဟိုလေ . . အေး . . အေး . . ခိုင်ပေါ့ . . ကား



www.burmeseclassic.com

www.burmeseclassic.com



. . ကားဘရိတ်ပေါက်တာ ပြင်ပြီး . . ပြီလားလို့ မေး . . မေး နေတာ . . . ”

“ဒါဖြင့် . . ခုရော . . ”

ထူးဇော်က အေးအေးခိုင်ကိုကြည့်ပြီး မေးလိုက်ရာ တစ်ခါဘူးမှ မသွက်လက်သော စကားနည်းသော အေးအေးခိုင်အမျိုးသား ကိုဌေးက . . .

“အားလုံး အိုကေပါ . . စိတ်လုံးဝချ . . ကျွန်တော်ကိုယ်တိုင် ဝပ်ရှော့မှာ . . လုပ်ခဲ့ပြီးသား . . ”

“တော်ပါသေးရဲ့ . . တော်ကြာ . . နိုင်ငံခြားမှာ ကားအက်စီးဒင့်မဖြစ်ဘဲ . . ဒီရောက်မှဖြစ်တယ်ဆိုရင် ပျော်စရာတွေလေထဲ လွင့်မျောကုန်မယ် . . . ”

“ဟား . . ဟား . . ဟား . . . ဟား . . ”

ထူးဇော်က သူ့ဘာသာသူပြောပြီး သူ့ဘာသာသူ သဘောကျနေလေရဲ့ . . . ။



www.burmeseclassic.com

www.burmeseclassic.com



## အခန်းစဉ် (၁၄)

### ငှက်လွှတ်ပေးခြင်း

ကုမ္ပဏီကိစ္စတွေကတစ်ဖက်၊ မမသက်ရဲ့ကျန်းမာရေးအတွက် ဆေးခန်းပြေး ဆေးဝယ်ရနဲ့ နှစ်ပတ်နီးပါး ထူးဇော် ခြေတုန်လက်ပန်းကျသွားသည်။ မမသက်ကလည်း တွေ့စကနဲ့မတူ မောင်လေးဖြစ်သူ အနားမှာပဲရှိနေလို့ပဲလား မသိ။ အသားအရေတွေ လတ်ဆတ်ပြီး အပျိုဖျန်းကလေးသဖွယ် မြူးတူးလှုပ်ရှားတက်ကြွနေသည်။

ဒီနေ့တော့ ဘာအလုပ်မှမယ်မယ်ရရမရှိ။ မမသက်အတွက် သောက်ဆေးက တစ်ပတ်စာရထားပြီးပြီမို့ ခြံထဲမှာ အညောင်းပြေ၊ အညာပြေ၊ ကျန်းမာရေးလှုပ်ရှားမှုလုပ်ပြီး ပက်လက်ကုလားထိုင်ပေါ်တွင် ခြေပစ်လက်ပစ်ထိုင်နေရင်း စဉ်းစားခန်းဝင်နေလိုက်သည်။ ထိုစဉ်မှာပင် လိုက်အေ့စ်တစ်စီး ခြံထဲချိုးဝင်လာကာ . . .

"ဟေး . . ထူးဇော် "

"ဟော့ကောင်ကြီး . . . နိုင်ခြံကားပြန်ကြီး . . ."



www.burmeseclassic.com

www.burmeseclassic.com



ခြံဝင်းတစ်ခုလုံး ဆူညံပွက်လောရိုက်သွားသည်။

"ဩော် . . သက်နေ . . နေထူးနိုင်တို့အုပ်စုပဲ . ."

ထိုင်နေရာသို့ ဝိုင်းအုံလာပြီး . . .

"ဘာလဲ . . နိုင်ငံခြားပြန်ဆိုပြီး ဘဝင်ကိုင်နေတာလား . . မလုပ်ရဘူးလေ . . ငယ်သူငယ်ချင်းတွေနော် . ."

ထူးဇော် မတ်တတ်ရပ်လိုက်ပြီး . . .

"နိုင်ငံခြားဆိုတာလည်း တိုင်းပြည်တစ်ခု၊ မြန်မာနိုင်ငံဆိုတာလည်း တိုင်းပြည်တစ်ခုပါ . . အဲဒီ့လိုပဲ ထူးဇော်ဆိုတဲ့ကောင်ဟာလည်း လူထဲက လူပါပဲကွာ . . မိဘ၊ ဆွေမျိုး၊ သူငယ်ချင်း . . ဘယ်သူ့ကိုမှ မမေ့ပါဘူး . . အရင်အတိုင်းပဲ . . ."

သက်နေက လက်ဖျစ်တစ်ချက်တီးလိုက်ပြီး . . .

"အဲဒါကို လိုချင်တာ . . အဲဒါ ထူးဇော်အစစ် . ."

နေထူးနိုင်က နောက်က သိုင်းဖက်လိုက်ပြီး . . . .

"ဟုတ်ပြီ . . ထူးဇော်စစ်မစစ် စမ်းသပ်မယ် . . . ဘယ်လို စမ်းသပ်မလဲ ငါ့တူ . . တဲ့ . . ဟုတ်ကဲ့ . . ဗိုက်ခွဲမလား၊ ခာတ်မှန်ရိုက်မလား . . အပ်ထရာဆောင်း ရိုက်မလား . ."

ထူးဇော်က အတင်းရုန်းကန်လိုက်ပြီး . . .

"ဘာကွ . . ဗိုက်ခွဲလို့ရမလား . . ."

"ဟုတ်တယ်လေ . . ဟိုပုံပြင်ထဲကလို . . ဗိုက်ခွဲပြီး ဟိုဥ ထုတ်ရမယ် . ."

"ဘာ . . ဘာဥလဲ . . ."

"တစ်နေ့တစ်လုံး မှန်မှန်သောက်တဲ့ . . အဲလေ . . မှန်မှန်ဥတဲ့ . . ရွှေဥ . . ."

"ဟား ဟား . . ဟား . ."

www.burmeseclassic.com



ထူးဇော်က မြက်ခင်းပေါ် ထိုင်ချရင်း . . .

"ကဲ . . . ပြော . . မင်းတို့ဘာလုပ်ချင်လဲ . . ငါ ဘာ လုပ်ပေးရမလဲ . ."

သက်နေက နေထူးနိုင်ကိုလှမ်းကြည့်လိုက်ပြီး . .

"ဘာမှလုပ်ပေးစရာမလိုဘူး . . ငါတို့နဲ့ အပြင်ကိုခဏ လိုက်ခဲ့ . . ."

ထူးဇော် မျက်မှောင်ကြုတ်လိုက်ပြီး . . .

"ဘီယာဆိုင် မသွားဘူးနော် . . အပျော်တွေ၊ အပြင်း တွေ ဘာတစ်ခုမှ မလုပ်ဘူး . . ."

နေထူးနိုင်က ထူးဇော်ရှေ့ ခါးထောက်ရပ်လိုက်ပြီး . .

"ဒီမယ် ထူးဇော် . . မင်းနဲ့ငါတို့ ပေါင်းလာတာကြာပြီ . . ငါတို့အရက်သေစာ မသောက်စားဘူးဆိုတာ မင်းအသိ . . မင်းလည်း လူပျို . . ငါတို့အားလုံးလည်း လူပျို . . အရာရာတိုင်း ဟာ အရင်ကအတိုင်းပဲ . . ဘာမှ မပြောင်းလဲဘူးဆိုတာ ယုံ . ."

ထူးဇော်က အားကျမခံ . . .

"ဟ . . ဒါတော့ ဘယ်ပြောလို့ရမလဲ . . . မင်းတို့က ပြောင်းလဲချင် ပြောင်းလဲနေမှာ . . . "

သက်နေကလည်း အားကျမခံ . . .

"အရက်မသောက်ဘူး . . ဘီယာမသောက်ဘူး . . မူးယစ်ဆေးဝါး မသုံးစွဲဘူး . . မိဘပစ္စည်းမခိုးဘူး . . ဖဲလည်း မရိုက်ဘူး . . ပြီးတော့ . . ဟော့ကောင် နေထူး . . ဘာကျန်သေး လဲ . . ."

"ရည်းစားမရှိသေးဘူး . . မိန်းမ မရသေးဘူး . . ဟော့ ကောင်တွေ . . ဝေးသေး . . ဝေးသေး . . "



www.burmeseclassic.com

www.burmeseclassic.com



သက်နေနဲ့ နေထူးနိုင်က မသိမသာနှစ်ဖက်ညှပ်ကပ်လိုက်ပြီး လေသံတိုးတိုးနဲ့ . . .

“မင်း ရှာစရာမလိုပါဘူး . . ထူးဇော်ရာ . . ငါတို့ဘာသာ ရှာပြီးပါပြီ . . လှမလှဆိုတာလေးသာ လိုက်အကဲခတ်ပေးစမ်းပါ”

“ကဲ . . သွား . . သွား . . အဝတ်အစား မြန်မြန်လဲလိုက် . .”

ဟု တွန်းထုတ်ရင်းပြောလိုက်သည်။

“ငါ . . ငါ . . မိန်းကလေးတွေနဲ့ စကားမပြောတတ်ဘူးလေ . . မင်းတို့လည်း အသိပဲဥစ္စာ . .”

“သိပါတယ် . . ဒါကြောင့်မို့ . . တစ်ဗွေတည်း ဥတစ်လုံး တစ်ကောင်ကြွက်ဖြစ်နေတာ . . . ငါတို့က မျိုးဆက်သစ်ရှာပေးမလို့ဟေ့ . . သိပြီလား . . ဟား ဟား ဟား . .”



www.burmeseclassic.com

www.burmeseclassic.com



## အခန်းစဉ် (၁၆)

### အချစ်အင်တာဗျူး

"မခရေ . . ဒါ ကျွန်တော်တို့ရဲ့ကျောင်းနေဘက် သူငယ်ချင်း ထူးဇော် တဲ့ . . ."

"ဟုတ်ကဲ့ရှင့် . . ."

"ထူးဇော် . . ဒါက ခရေဝင်းတဲ့ . . ဒီဆိုင်ကပေါ့ . ."

"ဟုတ်ကဲ့ ခင်ဗျ . . ."

လက်ဆွဲနှုတ်ဆက်တတ်တဲ့အကျင့်ကို တော်တော်လေး သတိထားနေလိုက်ရသည်။

"ထူးဇော် . . မျက်နှာချေးချွတ်ရအောင် . . ဘယ့်နှယ်လဲ"

"မ . . မ . . လုပ်ချင်ပါဘူး . ."

"ဒါဆို . . ခေါင်းလျှော်မယ်လေ . . ."

"မ . . မသက် ပြောထားတယ် . . ဒီနေ့ ခေါင်းလျှော်ရက် မဟုတ်ဘူးတဲ့ . . ."

"ဘာ . . ဟား ဟား ဟား . . ."



www.burmeseclassic.com

www.burmeseclassic.com



ဆိုင်ထဲက ကောင်မလေးတချို့က . . .

"ခွီး . . ခွီး . . ခစ် . . ခစ် လူထွက်တော့လူထွက်ပဲ . . ဘာလူထွက်မှန်း မသိဘူးနော် . . ."

ထူးဇော် ထိုင်ရမလို ထရမလိုနဲ့ ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိ . . စိတ်ထဲမှာတော့ သက်နေတို့ကို ကျိန်ဆဲနေမိသည်။ နီးစပ်ရာ ဆက်တီခုံတစ်ခုပေါ် ထိုင်ချလိုက်သည်။

"အစ်ကို . . ဘာသုံးဆောင်မလဲ ဟင် . . ."

ချာတိတ်မတစ်ယောက် အနားကပ်ပြီးလာမေးရာ . .

"ရတီမဂ္ဂဇင်းပေးပါ . . ."

"ရှင် . . ."

ဘာမှားသွားလဲ . . ငါဘာမှားလို့လဲ . . ။

"ဟိုလေ . . အအေးသောက်မလား . . ဘီယာသောက်မလား . . ကော်ဖီသောက်မလား . . လို့မေးတာပါရှင့် . . ."

"ဩော် . . . ဟိုလေ . . သောက်ရေအေးအေးလေးပဲပေးပါ . ."

အနားကထွက်သွားတော့ မကြားတကြားလေး ပြောသွားသေးသည်။

"မီးလွတ်နဲ့တူပါတယ် . . ."

တောက် . . . ဟိုနှစ်ကောင်ကတော့ ခေါင်းလျှော် မျက်နှာဆေးနဲ့ အပျော်ကြီးပျော်နေလိုက်တာ . . ပါးစပ်ကလည်း . . မခရေ . . မခရေနဲ့ . . ဘယ်သူတွေ အရှေ့က ဘယ်နှခေါက်ဖြတ်သွားဖြတ်လာ လုပ်နေသည်မသိ။ မဂ္ဂဇင်းစာအုပ်နဲ့ မျက်နှာအုပ်ထားပြီး တစ်ရွက်ချင်းအလွတ်ကျက်နေသည့်အလား . . .။

"အား . . ."



www.burmeseclassic.com

www.burmeseclassic.com



"ဆောရီးနော် အစ်ကို . . ."

ချိတ်ထားသော ခြေထောက်ရဲ့အစွန်းဖျား . . ခြေသန်းလေးကို ဖြတ်လျှောက်သွားတဲ့ ချာတိတ်မတစ်ယောက်ရဲ့လက်ထဲက ဘီးတစ်ချောင်းနဲ့ ဖြတ်ရိုက်သလို ဖြစ်သွားတယ်။ အနေအထိုင်ဆင်ခြင်မှ . . ဆောင့်ကြောင့်ပြန်ပြင်ထိုင်လိုက်သည်။ မဖြစ်သေးပါဘူးလေ . . နောက်တစ်မျိုး ပြောင်းထိုင်သည်။ ပုံစံအမျိုးမျိုးပြောင်းထိုင်နေသော ထူးဇော်ကို သက်နေနှင့်နေထူးနိုင်တို့က ကိုယ်လုံးပေါ်မှန်ထဲမှတစ်ဆင့် မြင်တွေ့နေရသည်။

မိန်းမကြောက်တဲ့ကောင်၊ မိန်းမ မမြင်ဖူးတဲ့ကောင်ကိုမှ မိန်းကလေးပေါသော ဆိုင်ကိုခေါ်လာပြီး တစ်ဆင့်ချင်း Lesson ပေးနေသည်။

"ဟယ် . . မာမီကင်း . . ."

"ပြောပါဦး . . . ဘယ်တုန်းက မန္တလေးကရောက်လဲဆိုတာ . . ."

"တော်စမ်းပါအေ . . ညည်းတို့ တောင်ပြေးလာတုန်းက ငါ့ဆိုင် ဝင်လည်ပါဆို . . ဘာဖြစ်လို့ မဝင်တာလဲ . . ဘာလဲ ငါ့ဆိုင်က ဒီလောက် မသားနားလို့လား . ."

ဘယ်လိုအသံမျိုးကြီးပါလိမ့် . . ယောက်ျားတစ်ယောက်ရဲ့လျှာခင်တိုနေတဲ့အသံလား . . ဝမ်းချုပ်လို့ အသံဝင်နေတဲ့ အသံလား . . .။

"ဝင်မလို့ပါပဲ မာမီကင်းရယ် . . ဒီကောင်မပေါ့ . . အစားများပြီး ဝမ်းတွေသွားနေလို့ . . ကမန်းကတန်း ပြန်လာရတာ . ."

"ကဲပါ . . . လာ . . မာမီကင်းကို မိတ်ဆက်ပေးရဦးမယ် . . ."



www.burmeseclassic.com

www.burmeseclassic.com



ထူးဇော်ရှေ့တည့်တည့်မှာ သခွားရောင်ကာလာတစ်ခု ရောက်လာတယ်။

"ကိုထူးဇော် . . ဒါက . . မာမီကင်းတဲ့ . . ."

မော့ကြည့်လိုက်တော့ . . .

"ဟိုက် . . . ဘာကြီးလဲဟ . ."

အရုပ်ကြီးက အရှည်ကြီး၊ ပိန်လိုက်တာမှ ဝါးခြမ်းပြားတို့ ကျူရိုးတို့ကို ထဘီနဲ့အင်္ကျီပတ်ပေးထားသလိုပဲ . . မျက်နှာတစ်ခု လုံးလည်း ပန်းချီရေးတဲ့ဆေးခွက်ထဲ မှောက်လျက်လဲထားသလား ထင်ရတယ်။

"ဟိုလေ ရုပ်ရှင်တို့ ဗီဒီယိုကားတွေထဲမှာ ပါ,ပါနေတဲ့ ဟာသသရုပ်ဆောင် ကိုကင်းကောင်နဲ့ ချွတ်စွပ်တူလို့ သူ့ကို သမီး တို့အားလုံးက မာမီကင်းလို့ တင်စားထားတာ . . . ."

မာမီကင်းက မျက်လုံးလေး ထောင့်ကပ်လိုက်တော့ မျက် တောင်ကော့ထားတဲ့ မက်စ်ကာရာအရည်တွေ ပျော်ကျလာပြီး ပါးပေါ်ကို အရည်မည်းတွေ စီးကျလာတယ်။ ကမန်းကတန်း သူ့ လက်ဖဝါးနဲ့ သုတ်ပစ်လိုက်တော့ ပါးတစ်ခြမ်းက မည်းနေတဲ့မျက် နှာကြီးနဲ့ . . . .

"အဟင်း . . ဟင်း . . ဟင်း . . အဆင်လေး . . တော့ အသားလေးကလည်း ဖြူလိုက်တာ . . ဖြူလိုက်တာ . . နောက် တွေ့လည်း ခေါ်နော် . . သူက မခေါ်လည်း မာမီကင်းကတော့ ရအောင်ကိုခေါ်မှာ သိလား . . ."

ပြောပြောဆိုဆို . . ထူးဇော်ဘေး ဝင်ထိုင်လိုက်ပြီး . .

"မန္တလေးရောက်ရင် မိတ်ကပ်မာမီကင်းဆို ဘယ်သူ့မေး မေး ရတယ် . . လာခဲ့နော် . . နောက်နှစ် တောင်ပြုံးလာခဲ့ပါ



www.burmeseclassic.com

www.burmeseclassic.com



ဦး . . သွားစရိတ်၊ လာစရိတ်၊ စားစရိတ်အားလုံး . . အားလုံး . . တို့ တာဝန်ယူပေးမယ်လေ . . . အမိက,ကတော့ စားစရိတ်ပဲ . . ကျွေးဦးမှာ . . လုံးဝကို အပီကျွေးမှာ . . .”

စိတ်လုံးဝညစ်သွားပြီ . . ဘာလုပ်ရမလဲ . . အားကိုးအားထားအနေနဲ့ ဟိုကောင်တွေလှမ်းကြည့်လိုက်တော့ . . ခန်းဆီးပဝါလေးကိုဖယ်ပြီး သူ့အဖြစ်ကို လှမ်းကြည့်နေတဲ့ သူတို့ပြောတဲ့ ခရေဝင်းနဲ့ ဖျတ်ခနဲမျက်လုံးချင်း ခလုတ်တိုက်လိုက်မိတယ်။ ထူးဇော်က ကြောင်ပြီးကြည့်နေပေမယ့် ခရေဝင်းကတော့ မျက်လွှာချပြီး အထဲကိုပြန်ဝင်သွားတယ် . . .။

“ကဲ . . . သွားကြရအောင် . . .”

ဘယ်အချိန်က အနားရောက်လာမှန်းမသိတဲ့ ဟိုကောင်နှစ်ကောင် မာမီကင်းမှတ်လို့ လန့်သွားမိတယ် . . စိတ်ထဲမှာတော့ လုပ်ထားကြဦးပေါ့ကွာ . . ဘယ့်နှယ်ဟာကြီးနဲ့ လွှတ်ပေးထားမှန်းမသိဘူး . . .။

ကမန်းကတန်း ပြန်ချင်တဲ့ဇောနဲ့ထရပ်လိုက်တော့ . .

“ဒုန်း . . အမလေးဗျာ . . .”

ပါးစပ်ကယောင်ပြီး ထွက်သွားတယ် . . ဒူးလည်း တော်တော်နာသွားတယ် . . ရှေ့က ခုံစောင်းနဲ့ဆော်ထည့်လိုက်တာဘာပြောကောင်းမလဲ . .

ကောင်မလေးက . . . .

“မာမီကင်းရေ . . လမ်းကြောင်းလေးဘာလေး ရှင်းပေးလိုက်ပါဦး . . ဒူးကောင်းမှ တောင်ပြုံးလာနိုင်မှာပေါ့ . . .”

မာမီကင်းက ထိုင်ရာမှဗြုန်းစားကြီး ထရပ်ပြီးပြေးလာမယ့်အလုပ် . . .



www.burmeseclassic.com

www.burmeseclassic.com



"အဟဲ . . ဟဲ . . ရ . . ရပါတယ် . . ဘာမှမဖြစ်ပါဘူး . . ဟော့ကောင်တွေ . . သွား . . သွားမယ်လေ . ."

ပြောလည်းပြော . . ရှေ့ကထွက်လည်း ထွက် . . ဒါတောင် တံခါးဝက မှန်ချပ်နဲ့တိုက်ဖြစ်အောင် ထပ်တိုက်လိုက်သေးတယ် . . . ။

"တောက် . . . ."

ရှက်ပါတယ်ဆိုမှ . . ကားပေါ်ရောက်မှ ဆိုင်ကိုလှည့်ကြည့်လိုက်တော့ တံခါးဝမှာ မာမီကင်းနဲ့ ကောင်မလေးတစ်အုပ် လက်ပြနေလေရဲ့ . . .

ခရေဝင်းဆိုတဲ့ ကောင်မလေးတော့ မတွေ့ရဘူး . . . ဟင်း . . ဆိုင်တွင်းပုန်းကုလားမ . . . ။



www.burmeseclassic.com

www.burmeseclassic.com



## အခန်းစဉ် (၁၇)

## မြင်းမိုရ်တောင်ဦး

သစ်သီးကိုးမျိုးပြည့်ရန် နောက်ဆုံးဝယ်လာသော ကွဲကောသီးအား ရေဆေးပြီး ပန်းကန်ပြားထဲထည့်၍ မိခင်ကြီးရှေ့ချကာ ပုဆစ်တုပ်ထိုင်လိုက်ပြီး . .

"မေမေ . . ဒီနေ့ဆိုင်က လခထုတ်လာလို့ . . ဒီသစ်သီးတွေနဲ့ ကန်တော့တာပါ . . ."

"သာဓု . . သာဓု . . သာဓု . . မိဘအပေါ် သိတတ်နားလည်ချစ်ခင်ရှိသေတဲ့ သားသမီးများ လူချစ်လူခင်ပေါပြီး . . "

ဆိုတဲ့ စကားကြောင့် ခရေဝင်း မိမိတို့ဆိုင်က လုပ်ဖော်ကိုင်ဖက်တွေရဲ့မျက်နှာတွေကို ပြေးမြင်ယောင်လိုက်မိတယ်။

"စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနဲ့ ပြည့်စုံပြီး သတာလ ကိုယ့်အပေါ် အနွံအတာခံပြီး သည်းခံခွင့်လွှတ်ခြင်း မေတ္တာတရားတွေနဲ့ပြည့်စုံသော ချစ်သူနဲ့တွေ့ပြီး ရာသက်ပန်ပေါင်းသင်းရပါစေလို့ . . . ."

'ချစ်သူ' ချစ်သူမှမရှိသေးတာ . . ချစ်ရတဲ့သူဆိုလို့

www.burmeseclassic.com

www.burmeseclassic.com



လောကမှာ မေမေတစ်ယောက်တည်းရှိတာ . . မေမေ ဘာတွေ ဆုပေးနေပါလိမ့် . . .။

"မေမေ . . သမီးမှာ ချစ်ရမယ့်သူ မရှိသေးပါဘူး . . "

"ခု မရှိလည်း တစ်ချိန်တော့ရှိလာမှာပါ သမီးရယ် . . အရာရာ . . မေမေ့ကို မငဲ့ကွက်နဲ့ . . မေမေရှိစဉ်ကာလမှာ အိမ်ထောင်ပြုဖို့ စဉ်းစားပါ သမီးရယ် . . မေမေ မရှိတော့တဲ့နောက် ပိုင်းကျမှဆိုရင် . . သမီးလေးအတွက် ပြောပေး ဆိုပေးမယ့်လူ မရှိမှာစိုးလို့ပါ . . . "

မေမေ့ရဲ့စကားလုံးတွေဟာ ခရေဝင်းရဲ့ရင်ထဲမှာ ဘယ်လိုကြီးမှန်း မသိပါဘူး . . ငိုချင်သလိုလို၊ ဝမ်းနည်းချင်သလိုလို နဲ့ . . .

"ဒါနဲ့သမီး . . . ဆိုင်မှာရော အဆင်ပြေရဲ့လား . . "

"ပြေပါတယ် . . မေမေ . . ဆိုင်ရှင်အစ်မကြီးက အရမ်း သဘောကောင်းတာ . . နောက်လဆိုရင် လခ ထပ်တိုးပေးမယ် လို့တောင် ပြောသေးတယ် . . . "

"အေး . . အေး . . သမီးလေးက လိမ္မာရေးခြားရှိပါ တယ် . . သမီးလေးအတွက် အရာရာ . . မေမေ စိတ်ချပါတယ် . . ကဲ . . သမီး ကန်တော့ထားတဲ့ သစ်သီးတွေ ဘုရားစင်ပေါ် တင်လိုက်လေ . . . . "

"မေမေ . . သမီးလေးကိုယ်စား . . ထပ်ပြီး ကပ်လှူပေး မယ် . . သမီးလေးလည်း ထပ်ကပ်လိုက်ပေါ့ . . . "

ဟုတ်ကဲ့ . . မေမေ . . . . "

ဘုရားပန်းတွေ ဝေဝေဆာဆာ၊ ဖယောင်းတိုင်၊ အမွှေး တိုင်တွေနဲ့ . . . အပြီး ကျက်သရေရှိနေသော ဂေါ်တမမြတ်စွာ



www.burmeseclassic.com

www.burmeseclassic.com



ဘုရားရှင်ရဲ့ မျက်နှာတော်ရှေ့တည့်တည့်၌ သစ်သီး(၉)မျိုးကို ထည့်ထားသော ငွေလင်ဗန်းလေးကို တင်လိုက်ပြီး ဘုရားရှင်ကိုယ်တော်မြတ်ကြီးရဲ့မျက်နှာတော်ကို သေသေချာချာကြည့်ပြီး ဦးချကြည်ညိုလိုက်ပါတယ် . . . . ။



www.burmeseclassic.com

www.burmeseclassic.com



## အခန်းစဉ် (၁၈)

## ချောင်းသာညည်းသည်နဲ့ ကျွန်တော်

သံပန်း

တံခါးဖွင့်ပေးရင်း . . .

"အတော်ပဲ . . မောင်လေးရေ . . ချောင်းသာက ညည့်သည်တွေလည်း ရောက်နေတယ် . ."

ချောင်းသာတဲ့ . . ချောင်းသာဆိုသော စကားလုံးကြောင့် ထူးဇော် ခြေလှမ်းတွေ နည်းနည်းတော့ နှေးကွေးသွားသည်။ ဖိနပ်ချွတ်ရင်း . . . .

"မန်နေဂျာ သားအဖပဲ မဟုတ်လား မမသက်ရဲ့ . ."

"ဟုတ်တယ်လေ . . သူ့သမီးလေးကတောင် မေးနေသေးတယ် . . ကိုထူးဇော် . . သူ့ကို မှတ်တောင်မှတ်မိပါ့မလား . . မသိဘူးတဲ့ . . ."

မမသက်က ထူးဇော်လက်မောင်းလေးကို တယုတယဆွဲပြီး ညည့်ခန်းဆီကို ဆွဲယူခေါ်သွားပါတယ် . . .။

"ဟာ . . ဟော့ . . မောင်ထူးဇော် . . နေကောင်းတယ်နော် . . ."

"ဟုတ်ကဲ့ပါ . . ."

www.burmeseclassic.com

www.burmeseclassic.com



"ဟင် . . ကိုထူးဇော်က နိုင်ငံခြားနဲ့တည့်လို့လား မသိဘူး . . အသားအရေတွေတောင် ပြောင်းလဲသွားတယ် . . ."

"ချူချာ . . အဲလေ . . ခြူးခြူးအတွက် ဘာတွေဝယ်လာသေးလဲ . . ဂ?"

ဝယ်စရာလား . . ဝယ်ရအောင် . . သူက ကိုယ့်ဇနီးမယားလည်း မဟုတ် . . ချစ်သူလည်း မဟုတ်နဲ့ . . လာတာတောင် လွန်လှပြီ အဟုတ် . . ငယ်ငယ်လေးထဲက ခဏ ခဏ နေမကောင်းဖြစ်လို့ . . အရွဲ့တိုက်ပြီး ခြူးခြူးလို့ မခေါ်ဘဲ . . ချူချာလို့နာမည်ပြောင်ခေါ်လာတာ . . . .။

"ပြောလေ . . ဘာတွေ ဝယ်လာလဲလို့ . . ."

"ဘာမှဝယ်ချိန်မရပါဘူးဟာ . . မမသက် နေမကောင်းဘူးဆိုတာနဲ့ ကမန်းကတန်း ပြေးလာရတာ . . ."

"မပြေးလာရပါဘူး . . လေယာဉ်နဲ့ပါ . . ."

'တောက် . . . .' ခုချိန်ထိ ငယ်ငယ်ကအကျင့်မပျောက်ဘူး . . ကပ်တီးကပ်ဖဲ့ ပြောတတ်တုန်း . . .

"ဟား ဟား . . အဲဒါသာကြည့်တော့ မသက်ပိုင်ဇော်ရေ . . ကျောင်းကဖြင့် ပြီးနေပြီ . . ချောင်းသာက ခင်ဗျားတို့ရဲ့ ဟိုတယ်မှာ ကျွန်တော်နဲ့တွဲဖက်မန်နေဂျာလည်း လုပ်နေရပြီ . . ကလေးစိတ်က ခုချိန်ထိ မကုန်သေးဘူး . . ."

'ကလေးစိတ်ကုန်စေချင်ရင် မြန်မြန်လင်ပေးစားလိုက်ပါလား . .' လို့ ရင်ထဲက ပြောလိုက်မိတယ် . . ။

"ဒီမှာပဲ တည်းမှာလား . ."

မမသက်က မေးလိုက်တော့ . . . .

"မတည်းတော့ဘူး . . ကျွန်တော်တို့ သားအဖ ညနေပြန်



www.burmeseclassic.com

www.burmeseclassic.com



မှာပါ . . . စာရင်းတွေအပ်ရင်း မောင်ထူးဇော် ရောက်နေတယ် သတင်းကြားလို့ . . သမီးကလည်း တွေ့ချင်တယ်ပြောတာနဲ့ သူ့ကိုပါ တစ်ခါတည်း ခေါ်လာခဲ့တာ . . ."

ဘုရား . . . ဘုရား . . တော်ပါသေးရဲ့ . . မြန်မြန်ပြန်ပါစေ . . ဒါမှ ထူးဇော် ပင်ပန်းသမျှတွေ အတိုးချပြီး အနားယူရမှာ . . နို့မို့ဆို ဟိုလိုက်ပို့ပေးရ . . ဒီလိုက်ပို့ပေးရနဲ့ ဒရိုင်ဘာဘဝက လွတ်မှာမဟုတ်ဘူး . . ကိုယ့်ဘာသာကိုယ်တွေးပြီး သက်ပြင်းတွေချနေတုန်း . . .

"မောင်လေး . . ."

"ဗျာ . . . ."

"အမလေး . . လန့်လိုက်တာ . . . ဘာဖြစ်လို့ အကျယ်ကြီးထူးတာတုံး . . ."

ကိုယ့်အတွေးနဲ့ကိုယ်ဆိုတော့ လန့်သွားတာပေါ့ . . . ကမန်းကတန်း အိုက်တင်ကို ပြင်လိုက်တယ် . . ။

"ဘာ . . ဘာမှမဟုတ်ပါဘူး . . ဟိုမှာ ကျန်ခဲ့တဲ့ အလုပ်ကိစ္စတွေ . . တွေးနေတုန်း မမသက်က ခေါ်လိုက်လို့ . . အဲ . . ဒါ . . ."

မမသက်က နင်ဘာတွေဖြစ်နေတာလဲ ဆိုတာ ငါသိပါတယ်ဆိုတဲ့ပုံစံနဲ့ နှင်နေဂျာလက်သစ်မလေးကို တစ်ချက်ကြည့်လိုက်ပြီး . . . .

"ကဲ . . ရေမိုးချိုး . . အဝတ်အစားလဲ . . ပြီးရင် သူတို့သားအဖကို အဝေးပြေးကားဂိတ်ဆီ လိုက်ပို့ပေးလိုက် . . ."

"ဟုတ် . . . ကဲ့ . . ."



www.burmeseclassic.com



## အခန်းစဉ် (၁၉)

## ဘဲတစ်ကောင်၏ ရာဇဝင်




ထဲမှ ဖုန်းမြည်သံကြောင့် ရေချိုးပြီးကာစ ဆံပင်တွေကို မျက်နှာသုတ်ပဝါနဲ့ သုတ်နေရင်း သက်ပိုင်ဇော် အပြေးလေးလာကိုင်လိုက်သည်။

"ဟဲလို . . ပြောပါရှင် . . . ကျွန်မ သက်ပိုင်ဇော်ပါ"

"ဟာ . . မမသက် . . ကျွန်တော်တို့ပါ . . သက်နေနဲ့ နေထူးနိုင်ပါ . . ."

"ကဲ . . ပြော . . နေနှစ်နေရေ . . ဘာကိစ္စ . . ."

သက်နေက ဘယ်လိုလဲ . . ဆက်ပြောရမှာလားဟူသော မျက်နှာပေးနဲ့ နေထူးနိုင်ကို မျက်ရိပ်မျက်ကဲပြလိုက်သည်။ နေထူးနိုင်က အသာခေါင်းဆတ်ပြလိုက်သဖြင့် . . .

"အပေါ် . . ဒီလိုပါ . . မမသက် . . ကျွန်တော်တို့ သူငယ်ချင်းတွေ မဆုံရတာလည်း ကြာပြီလေ . . ."

မမသက်က ပါးတွန့်ရုံလေး ပြုံးလိုက်ပြီး . . .

"ဟုတ်တာပေါ့ . . မနေ့တစ်နေ့ကပဲ ခြံထဲက ဧည့်ထုတ်



www.burmeseclassic.com

www.burmeseclassic.com



သွားပြီးပြီလေ . . . မတွေ့ရတာ အတော်တောင် ကြာနေပြီပဲ"

သက်နေ ဘာဆက်ပြောရမှန်း မသိဖြစ်သွားသည်။ အကင်းပါးသော နေထူးနိုင်က သက်နေလက်ထဲက ဖုန်းကိုဆွဲယူလိုက်ပြီး . . .

"တစ်ကြိမ်ပဲရှိသေးတယ်လေ . . မမသက်ရဲ့ . . အဲဒါ"

"ဘာလဲ . . ဟိုကြော်ငြာထဲကလို . . မနက်တစ်ကြိမ် . . နေ့ခင်းတစ်ကြိမ် . . ညတစ်ကြိမ် . . တစ်နေ့သုံးကြိမ် ဆိုသလိုလား . . ."

ဖုန်းနားကပ်၍ နားထောင်နေသော သက်နေက ဘယ်နှယ့်ရှိစဟူသော ပုံစံနဲ့ပခုံးတွန့်ပြလိုက်သည်။

"တစ်နေ့သုံးကြိမ်ရယ်လို့တော့ မဟုတ်ပါဘူး . . မမသက်ရယ် . . ထူးဇော်က နိုင်ငံခြားသွားနေတာ ကြာပြီလေ . . ပြီးတော့ သူက . . ဘယ်တော့ပြန်ထွက်မှန်းမှ မသိတာ . . တွေ့တုန်းလေး ကျွန်တော်တို့ သူငယ်ချင်းတွေ ဆုံချင်တာပါ . . လုပ်ပါ . . . မမသက်ရယ် . . ခွင့်ပြုပါနော် . . ."

တစ်ဖက် အသံတိတ်သွားသည်။ သက်နေနှင့်နေထူးနိုင် တစ်ယောက်မျက်နှာတစ်ယောက်ကြည့်လိုက်သည်။

သက်ပိုင်ဇော် စဉ်းစားလိုက်သည်။ ဟုတ်တော့လည်း ဟုတ်သည်။ ငယ်သူငယ်ချင်းတွေ။ သူတို့ခမျာ မတွေ့ရတာ နှစ်နဲ့ချီနေပြီ . . ပြီးတော့ သူတို့လေးတွေက အရက်မသောက်၊ ဘီယာမသောက်၊ ဖဲမရိုက်၊ လောင်းကစားမလုပ် . . မူးယစ်ဆေးဝါးမလုပ် ဆိုတော့ . . .

"အင်း . . နည်းနည်းတော့ လျှော့ပေးလိုက်ဦးမှ . ."

"ဟဲလို . . ဟဲလို . . မမသက် . . ဖုန်းချလိုက်ပြီလား"

ဧတော်ဝင်မြို့

www.burmeseclassic.com



"ချေသေးပါဘူးဟယ် . . ဒီမှာ စဉ်းစား . . အဲလေ . . ဆံပင်လျှော်ထားတာ . . မခြောက်သေးလို့ သုတ်နေတာ . ."

"ခေါင်းလျှော်တာများ . . မမသက်ရယ် . . ကျွန်တော်တို့ပြောရောပေါ့ . . . ."

"ဘာပြောတယ် . . ."

သက်နေက ဇက်ပိုး ဖြတ်အုပ်ထည့်လိုက်သည်။

"ဩော် . . . ဒီလိုပါ . . ကျွန်တော်တို့သုံးတဲ့ Shampoo နာမည်ပြောမလို့ပါ . . မမသက် ခေါင်းလျှော်ရည်က အန်းတိတ် . . ခေတ်မရှိတော့ဘူး . . ဘယ့်နှယ် IT ခေတ်ကြီးမှာ တရော်ကင်ပွန်းနဲ့ လျှော်ရတယ်လို့ . . ."

"ကဲပါ . . ပုံမှန်အတိုင်းဆက်ဆံ . . . ထူးဇော် . . မောင်လေး . . ."

နေထူးနိုင် . . အောင်နိုင်သူအပြုံးနဲ့ လှည့်ကြည့်လိုက်သည်။

"ကြားတယ် . . မမသက်ရေ . . ဒီကောင်တွေပဲဆိုတာ တပ်အပ်သိပြီးသား . . ."

တစ်ဖက်ကအသံ အတိုင်းသားကြားလိုက်ရသည်။

"ကဲ ပြော . . ကိုသက် ကိုနေနဲ့ ကိုနေ ကိုထူးနိုင်"

"ဟဲ ဟဲ ဟဲ . . မမသက်ဆီက ဗီဇာရထားပြီးပါပြီကွ . . နောက်နာရီဝက်အတွင်း . . မင်းထွက်ခဲ့ . . ."

ထူးဇော်က မမသက်ဆီလှမ်းကြည့်လိုက်တော့ သူ့အခန်းထဲ ဝင်သွားသည်။

"နေစမ်းပါဦး . . မင်းတို့ပြောတိုင်းထွက်ရအောင် . . ငါက မင်းတို့အဖေမို့လား . ."



www.burmeseclassic.com

www.burmeseclassic.com



"အေး . . ဟုတ်တယ် . . ဟာ မဟုတ်ပါဘူး . . ကိစ္စရှိလို့ပါကွာ . . ထုံးစံအတိုင်း ဆရာစံလမ်းက ရွှေပန်ဆိုင်းမှာ စောင့်နေမယ် . . ဘယ်သူအရင်ရောက်ရောက် . . စောင့်နေပါ . ."

ထူးဇော်က . . .

"နေဦးလေ . . ဘယ်အချိန်လာရမှာမို့ . . ဘယ်သူက ကြိုစောင့်နေရမှာလဲ . ."

"ဩော် . . အေး . . ဟုတ်သား . . မင်း ခုနာရီကြည့်လိုက်ကွာ . . ."

"(၁၂)နာရီခွဲဖို့ . . အင်း . . သုံးမိနစ် . . ."

"ဒါဆို (၁)နာရီခွဲ အရောက်ကွာ . . ဟုတ်ပြီလား . ."

နေထူးနိုင် ဖုန်းချမည်အလုပ် . . . .

"ဟ . . ဟ . . . နေဦး . . ငါ တစ်ခုပြောစရာရှိတယ် . . မင်းတို့ . . . ဟိုးတစ်ခေါက် သွားတုန်းကဆိုင်တော့မဟုတ်ပါဘူးနော် . ."

လေသံတိုးသွားသဖြင့် . . . သူ့လေသံအတိုင်း . .

"မဟုတ်ပါဘူးကွာ . . တစ်နေရာမှာ အေးအေးဆေးဆေး ထိုင်ချင်လို့ပါ . . ."

သက်ပိုင်ဇော်က Dryer ဆွဲရန် အခန်းတံခါးဖွင့်၍အထွက် ထူးဇော်က ဖုန်းကို တိုးတိုးလေးပြောနေသဖြင့် မသတ်တော့ဘဲ . . .

"မောင်လေး . . ဖုန်းပြောနေတာ . . ဘယ်လိုပုံစံလဲ"

"ဗျာ . . ."

လူခိုးမိသလိုဖြစ်သွားသည်။ တမန်းတတန်း . . .

"ဟိုကောင် သက်နေလေ . . အသံဝင်နေလို့တဲ့ . . သူ့



www.burmeseclassic.com

www.burmeseclassic.com



အသံအတိုင်း ပြန်ပြောနေရတာ . . .”

အပျိုကြီး သက်ပိုင်ဇော် တစ်ချက်တွေဝေသွားသည်။ ခုန က ဒီကောင်လေးတွေ ဖုန်းဆက်တုန်းက အသံမဝင်ပါဘူး . . ဘယ့်နှယ် . . ဘယ့်နှယ် . . ဆတ်ခနဲ ထူးဇော်လက်ထဲက ဖုန်းကို ယူ၍ . . .

“ကဲ . . ပြော . . ဘာအကြံအစည်တွေရှိနေလဲ? ဟို နှစ်ကောင်ချက်ချင်းကို အသံဝင်သွားတော့တာပဲ . . .”

သက်နေက ခေသူမဟုတ် . . .

“မမသက် . . မနေ့က ဘဲသားဟင်းစားလိုက်လို့ . . . အသံဝင်သွားတာပါ . .”

“ဟဲ့ . . ဘဲသားစားတာနဲ့ အသံဝင်ရောလား . .”

“ဘဲက ရိုးရိုးဘဲမဟုတ်ဘူး . . ရေနစ်သေလို့ ရောင်းတဲ့ ဘဲ . . တဲ့ . . .”

“ဘုရား . . ဘုရား . . ဒုက္ခပါပဲ . . ကြက်၊ ငှက်တုပ်ကွေး တွေများ ဖြစ်လာမလားပဲ . . ဟဲ့ . . အဲဒါဆို ချက်ချင်း ဆေးခန်း ပြလေ . . .”

“ဆေးခန်းပြဖို့ ထူးဇော်ကို လှမ်းခေါ်တာပါ . . .”

သက်ပိုင်ဇော် အရမ်းတုန်လှုပ်သွားသည်။ ကမန်းကတန်း ထူးဇော်ကို ဖုန်းလှမ်းပေးရင်း . . .

“မောင်လေး . . အချိန်မီ . . သူတို့ကို ဆေးခန်းသွားပြ ပေးလိုက်နော် . . . သွား . . သွား . . မြန်မြန် . . သူငယ်ချင်း ကောင်း ပီသပါစေကွယ် . . သွားလေ . . မြန်မြန်လုပ် . . .”

ထူးဇော် ဖုန်းကိုင်ရင်း ဘာဆက်လုပ်ရမည်မသိ။ ဟို ကောင်တွေ ဘာတွေပြောလိုက်သည်ကိုလည်း မသိရ။ ကြောင်



www.burmeseclassic.com

www.burmeseclassic.com



တောင်တောင်ဖြစ်နေသည်။

"ဩော် . . . ဖုန်းချလိုက်တော့လေ . . အဝတ်အစား မြန်မြန်သွားလဲ . . တော်ကြာ . . တစ်စုံတစ်ခုဖြစ်သွားရင် မကောင်းဘူး . . ."

"ဟုတ် . . ဟုတ်ကဲ့ . . ."

ဘာလဲဟ . . ဘယ်လိုကြီးလဲ . . မလွှတ်ချင်တော့လည်း မမသက် . . လွှတ်ချင်တော့လည်း မမသက် . . ဘယ်လိုနားလည်ရမှန်းတောင် မသိတော့ဘူး . .

မမသက် တစ်ကိုယ်တည်း ရေရွတ်ကျန်ခဲ့သည်က . . .

"ကြက်၊ ငှက် တုပ်ကွေးက မြန်တယ်တဲ့ . . . မဖြစ်ပါစေနဲ့ . . မဖြစ်ပါစေနဲ့ . . ."

  

www.burmeseclassic.com

www.burmeseclassic.com



## အခန်းစဉ် (၂၀)

### ထူးဇော် (သို့) ကိုယ်တော်လေး

**တစ်ဆိုင်လုံး** မှာရှိနေသော ချာတိတ်မအချို့ဟာ ငယ်ရွယ်သူဖြစ်တာကတစ်ကြောင်း၊ အလုပ်သဘောအရ တစ်ကြောင်း၊ ပျော်ပျော်နေတတ်သူများဖြစ်တာက တစ်ကြောင်း အကြောင်းကြောင်းတွေကြောင့်လား မသိပါဘူး . .

တစ်ဆိုင်လုံးမှာ ကြက်တူရွေး၊ သာလိကာ၊ ဆက်ရက် စသည်ဖြင့်ပေါ့လေ . . အားလုံး စုပေါင်းထားသလိုဖြစ်ပြီး ပွက်လောကို ရိုက်နေတာပါပဲ . . အဲဒီ့အထဲမှာမှ သစ်တောက်ငှက်ကလေးတစ်ကောင်ရော ပါဝင်နေတယ် . . . ။

သူက ဘာပြောပြော . . ခေါင်းညိတ်၊ ခေါင်းခါ၊ ပြုံးပြ . . သူ့ရဲ့ရှည်လျားတဲ့ ဆံနွယ်ကြီးက အုံကြီးတော့ ဆီအရွဲသားနဲ့ အိပြီး . . သူလှုပ်ရှားလိုက်တိုင်း စည်းချက်ညီညီ ဘယ်ညာယိမ်းလို့ တော်တော်လေး ကြည့်ကောင်းပါတယ်။ စကားကလည်း နည်းလိုက်တာ . . ပါးစပ်မှ ပါရဲ့လားမသိဘူး . . . ။

ကိုလွှမ်းမိုးရဲ့ သီချင်းထဲကလို 'ခေါင်းလေးငြိမ့် နည်း



www.burmeseclassic.com

www.burmeseclassic.com



နည်းဖြစ်ဖြစ် လွှဲကာနေပါ' ဆိုသလို . . ထူးဇော်က ခေါင်းလွှဲရလွန်းလို့ ဇက်ညောင်းပြီး အုံးလွဲမှာတောင် ကြောက်နေရတယ်။

"ဟယ် . . အမလေး . . ကွာပ . . ကွာပ . . တို့များရဲ့ ကန္တာနဲ့တော့ ကွာပါ့အေ . . ."

ဘယ်လိုအသံမျိုးကြီးပါလိမ့် . . ဟိုတစ်ခါတုန်းက မာမီကင်းရဲ့ အသံမဟုတ်တာတော့ သေချာတယ် . . မဂ္ဂဇင်းကို တတ်နိုင်သမျှ မျက်နှာနဲ့ကပ်ထားလိုက်တယ်။

"ခရေ . . အမလေး သမီးရယ် . . ကြိုးစားလှချည်လား . . ဟင်း ဟင်း . . ဥမ္မာတို့က ဗိုင်းကောင်းကျောက်ဖို . . သမီးအစစ်လေးကို ရထားတော့ မော်ကြွားနိုင်တာပေါ့အေ . . ."

'ဟဲ့ . . မိလဲ့ . . ထိုင်ကန္တားပေးမယ်ဆို . . ဘယ်တော့ လုပ်မှာလဲ . . ညည်း . . လင်ရပြီး ကလေးတစ်ဖက်နဲ့ကျမှတော့ မလုပ်နဲ့နော် . ."

မသိမသာလေး . . စာအုပ်အပေါ်က ကျော်ပြီးကြည့်လိုက်တော့ . . အလာ လား . . ဘယ်လိုဟာကြီးပါလိမ့် . .။

နိုင်ငံခြား ကပ္ပလီမကြီးကျနေတာပဲ . . အသားတမည်းမည်း၊ လူကဝဝ၊ နှုတ်ခမ်းကလည်း မားရှထားသလို၊ ဆိုးထားလိုက်တဲ့အရောင်က ပန်းရောင်ရင့်ရင့် . . အင်္ကျီက ဇာပါးပါးအဖြူ . . ကျွဲမ၊ ဝက်မကြီးကို ဇာခြင်ထောင်ချထားပေးထားသလိုပဲ . . . ပိုက်ဆံပါ, မပါတော့မသိဘူး . . တစ်တောင်ကျော်ကျော်လောက်ရှိတဲ့ အပေါ်စား၊ သားရေအိတ်ကြီးကို ချိုင်းကြားမှာညှပ်လို့ ဆွဲထားလိုက်တဲ့ ဆွဲကြိုး . . ဝတ်ထားတဲ့လက်ကောက်တွေများ၊ နိုင်ငံခြားသင်္ဘော ကျောက်ဆူးကြိုးကမှ သေးဦးမယ် . .

"ဒီက အစ်ကို . . ခေါင်းလျှော်မယ်ဆို . ."

တော်ဝင်မိုး

www.burmeseclassic.com



အသံလေးက တစ်မျိုးလေးဗျ . . ဘယ်လိုရှေ့ပြ . . ပြော ပြရမှန်းတောင် မသိဘူး . . မော့ကြည့်လိုက်တော့ . . .

"ဩော် . . မခရေဝင်း . . ကျွန်တော် . . မ . . မလျှော် ပါဘူး . . အဖော် . . အဖော်အနေနဲ့ လိုက်လာပေးတာပါ . ."

"ဩော် . . ဟုတ်ကဲ့ . . ."

ဟောဗျာ . . စကားလုံးကလည်း တုံးတိ . . ဒါလေးပဲ ပြောပြီး လှည့်ထွက်သွားသည်။ ဒါ . . ဟိုကောင်တွေ . . စနက် ပဲ . . ချွန်လွှတ်လိုက်တာ . . ဘေးက ဆက်တီဆိုဖာကြီး အိခနဲ ဖြစ်သွားပြီး လှုပ်ခါသွားတယ် . . .။

"အမလေး . . မြေပြိုပြီ . . ."

ပါးစပ်က ယောင်ပြီး ထွက်သွားတယ် . .။

"ကဲ . . ပြော . . ဒီက မောင်လေးက ဘယ်သူနဲ့ခေါင်း လျှော်မှာလဲ? မျက်နှာကြေးချွတ်မှာလား? ဖြောင့်မှာလား? ကောက်မှာလား?ဆိုးမှာလား?သူတို့တွေမအားလည်း . . စိန်မမဥ ရှိတယ် . . အားမနာနဲ့နော် . . မမဥက ညှော့သည်မဟုတ်ဘူး . . ဒီဆိုင်နဲ့ အဝင်အထွက် အမြဲရှိတယ် . . အံ့မယ် . . ခုမှ သေသေ ချာချာကြည့်မိတယ် . . ကိုယ်တော်လေး ငယ်ငယ်ကရုပ်အတိုင်းပဲ . . အံ့ဩပ . ."

ဘုရား . . ဘုရား . . အင်ဒိုး သာတီဆဲဗင်း . . အောက်ဒိုး . . သာတီဆဲဗင်း . . ဘော်ဒီဂတ် သာတီဆဲဗင်း ကယ်ပါ . . ဒုက္ခပါပဲ . . ဘယ်က ကိုယ်တော်လေးပါလာပြန်ပြီလဲ . . မသိပါဘူး . ."

"ဘုရား . . ဘုရား . . ~~တောင်းပြည့်ပြီ . . အိပ်မက် ထဲက အတိုင်းပါပဲလား . ."



www.burmeseclassic.com

www.burmeseclassic.com



ထူးဇော်ကို မနမ်းမိရုံတစ်မယ် . . သေသေချာချာ အနီး ကပ်ကြည့်ပြီး . . .

"ခွင့်လွှတ်ပါ . . ကိုယ်တော်လေးရယ် . . ဟောဒီက မိဥ . . အမှားရှိရင် ထပ်ခါ ထပ်ခါ တောင်းပန်ပါတယ် . . ကိုယ်တော် ကြီးကို လက်ထပ်တာ မိဥ သဘောမပါ,ပါဘူး . . လူကြီးတွေ စီမံကြလို့ပါ . . ."

ထူးဇော်အနေရ အထိုင်ရ ကျပ်လာသည်ကို အဝေးမှ ခရေဝင်းတစ်ယောက် လှမ်းမြင်နေရသည်။ လာနေကျ သက်နေ တို့ နေထူးနိုင်တို့အဖွဲ့ကတော့ ရှိုးနေပြီ။ တစ်ခါမှ မလာဖူးသော ညှို့သည်အသစ် စိတ်ညစ်သွားမှာကို မလိုလား။ ဒီတော့ မဥမ္မာ ကို တိုးတိုးလေး အကျိုးအကြောင်းပြောပြသည်ကို ထူးဇော်က တွေ့ဖြစ်အောင် တွေ့သွားသေးသည်။

"ကဲ . . မမဥ . . ခဏလာစမ်းပါဦး . . ဥမ္မာရဲ့ဆိုင်ကိစ္စ လေးတွေ နည်းနည်းပါးပါး . . မေးပါရစေဦး . . ."

မမဥရဲ့မျက်လုံးတွေက ထူးဇော်ထံမှ မလွှဲသွား . . စူးစူး စိုက်စိုက်ကြီးကြည့်နေရင်း . . .

"အိုအေ . . နောက်တစ်ခေါက်မှ မေးပါ . . ဒီမှာက ကိုယ်တော်လေးနဲ့တွေ့နေလို့ . . ."

မဥမ္မာက အားနာသောမျက်နှာနဲ့ ထူးဇော်ကို လှမ်းကြည့် လိုက်ပြီး . . .

"ဘယ်က ကိုယ်တော်လေးရမှာလဲ . . သူက ဒီနယ်မြေ တာဝန်ခံ . . တာဝန်နဲ့လာတဲ့လူကို မနှောင့်ယှက်နဲ့လေ မဥရဲ့ . . တဝဂူထဲရောက်သွားတဲ့ စောင်းသမားလေးဘဝကို ရောက် သွားချင်လို့လား . . ."

www.burmeseclassic.com

www.burmeseclassic.com



"အမ် . . အမ် . . မလေး . ."

မထင်မှတ်ထားတဲ့ ခန္ဓာကိုယ်ကြီးက ဆတ်ခနဲ ထရပ်လိုက်တယ် . . မမဥက ရဲကျတော့ ကြောက်သား . . .။

"ဒီက ခွင့်လွှတ်နော် . . တို့ရဲ့ ကိုယ်တော်လေးနဲ့ ချွတ်စွပ်တူနေလို့ . . ဟဲ . . ဟဲ . . သွားဦးမယ် . . ."

သွားမှပဲ . . သူ မသွားရင် ထူးဇော်ထသွားတော့မှာ . . ဘယ့်နှယ် . . ဒီဆိုင်ကိုမှ ဟိုကောင်တွေကလည်း ခေါ်ခေါ်လာမှန်း မသိဘူး . . ကိုယ့်ဟာကိုယ် ကြောင်စရာရှိတာ ကြောင်ပေါ့။

ဟောဗျာ . . ပြဿနာပဲ . . မမသက်ကို ဘုရားသွားမယ်လို့ ပြောခဲ့တာ . . ဒုက္ခတော့ အစိမ်းလတ်လတ်ကြီး ရောက်ပြီ . . မအေးအေးခိုင်နဲ့သူဇာနွယ် . . ဒီဘက်ကိုလာနေပါလား . . ကမန်းကတန်း ရှေ့က ရှိုးကေ့စ်ရှေ့ ငုတ်တုတ်ထိုင်လိုက်ပြီး အတွင်းမှ ထူးဇော်နားမလည်တဲ့ ပစ္စည်းတွေကို ထိုင်ကြည့်နေလိုက်သည်။

"ညီမလေးရေ . . မင်းတို့အစ်မ ဥမ္မာရှိလား . . ."

ချာတိတ်မတစ်ယောက် ထွက်လာပြီး . . .

"မမ . . ဘုရားခန်းမှာ ဧည့်သည်တစ်ယောက်နဲ့ စကားပြောနေပါတယ် . . ဝင်တွေ့ချင်တွေ့လို့ရပါတယ် . . အစ်မ . ."

သူတို့နှစ်ယောက်လည်း အထဲဝင်ရော . . ထူးဇော်ပဲ . . ဘယ်ရမလဲ . . ဆိုင်ထဲက ခုန်ထွက်လိုက်ရော . . စူပါမင်း ရှုံးသွားမယ် . . နေခဲ့တော့ . . သူငယ်ချင်းတို့ရေ . . တာ့တာ . .

ကိုယ်တော်လေး . . ကြွသွားပြီလို့မှတ် . . .။



www.burmeseclassic.com

www.burmeseclassic.com



အခန်းစဉ် (၂၁)

## အိပ်မက်လွန်

ထူးဇော် နိုင်ငံခြားပြန်ထွက်ရန်အတွက် မမသက်ရဲ့ မာတ်စာ၊ ဆေးဝါးလိုအပ်တာလေးတွေ လိုက်လုပ်နေရသဖြင့် သက်နေတို့အုပ်စုနဲ့ မတွေ့ဖြစ်တာ တစ်ပတ်နီးပါးကြာသွားသည်။

သံရုံးက ဗီဇာအတွက်ပြောဆိုအပြီး ပြန်ထွက်လာရာ ပန်းဆိုးတန်းမှုကမ်းနားလမ်းအတိုင်း ကျွတ်ကျွတ်အိတ်အထုပ်လေး တွေ ကိုင်ပြီး လမ်းလျှောက်လာတဲ့ ခရေဝင်းကိုတွေ့လိုက်ရသည်။ ပထမတော့ ဘာရယ်မဟုတ် လမ်းကြုံခေါ်တင်ပြီး သူ့ဆိုင်ကို လိုက်ပို့ပေးလိုက်မည်ဟု စဉ်းစားပြီး ကားရပ်ပေးမည်အလုပ် . . .

"ငါက ဒ္ဒူ့ကိုခေါ်တာ ဟုတ်ပါပြီ . . သူက လူအများနဲ့ ဆက်ဆံရတာ . . မသိပါဘူးလို့ပြောလိုက်ရင် . . ဟင်း . . ရှုတ် စရာကြီး . . ."

ကိုယ့်ဘာသာကိုယ်တွေးမိလိုက်ပြီး ခရေဝင်းကိုကျော် လိုက်သည်။ ပြီးနောက် ကားနောက်ဘက်ကြည့်မှန်ထဲကတစ်ဆင့် ခရေဝင်းရဲ့ သွယ်လျပြီး ရှည်လျားသောဆံပင်ကြီးနဲ့ ခန္ဓာကိုယ်



www.burmeseclassic.com

www.burmeseclassic.com



အလှလေးကို တွေ့လိုက်ရတော့ ဟဲ့ . . ဘာခေါ်မလဲ . . လူပျို ရင်ခုန် လက်တုန်ပေါ့ . .။

"ကျွီ . . ."

ဘရိတ်ကို အလိုလိုနင်းပြီးသားဖြစ်သွားသည်။ ဘက်ဂီယာချိန်းလိုက်ပြီး နောက်ပြန်ဆုတ် ခရေဝင်းရဲ့မျက်နှာလေး တည့်တည့်တွေ့လိုက်ရတော့ ပို၍ ပို၍ ရင်ခုန်ရပြန်သည်။ အသားလေးက နုနုထွတ်ထွတ် . . ဖြူဖြူဖွေးဖွေး . . . ပါးကွက်လေးအောက်က အကြောလေးတွေက စိမ်းလို့ . . သွေးမျှင်တန်း . . အနီရောင်လေးလား၊ အစိမ်းရောင်လေးလား . . မခွဲခြားတတ် . . မြင်နေရသည်။ ခရေဝင်းကို ကျော်သွားပြီး . . .

"ကျွီ . . ."

ဒုတိယအကြိမ် ဘရိတ်နင်းလိုက်တဲ့အချိန်မှာပဲ . . .

"ရှူး . . ."

ဝီစီခရာသံလေး ကြားလိုက်ရသည်။ ပြီးနောက် . . .

"အစ်ကို . . လိုင်စင်လေး ခဏ . . ဝှီးတက်ပါပေးပါ"

ခရေဝင်းရဲ့အလှ၊ ခရေဝင်းရဲ့ ဆံပင်၊ ကျွန်တော့်ရဲ့လိုင်စင်၊ ကျွန်တော့်ရဲ့ဝှီးတက်၊ ယာဉ်ထိန်းရဲရဲ့ ဘောက်ချာနဲ့လဲယူလိုက်ရပါတော့တယ် . . .

အင်း . . . ဟိုကောင်တွေသာ မြင်သွားလို့ကတော့ . . မာမီကာင်း၊ မမဥတို့ထက် ဆိုးမယ် . . အပြောခံလိုက်ရမယ့် ဖြစ်ခြင်း . . . ဘာပဲဖြစ်ဖြစ်လေ . . တန်ပါတယ် . .

ကိုယ့်ဟာကိုယ်တစ်ဦးတည်း ရေရွတ်နေလိုက်သည်။ ဘာတိုတန်မှန်းမသိ . .

ခရေဝင်းရဲ့ မျက်နှာလေးက လုံးဝ အပြစ်ကင်းစင်တယ်



www.burmeseclassic.com

www.burmeseclassic.com



. . ချစ်စရာလေး . . ငါတော့ ဖြူဖြူကျော်သိန်း ဖြစ်နေပြီ . . City FM ကို ဖွင့်လိုက်တော့ တိုက်ဆိုင်မှုတစ်ခု၊ ရုပ်ရှင်ဗီဒီယိုတွေထဲကလို . . .

“ငါတော့ မေ့လို့မရတော့ဘူး . . ငါတော့ မေ့လို့မရတော့ဘူး . .”

ဖြူဖြူကျော်သိန်းရဲ့ အသံလေး . . .

ဝူး . . ဖူး . . သက်ပြင်းချလိုက်သည်။ ဟုတ်တယ် ခရေဝင်းရေ . . ငါတော့ မေ့လို့မရတော့ဘူး . . လိုင်စင်ရော၊ ဝိုးတက်ပါ ပါသွားပြီ . . အဲဒါ ခရေဝင်းဆိုတဲ့ ကောင်မလေးကြောင့် . . သိလား . . .။

“အစ်ကို . . ဒီနေရာမှာ ကားရပ်လို့ မရဘူး . .”

ချာတိတ်တစ်ယောက်ရဲ့အသံကြောင့် အတွေးစများ ပျောက်ကွယ်သွားပြီး . . .

“ဪ . . အေး . . အေး . . ကျေးဇူးပဲ . . .”

နောက်ထပ်ပေးစရာ လိုင်စင်နဲ့ဝိုးတက် မရှိတော့ဘူး . . ဒိုးမှ . . .

“ဝေါ . . ကျွိ . . . ကျွိ . . .”



www.burmeseclassic.com

www.burmeseclassic.com



## အခန်းစဉ် (၂၂)

### အိပ်မက်ကို ဖော်ထုတ်ခြင်း

"ဟယ်..
လဲ့လဲ့ရေ .. ထီထိုးဟော့ . . . "

"ဘာလဲ . . ထီသည် လာလို့လား . . နှင့်ဘာသာ နှင်ထိုး . . . "

"တစ်ယောက်တည်းလား . . . "

"ဟုတ် . . ဟုတ်ကဲ့ . . ဟိုလေ . . ဟိုကောင်တွေများ လာသေးလားလို့ . . . "

"ဩော် . . ဘယ်သူများလဲလို့ . . အထဲဝင်လေ . . "

အေးဖောင်က ဝင်ပြီး လမ်းကြောင်းပေးလိုက်သည်။ အားလုံးရဲ့မျက်နှာတွေက အဓိပ္ပါယ်တစ်ယောက်တစ်မျိုးစီ. . ။

"ကိုထူးဇော်ကလည်း ဖုန်းပါနေရဲ့သားနဲ့ ဖုန်းလှမ်းဆက်မေးလိုက်လဲ ရတဲ့ဥစ္စာ . . "

"ဩော် . . ဟုတ်သားပဲနော် . . . "

ဖုန်းကိုဖွင့်လိုက်ပြီး ဆက်မယ်အလုပ် . . တစ်ခုတစ်ခုကို



www.burmeseclassic.com

www.burmeseclassic.com



သတိရသွားသည်။ ဘယ်ဆက်လို့ ဖြစ်မလဲ . . ဒီကောင်တွေ သေအောင် တစ်ယောက်တည်း လာတဲ့ဥစ္စာ . . .။

“ခေါ်လို့မရဘူးလား . . ကျွန်မတို့ဆိုင်က ဖုန်းနဲ့ဆက်လေ”

“ဟား . . ရတယ် . . ရတယ် . . မလုပ်ပါနဲ့ . .”

ပြောလည်းပြော . . ခရေဝင်းကိုလည်း မသိမသာ ရှာဖွေကြည့်လိုက်သေးတယ်။

“လိုင်းမမိဘူး . . အပြင်ခဏထွက်ဆက်လိုက်ဦးမယ်”

ပြောပြောဆိုဆို တံခါးဖွင့်ပြီး အပြင်ထွက်မယ်အလုပ် . . ထမင်းချိုင့်လေးဆွဲပြီး လျှောက်လာသော ခရေဝင်းကို မြင်လိုက်ရသည်။

ဩော် . . ဒါကြောင့် ရှာမတွေ့တာကိုး . . ဘာဆက်လုပ်ရပ . . .။

“ကိုထူးဇော် . . တစ်ယောက်တည်းလား . . .”

“ဗျာ . . အဲ . . အင်း . . ဟုတ် . . ဟုတ် . . တဲ့ . .”

ဒါလောက်ပါပဲ ခရေဝင်း အထဲဝင်သွားသည်။ တောက် တကယ်ဆို အထဲကို ဝင်ပါဦး . . ကျွန်မ ဘာလုပ်ပေးရမလဲ။ ဘာဖြစ်တယ်၊ ညာဖြစ်တယ်ပေါ့ . . ခုတော့ ‘ကိုထူးဇော် တစ်ယောက်တည်းလား’ တဲ့။ ဘာဆက်လုပ်ရမလဲ . . ဒုက္ခပါပဲ။

တစ်စုံတစ်ခုအကြောင်းပြလို့ကလည်း မရ။ ကားဘေးရပ်ပြီး စဉ်းစားလိုက်၊ ဆိုင်ဘက်လှမ်းကြည့်လိုက်နဲ့ . . .

“ဟောဗျာ . . .”

ထူးဇော်ကို လိုက်ကာ အပြာစလေး ဟပြီးချောင်းကြည့်နေတဲ့ မျက်လုံးတွေနဲ့တန်းတိုးရော . . ကမန်းကတန်း ဖုန်းကိုချင်ဟန်ဆောင်လိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com



"တီ . . တီ . . တီ . . တီ . . . "

ကားဟွန်းသံ မတိုးမကျယ်လေးကြောင့် လှည့်ကြည့်လိုက်တော့ . . .

"ဟင် . . မာ . . မာမီကင်း . . . "

ခြေထောက်တွေ၊ လက်တွေက ဘယ်ဆရာက သင်လိုက်တယ်မသိပါဘူး . . စက်နှိုး ဂီယာထိုး . . .

ဝေါခနဲမောင်းထွက်သွားလေရဲ့ . . ခရေဝင်း ဖန်ခွက်လေးကို ကိုင်ပြီး စားပွဲပေါ် ချလိုက်တော့ . . .

"ကိုယ့်ဘာသာကိုယ်ပဲ သောက်လိုက်တော့ ဒေါ်ခရေဝင်းရေ . . ပြန်သွားပြီ . . ညည်းလူကြီးက . . . "

အေးဖောင်ရဲ့ မပီကလာ . . ပီကလာ အသံ . .

"ဘာရယ် . . ညည်းလူကြီး . . ဘယ်လို . . ဘယ်လို . . လာသမျှဧည့်သည်အားလုံးဟာလည်း ခရေဝင်းရဲ့လူ . . . ခုလည်း အားလုံးထဲက . . မှ . . ညည်းလူကြီးတဲ့လား . . ဘာမှန်းလဲ မသိဘူး . . . "

www.burmeseclassic.com

www.burmeseclassic.com



## အခန်းစဉ် (၂၃)

## Beer နဲ့ ကျွန်တော်

“ဩော် . . . ကိုထူးဇော်ရယ် . . . ကျွန်မတို့ကမှ ကား မပြင်တတ်တာ . . .”

ပါးစပ်ထဲရှိတာပြောလိုက်ခြင်းဟာ နောင်တတစ်မျိုး ထပ်တိုးသွားသည်။ ကိုင်ထားတဲ့ အအေးပုလင်း လှုပ်ခါနေသည်။ လဲ့လဲ့က ထူးဇော်ရဲ့တုန်နေတဲ့လက်ကိုကြည့်ပြီး မျက်လုံးပြူးသွားသည်။ အသာအယာ အေးဖောင်ကို လက်တို့ပြီး . . .

“ဟဲ့ . . အရက်သမားလား မသိဘူး . . လက်တွေတုန်နေတယ် . . တွေ့လား . .”

“အေးနော် . . ပြောလိုက်ရင် ရှက်သွားဦးမယ် . . ဒီလိုလုပ် . .”

ခရေဝင်းကို တီးတို တီးတိုးနဲ့ ဘာတွေသွားပြောနေသည် မသိ . . ခရေဝင်းက လှည့်ကြည့် လှည့်ကြည့်နဲ့ . . ခဏနေတော့ လက်ဆေးပြီး နောက်ဘက်ဝင်သွားသည်။

အေးဖောင်က ညော့်သည်ကို ခေါင်းဆတ်လျှော်နေရင်း

www.burmeseclassic.com

www.burmeseclassic.com



ဘာတွေပြောနေကြသည်မသိ။ တခစ်ခစ်နဲ့ရယ်လိုက်၊ ပြောလိုက်နဲ့ . . စိတ်ရောလက်ပါ တည်ငြိမ်အောင် တော်တော်ကြိုးစားပြီး ခေါင်းငုံ့စဉ်းစားနေလိုက်သည်။ ရှေ့ဆက်ရမယ့် ခရီးစဉ် . . .

"ကိုထူးဇော် . . ."

အသံလွင်လွင်လေးကြောင့် ကမန်းကတန်း ခေါင်းမော့ကြည့်လိုက်တော့ . . .

"မရှက်ပါနဲ့ . . သောက်ပါ . . ဒါ ခရေဝင်းတိုက်တာပါ"

"ဗျာ . . ."

ထူးဇော်ရှေ့လင်ပန်းလေးထဲ၌ ဘီယာတစ်လုံးနဲ့ ဖန်ခွက်တစ်လုံး . . . ပြီးတော့ အာလူးကြော်တစ်ပွဲ . . .

"ကျွန် . . ကျွန်တော် . . မ . . မသောက်တတ်ပါဘူး"

"ကျွန်မ အဖေတုန်းကလည်း ဒီလိုပါပဲ . . အားမနာပါနဲ့ . . ကျွန်မ ညှော်ခံတာပါ . . အလုပ်နဲ့ မပတ်သက်ပါဘူး . . ကိုထူးဇော် . . ."

ဒုက္ခပါပဲ. . ကားပျက်ချင်ယောင်ဆောင်ပြီး ပြောလိုက်လို့ ရှေ့ဆက်ဘာလုပ်ရမှန်း မသိ . . စဉ်းစားရင်း ကြောက်လို့ ဒူးတွေလက်တွေတုန်နေရတဲ့ကြားထဲ ဘီယာလာတိုက်နေသေးတယ် . . ။

"တကယ် . . တကယ်ပါဗျာ . . ကျွန်တော် ဆေးလိပ်လည်း မသောက်တတ်ပါဘူး . . "

"ဒါဆို . . . "

အေးဖောင်ဘက်ကို ခရေဝင်းလှမ်းကြည့်လိုက်တော့ ခြေဟန်လက်ဟန်နဲ့ လုပ်ပြနေတာကို တွေ့လိုက်ရတယ်။ ဘာလဲဟ . . တစ်ခုခုတော့ လွဲနေပြီ . . . ခရေဝင်းက ပြောသင့် မပြောသင့်ချိန်ပြီး . . .



www.burmeseclassic.com

www.burmeseclassic.com



"ဟို . . ဟိုလေ . . ဒါဆို . . ဘာ . . ဘာ . ."

မျက်နှာကို မရဲတရဲ ကြည့်လိုက်မိတယ် . . ပြီးမှ . .

"လက် . . လက်တွေတုန်နေလို့ပဲ . . အဲဒါ . . အဲဒါ အေးဖောင်က . . ."

"ဟာဗျာ . . ."

ရှက်လိုက်တာ . . ကိုယ့်လက်တွေကို ယောင်ပြီး ပြန်စမ်းကြည့်လိုက်တော့ ချွေးစေးတွေထွက်ပြီး တုန်ခါနေတယ် . . .။

ငါ . . ငါ . . ဘာဖြစ်တာလဲ . . ဒီလိုမျိုး တစ်ခါမှ မဖြစ်ဖူးပါဘူး . . သွားပြီ . . ရည်းစားစကားတောင် မပြောရသေးဘူး . . အရက်သမားလို့ ထင်သွားပြီ . . .။

ထုံးစံအတိုင်း ဘယ်လို ဘယ်လို . . ကားပေါ်ရောက်သွားတယ် မသိပါဘူး . . ဝေါခနဲ မောင်းထွက်သွားတယ် . . ဆိုင်က ချာတိတ်မတွေက . . .

"ကိုယ်တော်လေး . . ကိုယ်တော်လေး . ."

"ဟောတော့ . . ခုနကပြောတော့ . . ကားပျက်နေလို့တဲ့ . . ."

ခရေဝင်းကတော့ အံ့သြခြင်း၊ တွေဝေခြင်းတွေ စုစည်းပြီး ကျန်ရစ်ခဲ့လေရဲ့ . . . .



www.burmeseclassic.com

www.burmeseclassic.com



အခန်းစဉ် (၂၄)

## စွန့်စားမှုတစ်ခု

"ချာတိတ် . . ချာတိတ် . . ."

ကျော်ပိုးအိတ်လွယ်ထားသော ကလေးငယ်က လှည့်ကြည့်လိုက်သည်။

"သားမှာ ခဲတံချွန်တဲ့ ဓားပါလား . ."

ကလေးငယ်က သူ့ကျောပိုးအိတ်ထဲက ခဲတံချွန်စက်လေး ထုတ်ပြလိုက်သည်။

"ဩော် . . အေး . . အေး . . မပါလည်းရပါတယ်ကွာ"

တောင်ကြည့် မြောက်ကြည့်နဲ့ မျက်လုံးကစားလိုက်သည်။ ဟော တွေ့ပြီ . . ခုံပုလေးတစ်လုံးဆွဲယူပြီး . . ထိုင်ချလိုက်တော့ ထူးဇော်ကို . . ဝက်သားတုတ်ထိုးသည်က ပြုံးပြီး . . .

"အူမ,လား . . အသည်းလား . . အစ်ကို . ."

"ကျွန်တော် ဝက်သား မစားပါဘူး . ."

ထူးဇော် စကားကြောင့် ဝက်သားတုတ်ထိုးသည် မျက်လုံး ပြူးပြီး မျက်မှောင်ကုတ်ကြည့်လိုက်သည်။ ပြီးတော့ . . ထူးဇော်



www.burmeseclassic.com

www.burmeseclassic.com



ရဲ့ဝတ်စားဆင်ယင်မှုကို အကဲခတ်လိုက်ပြီး . . .

လူမယ့်လူတော့ မဖြစ်နိုင်ပါဘူး . . ဪ . . ဟုတ်ပြီ။

"ပါဆယ် . . ပါဆယ် ဝယ်မယ်ပေါ့ . . ဘယ်လောက်ဖိုး လဲ အစ်ကို . . ."

ထူးဇော် ခေါင်းခါပြလိုက်သည်။ ဈေးသည်က မူလပထမ ထက်ပိုပြီး အမူအရာပျက်သွားသည်။ သားသားနားနားဝတ်ပြီး ဓားနဲ့ထောက်၊ ဆွဲကြိုးဖြတ်၊ ကားလု၊ ပိုက်ဆံအိတ်လု၊ ရွှေဆိုင်ထဲ ဝင်၊ ပစ္စည်းတွေလုပြေးနေသော လူတွေအကြောင်း . . မှုခင်း တွေထဲ ဖတ်ဖူးသည်ကို ပြေး၍ သတိရလိုက်သည်။

ဘေးဘီဝဲယာကို ထူးဇော်ကကြည့်သလို ဝက်သားတုတ် ထိုးသည်ကလည်း လိုက်ကြည့်သည်။

"အစ် . . အစ်ကို . . ကျွန် . . ကျွန်တော် ဈေးဦးတောင် မ . . မပေါက်သေး . . ပါဘူး . . ဗျာ . . ပြီး . . ပြီးတော့ . . ရွှေ . . ရွှေ . . ပြည်သာမှာ . . ကလေး . . ကလေး . . ငါးယောက် နဲ့ . . ယောက် . . ယောက် . . က . . က . ."

"ဟေ့လူ . . ဘာတွေလျှောက်ပြောနေတာလဲ . ."

"တ . . တ . . ကယ် . . ကယ်ပါ အစ် . . အစ်ကိုရယ် . . သူတို့တွေ . . ကြောင့် . . ကျွန်တော် . . အ . . အ . . အရက်တောင် . . ဖြတ် . . ဖြတ် . ."

ထူးဇော် နာရီကိုကြည့်လိုက်တော့ ခရေဝင်း အိမ်ကထွက် ချိန် . . ဘာမှပြောနဲ့တော့ . . ဓားကိုင်ထားတဲ့ ဝက်သားတုတ်ထိုး သည်ရဲ့လက်ကို ဆတ်ခနဲကိုင်လိုက်ပြီး . . .

"မ . . မ . . လုပ်ပါ . . နဲ့ . . အစ် . . အစ်ကို . . ရယ်"

ဝက်သားတုတ်ထိုးသည်ကလည်း ရှုန်း၊ ထူးဇော်ကလည်း



www.burmeseclassic.com

www.burmeseclassic.com



မလွှတ် . . .

"ဒီမယ် . . ခင်ဗျားရဲ့ ဓားကိုရောင်းမလား . ."

"ဗျာ . ."

"မဗျာနဲ့ . . ဒီဓားမရှိရင် . . ခင်ဗျား . . ဈေးရောင်းလို့ ဖြစ်မလား . . ဖြစ်ရင် . . . ရောင်းပါ . . ."

ဘယ်လိုလူမျိုးနဲ့ လာတွေ့နေပါလိမ့် . . ဝက်သားတုတ်ထိုးလည်း မစား၊ ဝယ်လည်း မဝယ်ဘဲ . . ဓားကိုမှလာရွေးဝယ်နေတယ် . . .။

"ကဲ ပြောဗျာ . . ဘယ်လောက်ပေးရမလဲ . . မြန်မြန် ပြောဗျာ . ."

"ဟို . . ဟို . . အစ်ကိုပဲ ကြည့်ပေးပါ . ."

ထူးဇော် ငါးရာတန်လေး ငါးရွက်ထုတ်ပေးပြီး ဓားကိုယူလိုက်ကာ . . ကားဆီသို့ ထပြေးသွားသည်။ ဝက်သားတုတ်ထိုးသည်ကတော့ တစ်ခါဖူးမှမကြုံဖူးသော လူတစ်ယောက်ရဲ့ ကျောပြင်ကို အဓိပ္ပါယ်မျိုးစုံနဲ့ ငေးကြည့်နေရမှာတော့ မလွဲကေန်ပါ . .။

"ဘုရား . . ဘုရား . . လူသတ်ဖို့ ငါ့ဓားများလာဝယ်နေလား မသိပါဘူး . . ဈေးရောင်းမကောင်းရတဲ့ကြားထဲ . . လူသတ်မှုအဆစ်ပါနေဦးတော့မယ် . . ပြေးမှ . . ."



www.burmeseclassic.com

www.burmeseclassic.com



## အခန်းစဉ် (၂၅)

## ဓားတစ်လက်၏ တန်ဖိုး

"အယ်..

ကို .. ကိုထူးဇော် .. ဟုတ် .. ပါတယ်နော်"

"ဟုတ် .. ကဲ့ .."

မထင်မှတ်တဲ့အချိန် .. မထင်မှတ်တဲ့နေရာ ...

"ပလက်ဖောင်းကြီးပေါ်မှာ ဘာဖြစ်လို့ ငုတ်တုတ်ကြီး ထိုင်နေတာလဲ ဟင် .."

ထူးဇော်က ခေါင်းမဖော်ဘဲ သူ့ခြေထောက်ကို လက်ညှိုးထိုးပြလိုက်သည်။

"ဟင် .. လမ်းမလျှောက်နိုင်ဘူးလား .. ကျွန်မ ... ကျွန်မ ... ဘာကူညီပေးရမလဲ ..."

ထူးဇော် ရှိရှိသမျှသော သတ္တိတွေစုစည်းလိုက်ပြီး မတ်တတ်ရပ်ကာ ...

"ကျွန်တော့်မှာ အဖေ၊ အမေလည်း မရှိတော့ပါဘူး .. အစ်မတစ်ယောက်ပဲ ရှိပါတယ် .. ပြီးတော့ .."

ဘာဆက်ပြောရမည်ကို တစ်ချက်စဉ်းစားလိုက်ပြီး ..

www.burmeseclassic.com

www.burmeseclassic.com



"ဟိုလေ . . အင်္ကျီအဝတ်အစားကအစ မမသက်ကပဲ ဝယ်ဝယ်ပေးနေရတာ . ."

ခရေဝင်း ဘာကိုနားလည်ရမှန်း မသိတော့ . . သူ ဘာပြောချင်တာလဲ . . သူ့ခြေထောက် ဘာဖြစ်တာလဲ . . .။

"ဟုတ်ကဲ့ . . ကျွန်မ ဘာလုပ်ပေးရမလဲ . . ဆိုတာပဲ ပြောပါ ကိုထူးဇော် . . ."

"ဟို . . ဟို . . ကျွန်တော် ဖိနပ် . . ဖိနပ် မဝယ်တတ်လို့ . . အဲဒါ . . . လိုက် . . လိုက်ဝယ်ပေးပါလား ဟင် . ."

ဖိနပ်အပြတ်လေးကိုင်ကာ အသနားခံသော မျက်နှာလေးဖြင့် . . . ပြောလိုက်သည်။ ခရေဝင်းက ဒါလေးများ ဆိုတဲ့ မျက်နှာနဲ့ ပြတ်နေသော သဲကြိုးဆီ မျက်လုံးရောက်သွားရာ . . .

"ဟင် . . ဖိနပ်က အသစ်ကျပ်ချွတ်ကြီးပဲ . . ဘယ် . . ဘယ်လို ပြတ်သွားတာလဲ . . . ဟောတော့ . . ပြတ်တော့လည်း မားနဲ့လှီးထားသလို တိတိရိရိကြီး . . ."

ဟိုက် . . သွားပြီ . . ဘာဆက်ပြောရပ . . .

"ဟို . . ဟိုလေ . . ကျွန်တော် ကားပျက်သွားလို့ပါ . . အဲဒါ . . ."

ခရေဝင်းက အံ့ဩသောမျက်နှာနဲ့ . . .

"ကားပျက်တာနဲ့ . . ဖိနပ်ပြတ်တာ ဘာဆိုင်လို့လဲ . . ကိုထူးဇော်ရဲ့ . . ."

ကမန်းကတန်း ခေါင်းငုံ့လိုက်ပြီး . . .

"ဟို . . . ကားအောက်ကို ဝင်နေတုန်း . . ဘယ်က ကလေးတွေ လက်ဆော့သွားတယ် . . မသိပါဘူး . . မ . . ခရေဝင်းရယ် . ."



www.burmeseclassic.com

www.burmeseclassic.com



ဒီတော့မှ ခရေဝင်းက ခေါင်းခါရမလို . . ခေါင်းညိတ်ရမလိုနဲ့ . . .

"ဩော် . . တော်တော်ဆိုးတဲ့ ကလေးတွေပဲ . . ကဲ . . လာ . . လာ . . ကျွန်မ အသိဆိုင်မှာ သွားဝယ်ပေးမယ် . . နံပါတ်က . . "

"တစ်ထောင့်ငါးရာပါ . . . "

"ရှင် . . . "

"ဩော် . . ဟိုလေ . . အိမ်က ဝယ်ပေးတုန်းက တစ်ထောင့်ငါးရာလို့ ပြောတာကြားလို့ . . . "

ခရေဝင်းရဲ့ ရဲတွတ်နေတဲ့မျက်နှာလေးက အနီရောင် နည်းနည်းလျော့သွားတယ် . . ပြီးတော့မှ မရယ်တစ်ဝက်၊ ရယ်တစ်ဝက်နဲ့ . . .

"ကျွန်မ မေးတာ . . ဈေးနှုန်းမဟုတ်ဘူးလေ . . ရှင့် ဖိနပ် . . နံပါတ် . . . "

"ဆင်ခြောက်ကောင် . . . "

"ဒုက္ခပါပဲ . . ဖိနပ်အမျိုးအစား ပြောတာမဟုတ်ဘူး"

ထူးဇော်က ခေါင်းကုတ်ပြီး . . မရဲတရဲလေသံနဲ့ . . .

"ကျွန်တော်လည်း သိသလောက်၊ မှတ်မိသလောက် ပြောတာပါ . . . ကျန်တာ . . ဘာမှမသိလို့ . . ဟိုလေ . . ဟို . . ဝယ်ခိုင်းတာပါ . . . "

တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်မိပြီး ဖြိုင်တူ ရယ်လိုက်မိတော့သည်။ ထူးဇော်ရဲ့ ခြေဖဝါးအောက်က ဝတ်သားတုတ်ထိုးသည်ရဲ့ဓားလေးကတော့ ပြုံးလို့နေမှာ ကိန်းသေသည်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်းစဉ် (၂၆)

## ကြိုက်မရှက်

"ကဲ . . ပြော . . ကိုထူးဇော် . . ဒီတစ်ခါ . . ကားလား . . . ဆိုင်ကယ်လား . . . ဖိနပ်လား . . ဘာပျက် . . ဘာပြတ် နေပြန်ပြီလဲ . . "

"ကားက ဖိနပ်ပြတ်ပြီး ဖိနပ်က ဘီးပေါက်ပြန်ပြီလား"

ဝိုင်းဟားကြပြန်ပြီ . . ဘယ်ရမလဲ . . ထူးဇော် အရေ ထူသွားပြီ . . ကြိုက်မရှက်၊ ငိုက်မရှက်တဲ့ . . မရှက်နိုင်တော့ပါဘူး . . ခရေဝင်းရယ် . . ဘာမှ ပြန်မပြောတော့ဘူး . . ခရေဝင်းရှိရာကို တည့်တည့်ပဲ . . .။

"ကိုဇော် . . ဘာဖြစ်လာပြန်ပြီလဲ ဟင် . . . "

အခေါ်အဝေါ်တွေတောင် ပြောင်းကုန်ပြီ . . ကိုဇော်တဲ့။

"ခရေ့ဆီ သက်သက်ပဲ . . ခေါင်းလျှော်ချင်လို့ . . "

"ဟာ . . မရဘူးကွာ . . ခုဆို ခုပဲ . . "

အောက်မှာ ပေါင်းတင်နေတဲ့ လူတွေက . . အပေါ်မှာ ဘာလုပ်နေသည်မသိ . . လက်ဟန်၊ ခြေဟန်တွေနဲ့ပြနေပုံရ



www.burmeseclassic.com

www.burmeseclassic.com



သည်။ ဘာကြောင့်လဲဆိုတော့ ခရေဝင်းရဲ့ အသံမကြားရဘဲ ထူးဇော်ရဲ့အသံကိုသာ ကြားနေရသည်။

ဘာမှမပြောတော့ဘဲ ထူးဇော် ခေါင်းလျှော်ရည်ခုံပေါ် ပက်လက်လှန်ပြီး မိမိတာသာ လည်ပတ်သားရေကိုဆွဲယူ တပ်လိုက်သည်။

"အေးဖောင် . . . ခဏ . ."

ခရေဝင်းက လှမ်းခေါ်တော့ . . .

"အေးဖောင် . . မဟုတ်ဘူးနော် . . ခရေ . ."

"ဟုတ်ပါတယ် . . အေးဖောင်လည်း မလာပါဘူး . . ခရေ့ရဲ့လက်စကို သတ်ပေးမလို့ပါနော် . . ."

ပေါင်းတင်လက်စလူကို ခရေဝင်းက တောင်းပန်လိုက်ပြီး ထူးဇော်ရှိရာသို့လာခဲ့လိုက်သည်။ ခေါင်းလျှော်နေရင်း ခရေဝင်းရဲ့ မျက်နှာနုနုလေးကို တစိမ့်စိမ့်ကြည့်နေလိုက်သည်။ စီးပွားရေးကိစ္စတွေသာ နေ့စဉ်နပန်းလုံးနေရသဖြင့် တော်ရုံတန်ရုံမိန်းကလေး အချို့ ဖြတ်လျှောက်သွားတာတောင် မကြည့်ဖြစ်။ ပတ်ဝန်းကျင် အမြင်မှာတော့ မိန်းကလေးတွေကို မတူသလို မတန်သလို ဘဝင်မြင့်နေသယောင်။

အမှန်က စီးပွားရေးဘက် ဦးစားပေးနေလို့ . . ခုတော့ဖြင့် . . . ခေါင်းထဲမှာ ဘာဆိုဘာတစ်ခုမှ မရှိ . . ခရေဝင်းသာ ဦးဆောင်နေသည်။

"ခရေ . . ညနေ လာကြိုမယ်နော် . . ."

သူ့ရဲ့ လက်နှစ်ဖက်ကို ဆွဲယူလိုက်ပြီး နှစ်ကိုယ်ကြားလေသံလေးနဲ့ ပြောလိုက်သည်။

"အင်း . . ."



www.burmeseclassic.com

www.burmeseclassic.com



ဘေးက ပေါင်းတင်ထားပြီး အိပ်ပျော်သယောင်ဖြစ်နေတဲ့ လူကို လှမ်းကြည့်လိုက်ပြီး အားမလို အားမရဖြစ်ကာ . . .

"ဘာ . . အင်းလဲ . . ဘာပြောပြော . . ဒီအင်းတစ်လုံး ကလွဲလို့ . . . ဘာမှ မပြောတတ်တော့ဘူးလား . ."

"အင်း . . ."

"ဒုက္ခပါပဲ . . ရည်းစားလေးတစ်ယောက် ထားမိပါတယ် . . စကားမပြောတတ်ဘူးဆိုရင် ရှက်စရာကြီး . . ."

"ခစ် ခစ် ခစ် . ."

သည်တော့မှကြိတ်ပြီး ရယ်သံထွက်လာတော့တယ် . . အဲဒီ့အချိန်မှာပဲ . . ဘေးကမျက်နှာအဖွေးသားနဲ့ လူနှစ်ယောက် ငုတ်တုတ်ထထိုင်လိုက်ပြီး . . .

"ဘာ အင်းလဲ . . လက်ဖွဲ့လား . . ."

"ငါးမွေးတဲ့ အင်းလား . ."

"မဟုတ်ပါဘူးကွာ . . ပုစွန်ထုပ်၊ ပုစွန်ထုပ် . . ."

ဘာလဲဟ . . ဘာကောင်တွေလဲ . . နည်းနည်းတော့ တင်းသွားတယ် . . ပက်လက်ကထပြီးပြောမယ်အလုပ် . . .

"ဟော့ကောင် ထူးဇော် . . လူကလေးမောင်မင်း . . ကျွန်ုပ်တို့ မသိဘဲ မောင်မင်း ဒီကို ဘယ်နှခေါက်တောင်ရောက်ပြီး ပြီလဲ . . ."

ကြားဖူးသလိုပဲ . . ဘယ်သူတွေပါလိမ့် . . .။

"ဘာမှစဉ်းစားမနေနဲ့ . . မှန်မှန်ပြောပါ လူကလေး . . ကျွန်ုပ်တို့ကို ဘယ်သူတွေမှတ်သလဲ . ."

"မင်းတို့ ဘယ်သူတွေလဲ . . ပြော . . ."

"အိုင်ပီ သက်နေနဲ့ ဆားပုလင်း နေထူးနိုင် . . ."



www.burmeseclassic.com

www.burmeseclassic.com



ဟာ . . သွားပြီ . . ဒီကောင်တွေ သိသွားပြီ . . ခရေဝင်းဘက်လှည့်ကြည့်လိုက်တော့ မရှိတော့ဘူး . . .

"လူကလေး . . မောင်မင်း . . ထူးဇော် . . ကျွန်ုပ်တို့ကို ပြုစုပါ . . မပြုစုရင် မောင်မင်းရဲ့ တစ်ဦးတည်းသောအစ်မ . . မမသက်ကို ကျွန်ုပ်တို့ အစီရင်ခံစာ တင်ပြရပါလိမ့်မယ် . . ."

ရဲစခန်းရှေ့ ကားတိုက်မှုတော့ဖြစ်ပြီ . . .။

"လူကလေးမောင်မင်း ထွက်ပြေးဖို့ မကြိုးစားပါနဲ့ . . အချည်းနှီးဖြစ်သွားပါလိမ့်မယ် . . ဟောဒီမှာ ကားသော့ . ."

"ဖုန်း . . ."

လျှော်ခုံပေါ် ထူးဇော် ပက်လက်လှန်ပြီး ပစ်လှဲလိုက်သည်။

"ကောင်းဒယ် . . ကောင်း . . ဒယ် . . အဲဒီလို ဖြောင့်ချက် . . . ပေးတာ . . . အားများကြီး . . ကြေးဇွန်းဒင်ပါဒယ် . . လွန်ဇွာ . . ကြေးဇွန်းဒင်ပါတယ် . . လူကလေး မောင်မင်း"

"တောက် . . . ."

နားကြပ်လို့ကောင်းတုန်း နားကြပ်တောင်ကျိုးပြီး ကျန်နေခဲ့သလိုမျိုး ခံစားလိုက်ရတယ် . . .။



www.burmeseclassic.com

www.burmeseclassic.com



## အခန်းစဉ် (၂၇)

## ကိန္နရီမောင်နှံ ဝင်စားခြင်း

ရုပ်ရှင်တွေ၊ ဗီဒီယိုတွေထဲကလို . . ရွှေတိဂုံ၊ ဆူးလေ၊ ဗိုလ်ချုပ်ပန်းခြံ၊ ရုပ်ရှင်ရုံတွေ အဲဒါတွေအားလုံး အားလုံးဟာ ထပ်နေပြီ။ ဒီတော့ သူများတွေနဲ့ မတူအောင် အသစ် . . အသစ်။

ခရေဝင်း လက်ကလေးဆွဲပြီး သန်လျင်ကျိုက်ခေါက်ဘုရား၊ ပါဒကြီးဘုရား၊ ကျောက်တန်းရေလယ်ဘုရားတွေဘက် လှည့်ပစ်လိုက်တယ် . . မှတ်ထား . . ။

သူများတွေတော့ မသိဘူး. . ထူးဇော်အဖို့ကတော့ ပထမဦးဆုံး ရည်းစားဦးလေး ချစ်လိုက်တာမှ ဘယ်လိုပြောရမှန်းတောင် မသိဘူး . . စာနဲ့ချရေးပြမယ်ဆိုရင်တောင် မရေးပြတတ်သလောက်ကိုချစ်တာ . . ဆံပင်ထုံးကလည်း အထူကြီး . . ပြီးတော့ ဖြန့်ချလိုက်ရင် တင်ပါးတစ်ဝက်ကျော်ကျော်လောက် . . ပြီးတော့ ခရေဝင်းက ဖြူဖြူသွယ်သွယ်လေး . . ဘုရားပန်းရောင်းတဲ့ ဈေးသည်တွေအားလုံးက . . .

"သူတို့စုံတွဲလေးက သိပ်လိုက်တာပဲ" တဲ့။



www.burmeseclassic.com

www.burmeseclassic.com

# တစ်ခါသုံးအိပ်မက်

ထူးဇော် မာန်တွေတက်သွားတယ် . . . ကမ္ဘာပေါ်မှာ ငါတို့စုံတွဲထက်သာတာ မရှိတော့ဘူး . . ဘက်ခမ်းတို့ဇနီးမောင်နှံကို သနားတယ် . . . လူမင်း၊ လွင်မိုး၊ မင်းမော်ကွန်းတို့ကို သနားတယ် . . ငါတို့လောက် မင်းတို့စုံတွဲတွေ မချစ်ပါဘူး . . ငါတို့တလက်ကိုတောင် မလွှတ်ဘူး . . ကားစီယာတိုင်ကိုင်ဖို့ နာရီဝက်လောက် လက်ကိုပြန်ပြဖြင်ယူရလောက်တဲ့အထိ ကိုင်း . . ပိုမျှားနေမလား . . ပိုတယ်ထင်လည်း ခွင့်လွှတ်ဗျာ . . ထူးဇော်နဲ့ခရေဝင်းက ချစ်လွန်းလို့ပါ . . . ။

တကယ်ပါဗျာ . . ချစ်လွန်းလို့ပါ . . ကိန္နရီမောင်နှံကစာတွေ . . ခုဟာက လက်တွေ့ . . တကယ် . . တကယ် . . ချစ်လွန်းလို့ . . ဆိုတဲ့ ခေါင်းစဉ်နဲ့ပြိုင်ပွဲဝင်ရင်တောင် ကျွန်တော်တို့စုံတွဲ ပထမရမှာ ကျိန်းသေးတယ် . . .

ဘုရားဘေးက မုန့်ဟင်းခါးသည်ကြီးက ဘာပြောတယ်မှတ်လဲ . . . ။

“သူတို့စုံတွဲတွေသာ စောင့်ပြီးရောင်းရရင် ထမင်းနပ်မမှန်မှာ သေချာတယ် . . . ဘယ့်နှယ်တော် . . မုန့်ဟင်းခါးတစ်ပွဲမှာပြီး ဇွန်းနှစ်ချောင်းနဲ့ အတူတူစားနေမှတော့ ဘယ်လာစီးပွားဖြစ်တော့မှာလဲ . . .”

ဟုတ်ပ . . . အရိုက်မခံ . . အဆဲမခံ . . အဖြစ်သည်းတယ် . . . အပြောမခံရတာတောင် ကံကောင်း . . . . ။





www.burmeseclassic.com

www.burmeseclassic.com



## အခန်းစဉ် (၂၈)

### ပန်းနုရောင် ဖိတ်စာလေး

"ကဲ.. ရော့ . . ဖတ်ကြည့်လိုက်ပါဦး. . ကြိုက်မကြိုက်" မျက်နှာရှေ့ စားပွဲပေါ်တည့်တည့်ကျလာတဲ့ . . ပန်းနုရောင် . . ငွေနားကွပ်ဖိတ်စာလေးတစ်စောင် . . . ဘာလဲဟာပေါ့။

မမသက်ရဲ့မျက်နှာကို မော့ကြည့်လိုက်တယ်။ တကယ်ဆို မောင်ဖြစ်သူနဲ့တိုင်ပင်ဖို့တော့ ကောင်းတာပေါ့ . . ခုတော့ဗျာ . . ဧကန္တ မမသက်ရဲ့လူနဲ့ အားလုံးအံ့ဩသွားရအောင် လုပ်လိုက်တာပဲ ဖြစ်ရမယ်။

"ဟဲ့ . . ဖတ်ကြည့်လေ . . ."

တစ်ခါဖူးမှ မမြင်ဖူးတဲ့မျက်နှာ။ လေသံ။ မမသက် ဘာဖြစ်တာလဲ . . ထူးဇော်ကို ရှက်ရမ်း . . ရမ်းနေပြီ . . ဘာရမ်းစရာလိုလဲ . . အိမ်ထောင်ပြုတဲ့ကိစ္စပဲ မောင်ဖြစ်သူထူးဇော်ကတောင် ဝမ်းသာရဦးမှာ။ ဟုတ်တယ် နှိုမ့်ဆို . . အဖတ်တင်မှာ မဟုတ်ဘူး

"ဘာဖတ်စရာလိုလဲ . . မမသက်ရယ် . . မျက်နှာ[illegible]ကြီး . . ."

www.burmeseclassic.com

www.burmeseclassic.com



သက်ပိုင်ဇော် အေးအေးခိုင်နဲ့ သူဇာနွယ်ကို လှည့်ကြည့်လိုက်တော့ ဘာအဓိပ္ပါယ်လဲပေါ့ . . .။

“ပူစရာမလိုပါဘူး . . ထူးဇော်ရယ် . . နင့်မင်္ဂလာကိစ္စနင်ပဲ ဆုံးဖြတ်ပေါ့ဟဲ့ . .”

“ဗျာ . . .”

ဘဝသံသရာဆိုတဲ့ ဂုပ်ထိပ်တံတားကြီးပေါ်က ခြေမဲ့လက်မဲ့ ပစ်ချတာမျိုးလို အသည်းထဲမှာ အေးခနဲဖြစ်သွားပြီး ရင်တွေတလှပ်လှပ်တုန်လာတယ် . . . လက်ဖဝါး ခြေဖဝါးတွေ ချွေးစေးတွေ ထွက်လာပြီး . . အေးစက်မာကျောတောင့်တင်းလာတယ်။

“မ . . မ . . သက်ရယ် . . ဘယ်လိုလုပ် . . လိုက်တာလဲဗျာ . . . တကယ်ဆို . . ကျွန်တော့်ကို . . မေးသင့်ပါတယ် . . မ . . မသက် . . ချစ်တာ . . တစ်ဖက်စွန်းကို . . ရောက်သွားပြီဗျာ . . .”

ရင်ထဲက ပြောလိုက်တဲ့စကားလုံးတွေနဲ့ . . ဝိုးတိုးဝါးတားဖြစ်သွားတဲ့မျက်လုံးတွေနဲ့ ပန်းနုရောင်ဖိတ်စာလေးကို . . ငေးမောကြည့်ရှုကလွဲလို့ . . လွဲ . . လို့ . . .။

သတို့သမီးက ဘယ်သူလဲလို့မေးစရာမလိုတော့ပါဘူး . . ချောင်းသာက ဟိုလူကြီးရဲ့သမီးပဲ ဖြစ်မှာပေါ့ . . .။

ဖျတ်ခနဲ ခရေဝင်းရဲ့အပြစ်ကင်းစင်တဲ့မျက်နှာလေးကို ပြေးမြင်လိုက်တယ် . . ဩော် . . ငါ့နှယ် . . ရည်းစားဖြစ်တာမှ တစ်ပတ်တောင် မပြည့်လိုက်ရပါလား . . .။

“မင်္ဂလာပွဲပြီးရင် . . တစ်ပတ်ပဲခြားမယ် . . မောင်လေး . . ပြန်သွားဖို့ . . မမသက် စီစဉ်ပြီးပြီ . . . မမသက်နဲ့ခြားခြား တော့ နောက်မှပဲ လိုက်ခဲ့မယ် . . .”

www.burmeseclassic.com



မမသက်က သူ့သူငယ်ချင်းတွေကို မျက်ရိပ်မျက်ကဲပြပြီး

"ကဲ . . မမသက်တို့ သတို့သား၊ သတို့သမီးဝတ်စုံတွေ သွားကြည့်လိုက်ဦးမယ် . . မမသက်အကြိုက်ဟာ မောင်လေး အကြိုက်ပဲပေါ့ . . . နော် . . မဟုတ်ဘူးလား . . ."

ထူးဇော်ရဲ့နှာခေါင်းလေးကို ဆွဲလိမ်ပြီးထွက်သွားတယ်။ တကယ်ဆို အသည်းနှလုံးကို ဆွဲလိမ်ထုတ်ပစ်ရမှာ . . ထူးဇော် . . ဘာမှပြန်မပြောနိုင်တော့ပါဘူး . . . ။

လူ့ဘဝမှာ ကွဲခြင်း၊ လွဲခြင်း၊ မမြဲခြင်းတွေဟာ . . ကံကြမ္မာဇာတ်ဆရာပေါ်မှာ မူတည်နေပါလားရယ်လို့ . . .

မမသက် ဘာဖြစ်လို့များ . . ခုလို . . မြန်မြန်ဆန်ဆန်ကြီး . . လုပ်လိုက်ရတာလဲ . . ဘာကြောင့်လဲ . . ခြူးခြူးကြောင့်လား . . . . ။



www.burmeseclassic.com

www.burmeseclassic.com



## အခန်းစဉ် (၂၉)

### စက်ရုပ်ပြဿနာတစ်ခု



“အဲဒါပဲ ထူးဇော် . . .”

“နေပါဦး . . သူများခေါင်းလျှော်မှ ထမင်းစားရတာ . . သူများ ခြေသည်း လက်သည်းလှီးမှ၊ ခြေသည်းလက်သည်းပုံဖော် ဆေးဆိုးပေးရမှ . . မျက်နှာသစ်ပေးရမှ ထမင်းတစ်လုပ်စားရတဲ့ လူနဲ့ မမသက်ရဲ့မောင်နဲ့ မတန်ပါဘူးလို့ ဘယ်သူက ပြောလဲ . . ဘယ်သူကများ ပြောလဲကွာ . . ငါ့ကို ပြောကြစမ်းပါဦး . .”

“အဲဒါတော့ ငါတို့မသိဘူး ထူးဇော် . . ခုဟာက မင်း မမသက်ဆီကို ခုနက မင်းပြောသလိုမျိုးပြောပြီး ဖုန်းဆက်တာ”

“တောက် . . မိုက်ရိုင်းလိုက်တာကွာ . . သူ့ဟာသူ ဘာ လုပ်စားစား . . . သူတို့အလုပ်လား . . ပြောကြစမ်းပါဦး . . ငါ ချစ်သူ ခရေဝင်းက နူနေလို့လား . . အရေပြားရောဂါသည်လား . . သူ့မိဘသူ သန့်သန့်ရှင်းရှင်းနဲ့ လုပ်ကျွေးနေတာပါကွာ . . တခြားမိန်းကလေးတွေနဲ့ တူလို့လား . . .”

သက်နေနဲ့နေထူးနိုင်ကတော့ ဘာမှမပြော . . ဇော်တုတ်



www.burmeseclassic.com

www.burmeseclassic.com



ကြီး ထိုင်ပြီး တွေဝေနေသည်။

“ငါ . . ငါ . . ခရေ့ကို ဘယ်လိုပြောရမလဲကွာ . . ဘယ်လိုမျက်နှာနဲ့ကြည့်ရမှာလဲ . . သူ့ခမျာ ဆင်းရဲရှာပါတယ် . . နိမ့်ပါးပါတယ် . . မင်းတို့စဉ်းစားကြည့်စမ်းပါ . . သူ့ဘက်က သူ့ရဲ့ချစ်သူ ထူးဇော်ဆိုတဲ့ သူဌေးသားအကောင်ကိုလည်း သက်လွတ်ဆုံးရှုံးရဦးမယ် . . . ပြီးတော့ ထူးဇော်နဲ့လက်ထပ်မယ့် သတို့သမီးကိုလည်း မိတ်ကပ်၊ ဆံထုံးအစစအရာရာ တာဝန်ယူပေးရဦးမယ်ဆိုတော့ . . . ဟား . . . ဟား . . တော်တော်ကြီးကို . . လွန်”

ထူးဇော်ရဲ့အသံတွေတိမ်ဝင်သွားသည်။ မေးကြောကြီးထောင်ထောင်ပြီး ဖိတ်စာကိုငေးကြည့်နေလိုက်သည်။ အသံတိတ်ငိုချင်း၊ အသံတိတ်ခေတ်ရုပ်ရှင်မဟုတ်။ လက်တွေ့။ အသံတိတ်ငိုနေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



အခန်းစဉ် (၃၀)

## ဇာတ်သိမ်းခန်းမှာ မငိုဘူး

ကောင်တာမှာ . . မမသက်၊ အေးအေးခိုင်၊ သူဇာနွယ်တို့က ပိုင်ရှင်မဥမ္မာနဲ့စကားတွေ ဖောင်ဖွဲ့လို့နေသည်။ စီးပွားရေးကိစ္စရောက်လိုက်၊ ကားကိစ္စရောက်လိုက်၊ လက်ရှိ ဆိုင်ကိစ္စဘက်ရောက်လိုက်နဲ့ . . . အို . . စုံနေတာပါပဲ . . . သူတို့ပြောတဲ့စကားတွေ မကြားတစ်ချက် . . . ကြားတစ်ချက် . . . ။

"အား . . အမလေး . . ."

"ကန်တော့နော် . . ကန်တော့"

ဆံညှပ်ခွထိုးလိုက်တော့ နားရွက်နည်းနည်းထိသွားသည်။ လက်တွေကသာ ဆံပင်ပေါ်မှာ စန္ဒယားခလုတ်တွေနှိပ်သလို ဖယ်စက်နေပေမယ့် စိတ်ကတော့ ရင်ဘတ်ထဲက တစ်ချက် တစ်ချက်စူးခနဲအောင့်တက်လာသည်။ လက်နဲ့မသိမသာ ဖိထားလိုက်သည်။ တစ်သက်လုံး မိခင်ကြီးရဲ့စကားကို မြေဝယ်မကျနားထောင်ခဲ့သော်လည်း ထူးဇော်နဲ့တွေ့မှ . . .

"သမီး . . ဘယ်လိုနည်းနဲ့မှ ဖြစ်လာမှာမဟုတ်ဘူးနော်

www.burmeseclassic.com

www.burmeseclassic.com



. . ဒါရုပ်ရှင်ရိုက်နေတာ မဟုတ်ဘူး . . လက်တွေ့ . . လက်တွေ့ . . သမီးလေး ကြိုပြီးသိထားမှ နည်းနည်းခံသာလိမ့်မယ် . . .”

မိဘဆိုတာ အရာရာကြိုမြင်တတ်ပါလား . . အမေ့ကို ဖွင့်ပြောကတည်းက ခုနက စကားလုံးတွေနဲ့ ခရေဝင်းကို ဆုံးမတယ် . . ပါးပေါ်ကို ပူပူနွေးနွေးအရည်လေးတွေ ကျလာတော့မှ . . .

ဩော် . . ငါမျက်ရည်တွေကျနေပါလား . . ဆိုတဲ့ အသိဝင်လာတယ် . . တော်ပါသေးရဲ့ . . သတို့သမီးရဲ့ခေါင်းနဲ့ကွယ်နေလို့ . . နို့မို့ဆို . . ရှေ့တည့်တည့်က မှန်ပေါ်မှာ သူ့မျက်နှာက အထင်းသား . . ‘ငါ့ဘာသာငါ မင်္ဂလာဆောင်တာ ညည်းက ငိုစရာလား’ လို့ အမေးခံနေရဦးမယ် . . .။

“ခရေ . . ရေ . . သွက်သွက်လေး လုပ်ပေးလိုက်ပါဟော့ . . ပွဲက အချိန်နီးနေပြီ . . .”

ဆိုင်ရှင် မဥမ္မာရဲ့ အသံ . . . .

“ဟုတ် . . . .”

မဥမ္မာက ကိုယ်ချင်းစာတတ်ပါတယ်။ မျက်နှာက သိပ်မကောင်း။ ဘယ်လိုမှငြင်းလို့မရလို့ လက်ခံလိုက်ရတာ . . ခရေဝင်း အသိဆုံး . . .

“မင်္ဂလာပွဲမှာ . . လိုအပ်တာတွေ . . ထပ်လုပ်ပေးဖို့ . . ပစ္စည်းတွေကို သေသေချာချာ ထည့်ယူသွားနော် ခရေ”

“ဟုတ် . . .”

“အေးဖောင်တို့ . . လဲ့လဲ့တို့ မထည့်ပေးတော့ဘူးနော် . . ဆိုင်မှာက . . လူနည်းနေလို့ . . .”

“ဟုတ် . . .”



www.burmeseclassic.com

www.burmeseclassic.com



မမသက်ဘက်လှည့်ပြီး မဉမ္မာက . . .

"သတို့သားကတော့ ဟိုရောက်မှပဲ အဝတ်အစားလဲရင်း ခရင်မ်ပတ်လေးလောက် နည်းနည်းအွန်လိုက်ရင် ရပါတယ် . . နဂိုတည်းက မမသက်မောင်က ချောပြီးသားပဲ . . ."

မမသက်တို့အုပ်စု ဝါးခနဲရယ်လိုက်ကြသည်။ ဒူးတွေ အေးစက်ပြီး ပျော့ခွေလုမတတ် ဖြစ်လာတယ်။

ဘုရား . . ဘုရား . . ငါ ဘာတွေဖြစ်နေပါလိမ့် . . ဘဝ ချင်းမတူလို့ . . မတူတာကို . . ငါ . . ငါ . . ဘာလို့ ခံနိုင်ရည် စွမ်းမရှိရတာလဲ . .။

မေမေ့ရဲ့မျက်နှာလေးကို ပြေးမြင်လိုက်တယ်။ လူရယ်လို့ ဖြစ်လာကတည်းက ခရေဝင်းဟာ အရာရာကို တစ်ခြမ်းရှုံးပြီးသား ပါ . . ရှေ့လျှောက်လည်း ရှုံးရဦးမှာ . . .။

"မမသက် . . သတို့သမီး အဆင်သင့်ဖြစ်ရင် သွားရ အောင် . . . ဒီမှာ ကိုထူးဇော်လည်း ပါလာပြီ . . ."

ဆိုင်ရှေ့မှာ သူတို့ရဲ့ ကိုယ်ပိုင်ကားကြီး ရပ်ထားတယ် . . ထောင်ကျော်တန်တယ်လို့တော့ အေးဖောင်က ပြောတယ် . . ကားပေါ်ရောက်တယ်ဆိုရင် . . . သတို့သမီး ချူချူက . .

"ကိုလေး . . ချူကိုကြည့်ပါဦး . . ဘာလိုသေးလဲ . . လို့"

"ဟုတ်သားပဲ မောင်လေးရဲ့ . . ချူရဲ့မျက်နှာလေးကို စေ့စေ့ကြည့်ပြီး လိုအပ်တာတွေ ပြောလေ . . ဒါမှ ခရေဝင်းကို ပြောလို့ရမှာပေါ့ . . ."

ထူးဇော်က သက်ပြင်းရှည်ကို မသိမသာခိုးချပြီး . . .

"နဂိုရှိမှ . . နကိုင်းထွက်တာပါ . . မမသက်ရဲ့ . . ချူ

www.burmeseclassic.com

www.burmeseclassic.com



က နဂိုတည်းက လှပြီးသား . . . ”

သတို့သမီးခြူးခြူးက တိုးညှင်းစွာရယ်မောရင်း . . . ထူးဇော်ရဲ့ပခုံးကို မှီလိုက်သည်။ ထူးဇော် မသိမသာလေးရှုန်းရှန် ကြူးစားရင်း ခရေဝင်းကိုကြည့်လိုက်တော့ မျက်လွှာနှစ်ဖက်ကို ချပြီး . . . လက်ထဲက မိတ်ကပ်သေတ္တာဘောက်စ်လေးကို ငေးကြည့်နေသည်။ ပြီးတော့ တစ်ညလုံးငိုထားပုံရသည်။ မျက်ခွံများ က အစ်ထွက်နေပြီး နှာသီးဖျားလေးတွေက နီရဲလို့နေသည်။ အနည်းငယ်တော့ မျက်နှာချောင်သွားသည်။

“မမသက် ကြားတယ်နော် . . . ခြူး ဘာမှပြုပြင်စရာ မလိုတော့ဘူးတဲ့ . . . ”

မမသက်က ခရေဝင်းကို မသိမသာလေး ခိုးကြည့်လိုက်ပြီး . . .

“တူလို့ . . တန်လို့ပါဆိုတဲ့စကားအရပေါ့ ခြူးရယ် . . ခြူးဟာ မောင်ဒလေးနဲ့တန်လို့ . . . ခြူးဟာ မောင်လေးနဲ့ တူလို့ . . တစ်ခုတော့ရှိတယ်နော် . . ခြူး . . . ”

မမသက် . . ကားရဲ့အပြင်ဘက်ကို ငေးမောစွာနဲ့ကြည့် ရင်း . . စကားလုံးတွေကို ဖြည်းညင်းစွာနဲ့ . . .

“ငါ့မောင် . . ထူးဇော်ကို . . ငါ . . သိပ်ချစ်တယ် . . မိဘနှစ်ပါး . . မရှိတော့တည်းက ငါဟာ မိဘနေရာကို အလိုလို နေရင်း ရောက်ခဲ့ရတယ် . . သူနဲ့ပတ်သက်လို့ . . ငါ့ဘဝမှာ အရာ ရာ လက်လွှတ်ခံ ဆုံးရှုံးခဲ့ရတယ်ဆိုတာလဲ ငါ့မောင်လေး သိပါ တယ် . . သဘာဝရဲ့နိယာမအရ . . ထူးဇော်ကို လက်လွှတ်ဆုံး ရှုံးခံရပေမယ့် ငါ့ရင်ထဲမှာတော့ ထူးဇော်ဟာ ငါ့မောင်လေး . . ငါ့ သားလေးလို . . အမြဲတမ်း ရင်ထဲမှာထည့်ထားတယ် . . မိန်းမ



www.burmeseclassic.com

www.burmeseclassic.com



သားချင်း ကိုယ်ချင်းစာပေမယ့် မစာသင့်ဘူးလို့ ထင်ရမယ့် တိစ္ဆတော့ . . . ”

“ဟဲ့ . . . ရဲဝင်း မောင်းတော့လေ . . ဘာလဲ . . အားတျနေလို့လား . . နောက်တစ်ခေါက် မောင်လေး နိုင်ငံခြားသွားရင် နင့်အတွက် ကပ္ပလီမတစ်ယောက် ရှာလာပေးမယ် . . ဟုတ်ပြီလား . . . ”

ထုံးစံအတိုင်း ရဲဝင်းကတော့ . . ကွမ်းစားထားတဲ့သွားတွေပေါ်အောင် ရယ်ရင်း . . ဝေါခနဲ မောင်းထွက်လိုက်သည်။ လမ်းဘေးမှာရှိနေတဲ့ဖြတ်သွားဖြတ်လာ . . လူတွေ၊ တိုက်တွေ၊ ခြံတွေ၊ ကားတွေ၊ ဓာတ်တိုင်တွေ၊ ဘာဆို . . ဘာမှ ခရေဝင်း မမြင်တော့ . . မျက်လုံးထဲ နှင်းတွေထူထပ်စွာကျပြီး ဝိုးဝါးလို့နေသည်။

“မောင်လေး . . နောက်တစ်ပတ်ထဲမှာ ပြန်မှာမဟုတ်လား . . . လေယာဉ်လက်မှတ် ရဲဝင်းကိုဝယ်ခိုင်းထားလိုက်မယ် . . ခြူးခြူးကတော့ . . မောင်လေး ဟိုမှာ အိမ်ဝယ်ပြီးမှ ဖုန်းဆက်လိုက်လေ . . မမနဲ့နောက်မှ လိုက်လာခဲ့လိုက်မယ် . . . ”

ခရေဝင်းရဲ့ရင်ဘတ်ကို ဝိတ်ပြားတွေနဲ့ လှမ်းလှမ်းပစ်နေသလိုမျိုး ခံစားလိုက်ရတယ်။ မြန်မြန် မင်္ဂလာခန်းမရောက်လိုက်ပါတော့လို့သာ ရင်ထဲက ကြိတ်ဆုတောင်းနေလိုက်သည်။ မမသက်ရဲ့မျက်နှာကတော့ ပြုံးလို့ပျော်လို့ . . အေးပေါ့လေ . . အောင်နိုင်သူတို့အပြုံးဆိုတာ . . ခုမှ လက်တွေ့ခရေဝင်း မြင်ရတော့သည်။

“ဩော် . . ဒီက ညီမ . . သတင်းစာထဲမှာ တွေ့အောင်လွှာထည့်ရင် . . ဘယ်လိုထည့်ပေးရမယ်ဆိုတာ . . ညွှန်တဲ့ ဆိုင်

www.burmeseclassic.com



ရောက်ရင် ပြန်ပြီးဖုန်းဆက်ပေးဦးနော် . . .”

“ဟုတ် . . ကဲ့ . . . ရှင့် . . .”

မင်္ဂလာဆောင်မည့် ဟိုတယ်ရှေ့အရောက် အိခနဲကားက ထိုးရပ်လိုက်သည်။ ဟိုတယ်မှအဲယားကွန်းရဲ့အအေးအရှိန်က ခရေဝင်းရဲ့ချွေးပြန်နေသော အပူမျက်နှာလေးကို လာရောက်ကလူကျီစယ်လိုက်သည်။ ဘုရား . . ဘုရား . . ကြီးကျယ်ခမ်းနားပြီး များစွာသောလူတွေကို တွေ့လိုက်ရတော့ . . ခရေဝင်း ကားပေါ်က မဆင်းရဲ . . အလိုလို စိတ်ထဲက သိမ်ငယ်သလိုမျိုး ခံစားလိုက်ရသည်။ ရိုက်လိုက်တဲ့ဓာတ်ပုံတွေကလည်း တဖျတ်ဖျတ်နဲ့ . . ဘေးက မီးတွေထိုး . . မှန်တွေထိုးနဲ့ . . ဗီဒီယိုကင်မရာကလည်း . . မှတ်တမ်းရိုက် . . ခြေလှမ်းတွေ . . ဘယ်ကစလှမ်းရမှန်းတောင် မသိတော့ဘူး . . မျက်လုံးလေး ကလယ် . . ကလယ်နဲ့ . . . .

“မမသက် . . သတို့သား၊ သတို့သမီးရောက်ပြီဆိုရင် . . တီးဝိုင်းစလိုက်တော့မယ်နော် . . .”

“အေး . . အေး . . .”

“ဟဲ့ . . ဟဲ့ . . ရေခဲမုန့်တွေ လောက်ပါ့မလား . .”

“ဟိုမှာ . . စနိုးပိုက်က ကိုမောင်မောင်ဦးတို့လင်မယား . . . သွားကြိုလိုက်ဦးလေ . . . ဩော် . . ကိုသန်းဦး . . မဝေ . . ကျေးဇူးပဲနော် . . ထိုင်ပါ . . ထိုင်ပါ . . .”

တီးဝိုင်းက ပျံ့လွင့်လာသော တေးသီချင်းသံတွေ၊ တီးဝိုင်းက မြူးဇစ်သံတွေ၊ လူတွေရဲ့ စကားပြောသံတွေ၊ ဘာဆို ဘာမှ မမြင်ရ . . မကြားရ . . ခရေဝင်း တောင်ကြည့်မြောက်ကြည့်နဲ့ ဘာလုပ်လို့ ဘာကိုင်ရမှန်း မသိ။ ပူနွေးသောမျက်ရည်တွေသာ

www.burmeseclassic.com

www.burmeseclassic.com



ပါးပြင်ပေါ် တလိမ့်လိမ့်ကျလာသည်။ ရုပ်ရှင်တွေ၊ ဗီဒီယိုဇာတ်ကားတွေထဲက စိတ်ကူးယဉ်သလိုမျိုး ငါသာ . . သတို့သမီးဖြစ်လိုက်ရင် သိပ်ကောင်းမှာပဲဆိုတဲ့ အတွေးမျိုးနဲ့ . . သတို့သမီးခြုံးခြုံးကို ငေးမောကြည့်နေလိုက်သည်။

"ခရေ . . ."

တိုးညှင်းသောလေသံနဲ့ မသိမသာအနားကပ်လာပြီး . . ထူးဇော်ခေါ် လိုက်သည်။ ခရေဝင်း တုန်တုန်ရင်ရင်ဖြစ်သွားပြီး လှည့်တော့မကြည့်ရဲ . . မမသက်က အဝေးကနေပြီး မိတ်ကပ်အခန်းကို လှမ်းလှမ်းကြည့်နေသည်။

"ခရေ . . ."

"ရှင် . . ."

"ရေခဲမုန့်စားမလား . . ကိုဇော် ယူပေးမယ် . . ."

"မ . . မစားပါဘူး . . ကျွန်မ . . ကျွန်မ . . ရင်တွေအရမ်းပူနေလို့ပါရှင် . . . ပြီးတော့ အနားကို . . မလာပါနဲ့လို့ . . ကျွန်မ . . တောင်းပန်ပါရစေ . . ."

ရင်ထဲ လှိုက်လှိုက်တက်လာပြီး . . ငိုချင်သလိုဖြစ်လာသည်။ ငိုချင်တာမှ အားရပါးရကြီးကို ငိုပစ်လိုက်ချင်တာ . . မရတော့ဘူး . . ရေအိမ် (Toilet) ဘက်ပြေးပြီး အားရပါးရ ငိုချပစ်လိုက်တယ်။

ဆင်းရဲခြင်းဆိုတဲ့ ဝေါဟာရဟာ ဘယ်အရာမှ မကောင်းပါလား . . အတိတ်ကံမကောင်းတော့ ဒီဘဝ၊ ဒီမျှနဲ့ပဲ တွေ့နပ်လိုက်ပါတော့လို့ . . ခရေဝင်း ဇေဆင်ကြွေဇလုံလေးကို ကိုင်ပြီး တစ်ယောက်တည်း အရှုံးသဖွယ် တဖွဖွနဲ့ရေရွတ်နေလိုက်တယ်။

"မေမေရယ် . . သမီးရဲ့ဘဝကို ဘယ်လို အဆုံးသတ်ရ



www.burmeseclassic.com

www.burmeseclassic.com



မှန်းတောင် မသိရတော့ပါလား . . . ”

မင်္ဂလာအခမ်းအနားစပြီ . . အခမ်းအနားမှူး . . ဦးရန်ပိုင်စိုးရဲ့ စကားတွေ၊ ပြီးတော့ အဆိုတော် မခိုင်ဝါရဲ့ အခါတော်ပေးသီချင်း . . သတို့သား၊ သတို့သမီး ခန်းမထဲကို စလို့ဝင်လာပါပြီ . . ခရေဝင်း . . အဲဒီမြင်ကွင်းကြီးကို မကြည့်နိုင်တော့ . . . မိတ်ကပ်လိမ်းတဲ့ အခန်းထဲပြေးဝင်ပြီး ထိုင်ငိုနေလိုက်သည်။ တစ်သက်တာအရှုံး . . စာမျက်နှာတစ်ဝက်တောင် မပြုံးနိုင်တော့ပါဘူး . . ရှင်ရယ် . . . ။

တိတ်ဆိတ်သွားပြီး ကုလားထိုင်တွေသိမ်းနေတဲ့အသံ။ စားပွဲခင်းတွေခါပြီး ခေါက်နေတဲ့အသံ။ မျက်နှာကြက်က တစ်ဖျတ်ဖျတ်နဲ့လည်နေသော ပန်ကာအသံ။ အဲယားကွန်းရဲ့ အေးစက်နေတဲ့ဒဏ်တွေကလွဲလို့ . . ကျန်တာ ဘာဆိုဘာမှမရှိတော့ . . ဘုရားသဘောလေးဆောင်ပြီး ကြည့်မယ်ဆိုရင်တောင် ခုနကနာရီပိုင်းလေးအတွင်း ဂီတသံ၊ လူသံတွေ ဆူညံပွက်လောရိုက်နေပေမယ့် . . . ခုတော့ဖြင့် သောင်ပြင်မှာတင်နေတဲ့ အမှိုက်သရိုက်တွေကို ပင်လယ်ရေလှိုင်းက သယ်ယူသွားသလိုမျိုး . . . ။

ခရေဝင်း မိတ်ကပ်ဘောက်စ်လေးကိုကိုင်ပြီး လေးလံသောခြေထောက်တွေနဲ့ ပလက်ဖောင်းပေါ်မှာ တစ်ယောက်တည်း အသိစိတ်ကင်းမဲ့စွာနဲ့ ဦးတည်ရာမရှိ လျှောက်လို့နေမိသည်။ မျက်နှာပေါ်ကို ရေစက်လေးတွေနည်းရာမှ များစွာကျလာတော့မှ . . .

“ဩော် . . မိုးရွာလာပြီပဲ . . . ”

ဘေးက ဖြတ်သွားတဲ့ဆိုင်ကယ်လေးတွေကို တွေ့လိုက်တိုင်း ကိုဇော်များဖြစ်နေမလား . . ကားတွေဖြတ်သွားတိုင်း



www.burmeseclassic.com

www.burmeseclassic.com



ကိုဇော်များ ဖြစ်နေမလားဆိုတဲ့ အတွေးလေးနဲ့ မိုးရေထဲမှာ ရပ် . . ရပ်ပြီးကြည့်နေလိုက်မိသေးတယ်။

"ဟင် . . တကယ်ကြီးပါလား . . ."

ကိုဇော်ရယ် . . သူစီးသွားတဲ့ကားပေါ်က ခုန်ချလိုက်တယ် . . တံခါးကြီးကပွင့်လို့ . . ခပ်လှမ်းလှမ်းမှာ ကားကရပ်သွားတယ် . . ကိုဇော်ကတော့ သတို့သားဝတ်စုံကြီး ကိုးလို့ကန့်လန့်နဲ့ခြေပစ်လက်ပစ်ကြီး ပြုတ်ကျကာ လမ်းဘေးကားပလက်ဖောင်းနဲ့ ခေါင်း မိတ်ဖွဲ့လိုက်တာများ . . သွေးတွေက ဖြာခနဲပဲ . . ခရေဝင်း မျက်နှာလွှဲလိုက်တယ်။

"အမလေး . . သေပါပြီ . . ."

ပြီးတော့မှ မကြည့်ရဲ ကြည့်ရဲနဲ့ ရင်တုန်စွာ လှမ်းကြည့်လိုက်တော့ ကိုဇော် . . သွေးသံတရဲရဲနဲ့ ခရေဝင်းဆီ ပြေးလာတယ် . . . ဘုရား . . ဘုရား . . ကိုဇော်မှဟုတ်ရဲ့လားဆိုပြီး မျက်လုံးတွေကို ပွတ်သပ်ကြည့်လိုက်တော့ . . .

"ကျွီ . . . ဘယ်သွားမှာလဲ . . ."

"ရှင် . . ."

"ဘယ်သွားမှာလဲလို့ မေးနေတာလေ . . ."

"ကျွန်မ . . . ကျွန်မ . . ."

"ခြွှဲ် . . . ဒုက္ခပါပဲ . . ခင်ဗျားပဲ ကားတားပြီးတော့ . . အူကြောင်ကြောင်နဲ့ဗျာ . . ."

ပြောလည်းပြော . . Taxi ကားသမား ဝေါခနဲမောင်းထွက်သွားတယ် . . .။

ကိုဇော်လည်း မဟုတ်ဘူး . . ငါ . . ငါ . . တားတာမိလို့လား . . ဘာတွေလဲ . . ငါ စိတ်တွေ ဘယ်ရောက်နေတာလဲ



www.burmeseclassic.com

www.burmeseclassic.com



. . ဒါဆို . . ခုနက . . ခုနက . . .

"သမီးရယ် . . ရေတွင်း . . မတူးစမ်းပါနဲ့ . . ရေတွင်းဆိုတာမျိုးက . . တူးရင်း . . တူးရင်းနဲ့ . . ဟိုး . . မြေကြီးအောက်ထဲ ရောက်ရောက်သွားတာ . . တွင်းကနက်လေ . . လူက အောက်ရောက်လေပဲ . . . အုတ်စီတဲ့လူကိုကြည့်စမ်း . . အုတ်က မြင့်လာလေ . . . လူက မြင့်လာလေပဲ . . ဘဝဟာလည်း ဒီလိုပဲ သမီးရဲ့ . . . "

မေမေ့ရဲ့စကားသံတွေ ပြန်လည်ပြီး ကြားယောင်လာတယ် . . ကားဆိုတာ သူ့လမ်းနဲ့သူမောင်းနေတာ . . ယာဉ်စည်းကမ်းအတိုင်း မမောင်းရင် . . လိုရာကို ဘယ်လာရောက်နိုင်တော့မှာလဲ . . . ။

မိုးရေထဲ ပလက်ဖောင်းပေါ် ငုတ်တုတ်လေးထိုင်ပြီး မိတ်ကပ်ဘောက်စ်လေးကို ငေးကြည့်နေသူကတော့ မိတ်ကပ်သမားလေး ခရေဝင်းရယ်ပါ . . ကိုဇော်တို့ဇနီးမောင်နှံ ရိုးမြေကျပေါင်းနိုင်ကြပါစေ . . လို့ ဆုတောင်းပေးရင်းနဲ့ ခဏတာ မက်လိုက်ရတဲ့ တစ်ခါသုံး အိပ်မက်ကလေးပါ . . တစ်ခါသုံး အိပ်မက်ကလေးရယ်ပါရှင် . . . ရယ် . . . တို့ . . .

[illegible]

[illegible]

[illegible]

[illegible]

www.burmeseclassic.com